ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် အင်္ဂါနေ့။ Tuesday, 21 March 2017 (၈၈၇၂)

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးအား သမ္မတအိမ်တော်၌ ဂုဏ်ပြုကြိုဆို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဖိလစ်ပိုင်သမ္မတသည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

**အပြန်အလှန်မိတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးသည်။

ယင်းနောက် ဖိလစ်ပိုင်သမ္မတသည် နိုင်ငံတော်သမ္မတအိမ်တော်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

# ဖိလစ်ပိုင်သမ္မတက လူသားချင်းစာနာထောက်ထားမှု အကူအညီ အမေရိကန်ဒေါ်လာ သုံးသိန်းလှူဒါန်း

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဖိလစ်ပိုင်သမ္မတတို့ သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍနှင့် ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အပါအဝင် စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအကူအညီပေးရေး၊ ရခိုင်ပြည်နယ်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန် ဆွေးနွေးကြသည်။

**လူသားချင်းစာနာမှုကူညီ**

တွေ့ဆုံပွဲအပြီးတွင် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကယားပြည်နယ်တို့၏ ပထမတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# ဒီမိုကရေစီ စီးပွားရေးစနစ်ကို လုပ်ငန်းရှင်များနှင့် လက်တွဲဖော်ဆောင်

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်လျက်ရှိသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိပြီး မလိုအပ်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို လျှော့ချဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အတွက် အရေးကြီးသော စီးပွားရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းများ လုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ခွဲဝေလုပ်ကိုင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ဘဏ္ဍာရေးအခြေအနေနှင့် ကြီးမားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေရသောကြောင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတချို့ကို လတ်တလောရပ်ဆိုင်းပြီးနောက် ထိုလုပ်ငန်းများကို စိတ်ဝင်စားသော လုပ်ငန်းရှင်များအား လွှဲပြောင်းပေးရန်ကိစ္စများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေခြင်းသည် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးများ လျော့ကျခြင်းကိုဖြစ်စေရုံသာမက တိုင်းပြည်အတွက် အရေးကြီးသော အခြားလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုပီပြင်စွာ အကောင်အထည်ဖော်လာနိုင်မည်ဟု ဆိုနိုင်သည်။

ထိုသို့ ပုဂ္ဂလိကလုပ်ငန်းများသို့ လွှဲပြောင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ပြီးစလွယ် ဆောင်ရွက်ပေးခြင်းသဘောမဟုတ်ဘဲ လွှဲပြောင်းလုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့်သူ၊ အမှန်တကယ်အောင်မြင်အောင် လုပ်ကိုင်နိုင်မည့် လုပ်ငန်းရှင်များအား စနစ်တကျစိစစ်ရွေးချယ်ပြီး လွှဲပြောင်းပေးအပ်မှုပြုလုပ်မည်ဖြစ်၍ အဆိုပါနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဘဲ ပြန်လည်ရှင်သန်လာကာ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းဖြစ်လာနိုင်သည်။

လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်ဆောင်ရွက်ရန် စီမံခြင်းဖြစ်၍ လက်ရှိလုပ်ကိုင်နေသော ဝန်ထမ်းများအတွက်လည်း အလုပ်လက်မဲ့ဖြစ်စေနိုင်မည့် စိုးရိမ်ပူပန်ဖွယ်ဖြစ်နိုင်စရာမရှိဟု မျှော်လင့်ရသည်။ ဝန်ထမ်းများအနေဖြင့် အလုပ်ရှင်ကျေနပ်နှစ်သက်နိုင်သော ကျွမ်းကျင်မှုအရည်အသွေးနှင့် လုပ်ရည်ကိုင်ရည်များရှိထားရန်သာ လိုအပ်သည်။

လက်ရှိတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအချို့မှာ အရှုံးပေါ်နေသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့အရှုံးပေါ်ခြင်းမှာ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီသော ထုတ်ကုန်များကို မထုတ်လုပ်နိုင်ခြင်း၊ ခေတ်နှင့်အညီ တီထွင်ဆန်းသစ်မှုအားနည်းခြင်း၊ နိုင်ငံတကာနှင့်ယှဉ်၍ အရည်အသွေးပြည့်မီအောင် မထုတ်လုပ်နိုင်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ်ဆန်ဆန် မလုပ်ကိုင်နိုင်ခြင်း၊ စီးပွားရေးစီမံခန့်ခွဲမှုစနစ် အားနည်းခြင်းတို့ကြောင့်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် အဆိုပါစီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများပြဋ္ဌာန်းကျင့်သုံးပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသို့ လွှဲပြောင်းပေးသင့်သည်ဟု သုံးသပ်ထားကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အစိုးရပိုင်းအနေဖြင့် အရေးကြီးသောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သင့်ပြီး အခြားစီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်စေရမည်သာဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမှန်တကယ်လုပ်ကိုင်နိုင်သော၊ လုပ်ကိုင်တတ်သော လုပ်ငန်းရှင်များအား ခွဲဝေလုပ်ကိုင်ခွင့်ပြုရမည်သာ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု လုပ်ငန်းများတွင်သာ အဓိကလုပ်ကိုင်ကြပြီး စီးပွားရေးလုပ်ငန်းများအားလုံး ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ကိုင်ကြသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအချို့ကို လာမည့်သုံးလမှ ခြောက်လအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များထံ လွှဲပြောင်းပေးရန်စီစဉ်နေသည်ဟု သိရပြီး အများစုမှာ စက်မှုဝန်ကြီးဌာနမှ အရှုံးပေါ်နေသော စက်ရုံ၊ အလုပ်ရုံများဖြစ်ကြသည်။ ယင်းလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များသာမက ပြည်ပမှလုပ်ငန်းရှင်များကိုပါ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုသွားမည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ ပြည့်ဝမ်းဗိုက်ဟုခေါ်ဆိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို စနစ်တကျလွှဲပြောင်း လုပ်ကိုင်စေခြင်းဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည့် လမ်းကြောင်းမှန်ပေါ်ရောက်အောင် လျှောက်လှမ်းရမည်သာဖြစ်သည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကွန်ပျူတာနည်းပညာ ပြန့်ပွားရေး သင်တန်းဆင်း

**သန်လျင် မတ် ၂၀**

သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ကွန်ပျူတာ နည်းပညာ ပြန့်ပွားရေး သင်တန်းဆင်းပွဲကို မတ် ၁၆ ရက်က သူဌေးကွင်းကျေးရွာ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ထူးချွန်သူသင်တန်းသားသုံးဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေကြောင်းခရီးသည်တင်ရေယာဉ်များပြေးဆွဲမှု အန္တရာယ်ကင်းရှင်းရေး ဆွေးနွေး

**ပုသိမ် မတ် ၂၀**

ပြည်တွင်းရေကြောင်း ခရီးသည်တင်ရေယာဉ်များပြေးဆွဲမှု အန္တရာယ်ကင်းရှင်းရေးကြိုတင်လုပ်ငန်း စီမံဆောင်ရွက်မှုများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရေယာဉ်များစနစ်တကျပြေးဆွဲရေး၊ ကြီးကြပ်မှုလုပ်ငန်းကော်မတီဝင်များ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများ တွေ့ဆုံပွဲကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ မဟာဗန္ဓုလလမ်း ပုသိမ်ဟိုတယ် ပတ္တမြားခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဗဟိုအတွင်းရေးမှူး(ညွှန်ကြားရေးမှူးချုပ်) ဦးမောင်မောင်ဦးက အမှာစကားပြောကြားခဲ့ပြီး အောက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများဌာနခွဲ ညွှန်ကြားရေးမှူး ဦးသာဌေးက ရေကြောင်းခရီးသည်တင်ရေယာဉ်များပြေးဆွဲမှု အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှု၊ စက်ပိုင်းဆိုင်ရာ ယာဉ်မောင်းများ ရေဘေး၊ လေဘေးကျွမ်းကျင်တတ်မြောက်အောင်မြင်သူများဖြစ်ရေး၊ ရေယာဉ်ပိုင်ရှင်များက သက်ဆိုင်ရာတိုင်းဒေသကြီး၊ မြို့နယ် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီမှ ချမှတ်သောစည်းမျဉ်း၊ စည်းကမ်းများညီညွတ်နှိုင်းတိုင်ပင် လိုက်နာမှုရှိရေး ဆွေးနွေးခဲ့သည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးရန်နောင်ကျော်က တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းပြီးသော မြို့နယ် ၁၈မြို့နယ်မှ လုပ်ငန်းကော်မတီဝင်များ၊ ရေယာဉ်ပိုင်ရှင်များနှင့် ဒေသအလိုက် ရေယာဉ်ပြေးဆွဲမှု စနစ်တကျရှိစေရေးအတွက် တွေ့ကြုံရသော အခက်အခဲများကို ပွင့်လင်းမြင်သာစွာ အပြန်အလှန် ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ ဖွဲ့စည်းပြီးသော တိုင်းဒေသကြီးနှင့်မြို့နယ် ရ. စ. က လုပ်ငန်းကော်မတီဝင်များ၊ ရေယာဉ်ပိုင်ရှင်များ၊ ပုသိမ်မြို့ပေါ်ရှိ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ အပါအဝင် အင်အား ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၀**

ရန်ကုန်(ရွှေဈေး) ၈၉၆၅၀၀ - ၈၉၆၅၀၀ မန္တလေး(ရွှေဈေး) ၈၉၆၅၀၀ - ၈၉၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
| --- | --- | --- | --- |
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၁၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၄၅ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
| --- | --- | --- | --- | --- |
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၄.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၂၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၁၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၀၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၀၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၈.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၅၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၉.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂.၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ


စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၃၊ ကြော်ငြာ ၀၁-၃၉၇၇၃၁၊ ဖက်စ် ၀၁-၂၀၁၃၃၅




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်း လှူဒါန်းစဉ်။** (သတင်းစဉ်)

**ရွှေဖုံးမှ**

ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းလှူဒါန်းခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာ အောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဖိလစ်ပိုင်သမ္မတ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဖိလစ်ပိုင်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီး Mr. Ales Chua နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

**(သတင်းစဉ်)**

❖



# အထွေထွေရောဂါကု ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၁၉)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညီလာခံ၌ ခင်းကျင်းပြသမည့် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် အသိပေးထားကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာအက အခြေခံကဗျာလွတ်အက(ပထမအဆင့်)ဆင့်ပွားနည်းပြသင်တန်းဖွင့်

**နေပြည်တော် မတ် ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် "ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း" အစရှိသော မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံး၏ ရိုးရာအကများမှာ သံစဉ်၊ ဘာသာစကား၊ ဟန်ပန်ကွဲပြားသော်လည်း ကဗျာလွတ်သင်ရိုးများ၌ပါသည့် "ခေါင်း၊ ခါး၊ ခြေ၊ လက်" ထဲမှာ တစ်စုတစ်စည်းတည်း ရှိနေကြောင်း၊ ကဗျာလွတ်အခြေခံကကွက်များကို ပိုင်နိုင်ကျွမ်းကျင်ပါက သကြ်န်ယိမ်းအကမှအစပြု၍ အခြားမည်သည့်အကကိုမဆို လွယ်ကူစွာ သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ ကဗျာလွတ်၏ အဓိပ္ပာယ်မှာ ဗုံနှင့် စည်းဝါးတီးချက်ကိုသာ အားပြုသင်ကြားခြင်းနှင့် တေးကဗျာစာသားမပါဘဲ တေးကဗျာစာသား လွတ်ကင်းနေခြင်းတို့ကိုအကြောင်းပြု၍ အမည်ပေးတင်စားခေါ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံကဗျာလွတ်အကကို တတ်မြောက်ခြင်းသည် အကအားလုံး၏ အခြေခံကို သိရှိနားလည်ခြင်းဖြစ်ကြောင်း မှာကြားသည်။



သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ အခြေခံပညာ ကျောင်းဆရာ ဆရာမ စုစုပေါင်း ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၂၀ ရက်မှ ၂၉ ရက်အထိဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စီးပွားရေးမူဝါဒ ၁၂ ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဦးတင်ထွန်း၊ ဦးအေးမောင်စိန်တို့က နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန်ရည်ရွယ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်နိုင်ရန် မျှော်မှန်းပါကြောင်းနှင့် နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်ကို မူဝါဒတစ်ချက်ချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက မိမိတို့ဌာနနှင့် သက်ဆိုင်သည့်အချက်များကို ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။


**(ပြန်/ဆက်)**

**ကျောဖုံးမှ**

ဧရာဝတီအသင်းက ၁၄ မှတ်၊ ဖွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁မှတ်၊ မကွေးအသင်းက ၁၀မှတ်၊ နေပြည်တော်အသင်းက ရှစ်မှတ်၊ Southern၊ ချင်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့က ခုနစ်မှတ်စီ၊ GFA အသင်းက ငါးမှတ်တို့ ရရှိထားသည်။ MNL ပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ဧပြီ ၁ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-အောင်ဇေ**

# တရုတ်သမ္မတနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပေကျင်းတွင် တွေ့ဆုံဆွေးနွေး



**ပေကျင်း မတ် ၂၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်က ဒေသတွင်းပြဿနာများကို နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရန် လိုအပ်ကြောင်း အလည်အပတ်ခရီးရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တီလာဆန်ကို ပြောကြားသည်။

ရှီကျင့်ဖျင်နှင့် တီလာဆန်တို့သည် ၎င်းတို့၏ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုကို တနင်္ဂနွေနေ့က ပေကျင်းမြို့တွင် ကျင်းပခဲ့သည်။

ရှီကျင့်ဖျင်က ၎င်းအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် ဖုန်းဆက်သွယ်ပြောဆိုမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအပြုသဘောဆောင်သော ဆက်ဆံရေး ခေတ်သစ်တစ်ခု ထူထောင်နိုင်ရန် မျှော်လင့်နေကြကြောင်း ပြောကြားသည်။

နှစ်နိုင်ငံ စိတ်ဝင်စားမှုများသည် ပိုမိုအလှမ်းကွာခြားနေပြီး ပူးပေါင်းဆောင်ရွက်ခြင်းသာလျှင် မှန်ကန်သည့် ရွေးချယ်မှုဖြစ်ကြောင်း ရှီကျင့်ဖျင်၏ ပြောဆိုချက်ကို တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ကိုးကားဖော်ပြသည်။

မြောက်ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများကို ရည်ညွှန်းလျက် ဒေသတွင်းကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရေးတကြီးလိုအပ်နေကြောင်း ရှီကျင့်ဖျင်က ဆက်လက်ပြောကြားသည်။

နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုသည် အမေရိကန်နှင့် တရုတ် အပြန်အလှန် နားလည်ယုံကြည်မှုတည်ဆောက်ရာတွင် အထောက်အကူပြုမည်ဖြစ်ပြီး ဆက်ဆံရေးခိုင်မာအားကောင်းစေရန်နှင့် အနာဂတ်ဆက်ဆံရေးထူထောင်ရန်အတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း တီလာဆန်က ပြောကြားသည်။ သမ္မတဒေါ်နယ်လ်ထရန့်သည် တရုတ်သမ္မတနှင့်တွေ့ဆုံကာ ထိပ်သီးဆွေးနွေးပွဲတစ်ခု ကျင်းပသွားရန်ဆန္ဒရှိနေကြောင်း တီလာဆန်က ရှီကျင့်ဖျင်ကို ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ဂျပန်-အီးယူ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး မာကယ်လ်နှင့် အာဘေးတို့ တိုက်တွန်း

**ဟန်နိုဗာ မတ် ၂၀**



ဂျပန်နိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ) အကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ် လျင်မြန်စွာ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းသင့်ကြကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့က တိုက်တွန်းလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံသို့ ရောက်ရှိနေသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဝန်ကြီးချုပ်မာကယ်နှင့်အတူ ဟန်နိုဗာမြို့၌ ကျင်းပသော ဆီဗစ်နည်းပညာပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ယင်းသို့တိုက်တွန်းခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံ ဘာဒင်-ဘာဒင်မြို့၌ နှစ်ရက်ကြာကျင်းပခဲ့သော စက်မှုဖွံ့ဖြိုးပြီး နိုင်ငံ ၂၀ အုပ်စု (ဂျီ-၂၀) ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများ၏ အစည်းအဝေးအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်၌ နိုင်ငံတကာလွတ်လပ်သော ကုန်သွယ်ရေးအား မြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြမည်ဟူသော ကတိကဝတ်ကို ချန်လှပ်ခဲ့သည့် အနေအထားရှိခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု၏ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို အရိပ်အမြွက်ရည်ညွှန်းလျက် ဝန်ကြီးချုပ်နှစ်ဦးတို့က အသီးသီးမှတ်ချက်ပြုပြောကြားကြသည်။

လွတ်လပ်စွာ ကုန်သွယ်ရေး၊ နယ်စပ်ဒေသများ ဖွင့်ပေးရေးနှင့် ဒီမိုကရေစီ စံနှုန်းများမြှင့်တင်ရေးဟူသော အကြောင်းခြင်းရာများနှင့် ပတ်သက်၍ နိုင်ငံများအကြား စောဒကတက် ပြောဆိုကြရသည့် ကာလတွင် ဂျပန်နှင့်ဂျာမနီနိုင်ငံတို့အနေဖြင့် နောက်ထပ်စောဒကတက်လိုခြင်း မရှိကြတော့ကြောင်း၊ ပြည်သူတို့၏ အနာဂတ်ဘဝ ပိုမိုတောက်ပြောင်လာစေရေး မျှော်မှန်းချက်ဖြင့် အနာဂတ်ဘဝကို ပုံဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မာကယ်လ်က ပြောကြားသည်။

ဂျီ-၂၀ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဂျာမနီနိုင်ငံက လွတ်လပ်စွာ ကုန်သွယ်ရေး၊ နယ်စပ်ဒေသများ ဖွင့်ပေးရေး၊ ဒီမိုကရေစီစံနှုန်းများ မြှင့်တင်ရေးဟူသော အခြေခံမူများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မာကယ်လ်က ဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း မာကယ်လ်က မြို့တော်ဝါရှင်တန်တွင် မတ် ၁၇ ရက်က သမ္မတဒေါ်နယ်လ်ထရန့်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ပြောကြားခဲ့သည်။

**ရိုက်တာ။**

# တီထွင်ဆန်းသစ်မှုများ တိုးတက်ဖြစ်ပေါ်လာစေရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်နိုင်ရေး တရုတ်နိုင်ငံအလေးပေး

**ပေကျင်း မတ် ၂၀**

တီထွင်ဆန်းသစ်သော လှုပ်ရှားမှုများ တိုးတက်ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့ဖြစ်သော အခြေခံစီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်စေရန်လည်းကောင်း တရုတ်နိုင်ငံက ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ကျန်ဂေါင်းလီက ပြောကြားလိုက်သည်။

အမျိုးသားစီးပွားရေးဘဝတွင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့မှာ အခြေခံအုတ်မြစ်အဖြစ် ရပ်တည်နေပြီး ယင်းကဏ္ဍများ အစွမ်းကုန်ဖွံ့ဖြိုးလာစေရေးအတွက် မိမိတို့ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ ကျင်းပလျက်ရှိသော တရုတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ဆွေးနွေးပွဲ (၂၀၁၇)တွင် ဒုတိယဝန်ကြီးချုပ်ဂေါင်းလီက ပြောကြားသည်။

တရုတ်နိုင်ငံသည် သိပ္ပံနည်းကျ တီထွင်ဆန်းသစ်မှုများ၏စွမ်းပကားများကို မြှင့်တင်လျက်ရှိပြီး မဟာဗျူဟာအရအရေးပါသော ထွန်းသစ်စ စီးပွားရေးလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးရေးကို အားပေးလျက်ရှိကြောင်း၊ ခေတ်မီနည်းစနစ်များဖြင့် ကုန်ထုတ်လုပ်မှုတိုးပွားစေရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် နည်းပညာအသစ်နှင့် စီးပွားရေးလုပ်ငန်းပုံစံသစ်များနှင့်အတူ သမားရိုးကျ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အသွင်ပြောင်းလဲလျက်ရှိကြောင်း ဂေါင်းလီက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံ၏ သမားရိုးကျ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ အင်တာနက်နှင့် သတင်းအချက်အလက်နည်းပညာတို့ကို တိုးတက်အသုံးပြုမည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပြီး စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို မြှင့်တင်အားပေးလျက်ရှိကြောင်း၊ ဈေးကွက်၏ မတူကွဲပြားခြားနားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ ဈေးကွက်တွင် မိမိတို့၏ ကုန်အမှတ်တံဆိပ်များ ယှဉ်ပြိုင်နိုင်မှုတိုးတက်စေရန် လက်မှုအနုပညာကို အသုံးပြုကြရန်လည်း အစိုးရအဖွဲ့က ကုမ္ပဏီများကို အားပေးသွားမည်ဖြစ်ကြောင်း ဂေါင်းလီက ဆွေးနွေးသည်။

**ဆင်ဟွာ။**

# ဒမတ်စကတ်မြို့ အရှေ့မြောက်ပိုင်းတွင် ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် သူပုန်တပ်ဖွဲ့တို့ ပြင်းထန်စွာတိုက်ခိုက်

**ဒမတ်စကတ် မတ် ၂၀**

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်၏ အရှေ့မြောက်ဘက်ဒေသ၌ ရှေ့တိုးချီတက်လာသည့် ဆီးရီးယားသူပုန်တပ်ဖွဲ့များနှင့် ဆီးရီးယား အစိုးရတပ်ဖွဲ့များအကြား မတ် ၂၀ ရက်က တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း၊ သူပုန်တပ်ဖွဲ့များသည် မတ် ၁၉ ရက်တွင် ရှေ့တိုးချီတက်လာခဲ့ရာ အစိုးရတပ်ဖွဲ့က တန်ပြန်ချေမှုန်းတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားပြည်တွင်းစစ် စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းတစ်ခုက ပြောကြားသည်။

မတ် ၁၉ ရက်တွင် လက်လွှတ်ခဲ့ရသည့် နေရာများအားလုံးကို အစိုးရတပ်ဖွဲ့က ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ဆီးရီးယားစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

စစ်လေယာဉ်များကို မြို့တော် ဒမတ်စကတ် ကောင်းကင်ယံတွင် တွေ့မြင်ရကြောင်း မျက်မြင်တွေ့ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ မတ် ၂၀ ရက် နံနက် အစောပိုင်းတွင် ဆီးရီးယားအစိုးရ တပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များ ပြင်းထန်စွာ တိုက်ခိုက်နေသည့် နေရာအနီးရှိ လမ်းများကို အစိုးရတပ်ဖွဲ့က ပိတ်ထားခဲ့သည်။

ဒမတ်စကတ်မြို့တော် အရှေ့မြောက်ပိုင်းရှိ ဂျိုဗာနှင့် အယ်လ်ကာဘွန်အရပ်



ဝန်းကျင်၌ ပြင်းထန်သော တိုက်ခိုက်မှုများဖြစ်ပွားနေကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားစစ်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# အရှေ့တီမောတွင် သမ္မတသစ်ရွေးချယ်ရေးအတွက် ရွေးကောက်ပွဲကျင်းပ

**ဒီလီ မတ် ၂၀**

အရှေ့တီမောနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူ ၇၀၀၀၀၀ ခန့်သည် သမ္မတသစ်ရွေးချယ်တင်မြှောက်ရေးအတွက် တနင်္လာနေ့တွင် ခရိုင် ၁၃ ခရိုင်ရှိ မဲရုံများသို့ သွားရောက်၍ ဆန္ဒမဲများ ပေးခဲ့ကြသည်။

သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ စုစုပေါင်း ရှစ်ဦးအနက် တစ်ဦးသည် လက်ရှိသမ္မတ တူရာမာတန်ရှေ့ခ်၏နေရာကို အစားထိုးဝင်ရောက်နိုင်မည်ဖြစ်သည်။

သမ္မတလောင်း ရှစ်ဦးအနက် ဖရီတီလင်နှင့် စီအင်န်အာရ်တီပါတီမှ ဖရန်စစ်ဆို ဂူတာရက်စ် လူ-အိုလိုနှင့် ဒီမိုကရက်တစ်ပါတီမှ ပညာရေးဝန်ကြီး အန်တိုနီ ဒီကွန်စီကို တို့နှစ်ဦးသည် ရွေးချယ်ခံရရန် ထိပ်ဆုံးမှရေပန်းစားနေသူများဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဝက်ကျော်သည် သူ့ကိုထောက်ခံသူများဖြစ်သည်ဟု လူ-အိုလိုက ခန့်မှန်းထားသည်။ "ဒီရွေးကောက်ပွဲမှာ ကျွန်တော်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု လူ-အိုလိုက ပြောကြားသည်။ နိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်သည့် အရှေ့တီမောသည် ၂၀၀၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ လွတ်လပ်ရေးရရှိခဲ့သည်။

**ဆင်ဟွာ။**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ဒေသတွင်းကျေးရွာများရှိ ရွာသူရွာသားများနှင့်တွေ့ဆုံပြီး လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

**မောင်တော မတ် ၂၀**



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်နိုင်၊ ဦးစောသလေးစောနှင့် တာဝန်ရှိသူများသည် မတ် ၁၈ ရက် နံနက်ပိုင်းက အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် ကွပ်ကဲရေးမှူးရဲမှူးချုပ် သူရစန်းလွင်၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့နှင့်တွေ့ဆုံပြီး မောင်တောဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ မောင်တောဒေသတွင်ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် မောင်တောဒေသ၏ လတ်တလောအခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ ပွင့်ဖြူချောင်း၊ ကျားခေါင်းတောင်၊ ရေတွင်းကျွန်းကျေးရွာများသို့လည်းကောင်း၊ မတ် ၁၉ ရက်တွင် ဒါးကြီးစား၊ ရေမျက်တောင်(သစ်)၊ ကြက်ရိုးပြင်၊ ပြောင်ပိုက်နှင့် ငန်းချောင်းကျေးရွာများသို့လည်းကောင်း သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ ရွာသူရွာသားများနှင့်တွေ့ဆုံခဲ့သည်။

ကော်မရှင် အဖွဲ့ဝင်များသည် မောင်တောဒေသ အောက်တိုဘာလဖြစ်စဉ်များကြောင့် ခေတ္တတိမ်းရှောင်နေရာမှ မူလနေထိုင်ရာဒေသသို့ ပြန်လည် ရောက်ရှိလာသူများကို တွေ့ဆုံရာ ၎င်းတို့မှ စိုးရိမ်ပူပန်မှုများကြောင့် နေရပ်ဒေသမှ ခေတ္တစွန့်ခွာသွားခဲ့ရသော်လည်း မိမိရပ်ရွာဒေသတွင် နေထိုင်ရသကဲ့သို့ လုံခြုံစိတ်ချရမှုနှင့် အဆင်ပြေချောမွေ့မှုမရှိကြောင်း၊ ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းကြောင့် မိမိရပ်ရွာဒေသသို့ ပြန်လည်လာရောက်နေထိုင်ရခြင်းဖြစ်ကြောင်း တင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင်များက ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စရပ်များ အဆင်ပြေစေရန် ဆောင်ရွက်ပေးမည့် အခြေအနေများ ကူညီထောက်ပံ့ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က စာရင်းဇယားများ မှန်မှန်ကန်ကန် ပြုစုတင်ပြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြုသဘောဖြင့် ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားကြသည်။

မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက လတ်တလောဆောင်ရွက်လျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးယူချုပ်နှောင်ခံထားရသူများကို မိသားစုဝင်များနှင့် တွေ့ဆုံခွင့်ရရှိရန် ကျေးရွာများအလိုက် ရက်များသတ်မှတ်ပြီး ပို့ဆောင်ရေး၊ သွားလာရေး၊ ထောင်ဝင်စာ တွေ့ခွင့်ရရေးနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ယင်းနောက်ဒေသခံ ရွာသူရွာသားများ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့ပြင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းနှင့် ဒေါက်တာဒေါ်ထားထားလင်းတို့က သက်ကြီးရွယ်အိုအမျိုးသမီးများနှင့် မိခင်များအား သီးခြားတွေ့ဆုံပြီး စိတ်-လူမှုရေးဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများအပါအဝင် လူမှုဒုက္ခ ကြုံတွေ့နေရသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုအခြေအနေများ မောင်တောဒေသတွင် ဆောင်ရွက်ပေးလျက်ရှိသည့် ရွှေ့လျားအဖွဲ့များဖြင့် ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း၊ အာဟာရကျွေးမွေးခြင်းများကို အခွင့်အရေးတစ်ရပ်အဖြစ်ခံယူ၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ထမ်းများ ကျေးရွာများအရောက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများပေးနိုင်ရန် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**အေးမြ(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က)ဦးမင်းမင်းဦး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) ဒေါ်မိမိခိုင် | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအား<br>စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်<br>ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ဌာန |
|---|---|
| (က) ပါမောက္ခဒေါက်တာခင်ဇော်<br>ဒုတိယပါမောက္ခချုပ်<br>(သင်ကြား)<br>ဆေးတက္ကသိုလ်(၂)<br>ရန်ကုန်<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (ခ) ဒေါ်သွေးသွေးချစ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်<br>တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်<br>တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |

**❖ ကျုံးမြို့ရိုးမှ**

ဆောက်လုပ်ခွင့်အား စပေါ်ငွေကျပ် သိန်း ၂၀ သွင်း၍ လေလံစနစ်ဖြင့် လျှောက်ထားခွင့်ပြုခဲ့ရာ မတ် ၁၇ ရက်အထိ ကျုံးအရှေ့ဘက်ခြမ်းတွင် ၂၀၊ အနောက်ဘက်ခြမ်းတွင် ခုနစ်ဦးနှင့် မြောက်ဘက်ခြမ်းတွင် သုံးဦး၊ စုစုပေါင်း ၃၀ လာရောက်လျှောက်ထားကြကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ကျုံးအရှေ့ဘက်ခြမ်းမှာ လျှောက်ထားသူက ပိုများနေတယ်။ မတ် ၂၃ ရက်မှာ လေလံပွဲပြီးလို့ ဒီအရှေ့ဘက်ခြမ်းမှာ မရတဲ့သူတွေ ကျန်တဲ့ကျုံးနှစ်ဖက်မှာ ပြောင်းပြီးဆောက်ချင်ရင်လည်း ခွင့်ပြုပေးမှာပါ။ မြို့တွင်းမဏ္ဍပ်တွေအနေနဲ့ကတော့ လက်ရှိမှာ ခြောက်ခုနဲ့ ကန်တော်ကြီးမှာ တစ်ခု ဆောက်လုပ်ခွင့်တင်ထားပါသေးတယ်"ဟု ၎င်းကပြောသည်။

မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းဖြစ်သော (၂၆)လမ်းတွင် (၆၆)လမ်းမှ လမ်း(၈၀)အထိ ယာဉ်မဝင်ရ သတ်မှတ်၍ မုခ်ဦးများ ပြုလုပ်ကာ အဆိုပါ (၂၆) လမ်းတစ်လျှောက်တွင် မြန်မာ့ရိုးရာရေကစားခြင်းများ ပြုလုပ်နိုင်ရန် မဏ္ဍပ်ငယ်များဆောက်လုပ်ပြီး ရိုးရာအစားအစာရောင်းချသည့် ဆိုင်များလည်း ထားရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယခုနှစ် သင်္ကြန်တွင် ခွင့်ပြုထားသည့် ကျုံးသုံးဖက်၌ တစ်ဖက်လျှင် မဏ္ဍပ်ရှစ်ခုစီ ဆောက်လုပ်ခွင့်ပြုထားပြီး ဆောက်လုပ်ခွင့်ရရှိသူများ လိုက်နာရန် စည်းကမ်းချက် ၂၆ချက်ကိုလည်း လျှောက်လွှာတွင် ဖော်ပြထားပြီးဖြစ်ရာ လေလံရရှိသူများအနေဖြင့် မလိုက်နာပါက လေလံအောင်စာရင်းကို ပယ်ဖျက်ကာ အစားထိုးလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် အိမ်ရာကွက်များ ဖော်ထုတ်နေမှု မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု

**မောင်တော မတ် ၂၀**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ ရောက်ရှိနေသော မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ဇင်ပိုင်ညာကျေးရွာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး ဇင်ပိုင်ညာနှင့်ဝါးပိတ်ကျေးရွာတို့မှ ခေတ္တနေရပ် တိမ်းရှောင်၍ မိမိနေရပ်ဒေသသို့ ပြန်လည်ရောက်ရှိလာသော ရွာသူရွာသားများကို တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒေသတွင်း ဖြစ်ပေါ်နေသော ဖြစ်စဉ်များအပေါ် သွေးထိုးလှုံ့ဆော်မှုများ ကြုံတွေ့လာရမှုအပေါ် ချင့်ချိန်သုံးသပ်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအစရှိသည့် ကိစ္စရပ်များအတွက် ပြောဆိုဆက်ဆံရာတွင် အများနားလည်လွယ်သည့် ဘာသာစကားကို တတ်မြောက်ထားရန် အထူးလိုအပ်ကြောင်း၊ တည်ဆဲဥပဒေများအရ အရေးယူခံထားရသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သော ဥပဒေ၏အကာအကွယ်ကို အပြည့်အဝရယူနိုင်ပြီး တရားရုံး အဆင့်ဆင့်မှ စစ်ဆေးပေါ်ပေါက်မှုများအတိုင်း ပြစ်ဒဏ်နှင့် လွတ်ငြိမ်းချမ်းသာခွင့်များကို ခံစားစံစားရမည်ဖြစ်ကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် စာရင်းဇယားများ မှန်ကန်တိကျစွာ ရရှိမှသာလျှင် လိုအပ်သည့်အခက်အခဲများကို ဌာနဆိုင်ရာများက ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ မှန်ကန်သောအခြေအနေနှင့် လိုအပ်ချက်များကို တင်ပြပေးသွားရန်လိုအပ်ကြောင်း။

အခက်အခဲ တစ်စုံတစ်ရာရှိပါကလည်း ကျေးရွာများတွင် ချိတ်ဆွဲထားသော အသိပေးကြေညာချက်ဆိုင်းဘုတ်များတွင် ပါရှိသည့်အချက်အလက်များအတိုင်း ဆက်သွယ်ဆောင်ရွက်ပါက ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာလ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးယူချုပ်နှောင်ခံထားရသူများကို မိသားစုဝင်များနှင့် တွေ့ဆုံခွင့်ရရှိရန် ကျေးရွာများအလိုက် ရက်များသတ်မှတ်ပြီး ပို့ဆောင်ရေး၊ သွားလာရေး၊ ထောင်ဝင်စာတွေ့ခွင့်ရရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ရွာသူရွာသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဝါးပိတ်ကျေးရွာသို့ ရောက်ရှိပြီး အောက်တိုဘာလဖြစ်စဉ်များအတွင်း အိမ်ရာဆုံးရှုံးခဲ့သည့် မိသားစုဝင်များအတွက် ပြန်လည်နေရာချထားပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် မောင်တောခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် အိမ်ရာများ ပြန်လည်ဆောက်လုပ်ပေးရန် စက်ယန္တရားကြီးများဖြင့် မြေယာပြုပြင်နေမှုကို သွားရောက် ကြည့်ရှုရာ မောင်တောမြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဝါးပိတ်ကျေးရွာတွင် မိသားစုတစ်စုစီအတွက် မြေကွက်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရွာလယ်လမ်းမကြီး၊ ရွာပတ်လမ်း၊ မောင်တော-ကြိမ်ချောင်းသွားလမ်းမကြီးနှင့် ချိတ်ဆက်ထားသည့် ရွာဝင်လမ်း တည်ဆောက်အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျေးရွာတွင် တည်ရှိသော ဘာသာရေးဆိုင်ရာအဆောက်အအုံကိုလည်း မူလအခြေအနေအတိုင်း ဆက်လက်အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့တွင် ဖွင့်လှစ်ထားရှိသည့် မောင်တောခရိုင်တရားရုံး(ဘူးသီးတောင်မြို့ရုံးထိုင်) အထူးတရားရုံး၌ အကြမ်းဖက်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူ ၄၂ ဦးကို ရုံးထုတ်စစ်ဆေးနေသည့် တရားခွင်သို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် တရားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အမှုများ မှန်ကန်၊ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)မှ အခြေခံပညာကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာ အပိုင်း(၁)

## ခိုင်ထွန်းကျော်

**"အခု ကျွန်မတို့ရဲ့ ကျောင်းသူ ကျောင်းသားများ၊ နောင်လာမယ့် ကျောင်းသား ကျောင်းသူများဟာလည်း မိမိတို့ရဲ့ကျောင်းနေတဲ့ ဘဝကို ပြန်ပြီးတော့ ကြည့်လိုက်တဲ့အခါကျရင် ကျေနပ်မှုအပြည့် အဝဖြစ်စေချင်ပါတယ်။ ကျွန်မတို့ရဲ့ ဆရာဆရာမများဟာလည်း ကိုယ့်ရဲ့အလုပ်ကို ကိုယ်ပြန်စဉ်းစားလိုက်လို့ရှိရင်၊ လုပ်ဆောင်ချက်တွေကိုပြန်ပြီးတော့ လေ့လာလိုက်ရင် ကျေနပ်မှုအပြည့်ဖြစ်စေချင်ပါတယ်။ အဲဒီလိုကျေနပ်မှုအပြည့်ရှိပြီဆိုရင်တော့ ကျွန်မတို့ရဲ့ အခြေခံပညာရေးစနစ်ဟာ စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုတွေအပေါ်မှာ အခြေခံတဲ့စနစ်လို့ ပြောနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံတစ်နိုင်ငံလုံး ယခုတွင်မက နောင်လာနောက်သား၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကျေနပ်နိုင်တဲ့၊ ဂုဏ်ယူနိုင်တဲ့၊ ကျေးဇူးတရားနဲ့ဝေဖန်နိုင်တဲ့၊ သုံးသပ်နိုင်တဲ့ ပညာရေးစနစ်ဖြစ်မယ်"**

**(၂၁၊ ၇၊ ၂၀၁၆)ရက်နေ့တွင် နေပြည်တော်၌ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်**

ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ အခြေခံပညာသင်ယူပြီးမြောက်ရေးကိုဦးတည်လျက် ပညာသင်ယူမှုအခွင့်အလမ်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။


ပညာရေးဝန်ကြီးဌာနသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ကျောင်းဆောင်သစ် ၇၆၁၆ ကျောင်းနှင့် စာသင်ခန်းအသစ် ၁၁၇၇၆ ခန်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ကျောင်းဆောင်ပေါင်း ၈၉၄၅ ဆောင်နှင့် စာသင်ခန်းပေါင်း ၁၃၅၅၅ ခန်းကိုလည်း ပြုပြင်၊ မွမ်းမံပေးနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ပညာ သင်နှစ်အတွင်း ကျောင်းပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပြီး ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

သင့်လျော်သော ဆရာ၊ ကျောင်းသား အချိုးညီမျှစေရန်အတွက် ဆရာအသစ်များတိုးမြှင့်ခန့်အပ်ခြင်း၊ အခမဲ့အခြေခံပညာရေးအကောင်အထည်ဖော်ခြင်းနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းထောက်ပံ့ကြေးများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခြင်းတို့ကိုလည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံပေးခဲ့သည့်အတွက် အခြေခံပညာသင်ယူမှုအခွင့်အလမ်းများသိသာထင်ရှားစွာ တိုးတက်မြင့်မားလာပြီး သင်ကြားသင်ယူမှုအရည်အသွေး တိုးတက်မြင့်မားလာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၂၀၁၅)တို့နှင့်အညီ ပညာရေးဝန်ကြီးဌာနက နိုင်ငံသားတိုင်း၏ အခြေခံပညာဆည်းပူးနိုင်သည့် အခွင့်အရေး၊ အခမဲ့မသင်မနေရမူလတန်းပညာရေး၊ ပညာရေးအရည်အသွေးအာမခံမှုစနစ်

**"အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ဆောင်ရွက်မည့် အခြေခံပညာကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မိဘနှင့် ကျောင်းသား ကျောင်းသူများ၏ မြင့်မြင့်မားမား မျှော်မှန်းချက်များပြည့်ဝလာစေမည်"**

ပုံ (၁၀.၁) အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းတောင်




တစ်ရပ်ပြဋ္ဌာန်းပေးနိုင်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံပညာသင်ကာလနှင့် အခြေခံပညာစံများကိုက်ညီမှုရှိစေရန်အတွက် KG+၁၂ အတန်းစဉ်ဖြင့် သင်ကြားရေး၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူရာတွင် အထောက်အပံ့ပေးရေး၊ ပညာရေးစနစ်ကိုဗဟိုချုပ်ကိုင်မှု စနစ်လျှော့ချရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်းကောင်းမွန်ရေး၊ ကျောင်းနေမြဲရေး၊ အခြေခံပညာသင်ယူမှုပြီးမြောက်ရေးနှင့် အခြေခံပညာမူလတန်းပြီးမြောက်သူများမှ အခြေခံပညာအလယ်တန်းသို့လည်းကောင်း၊ အခြေခံပညာအလယ်တန်းပြီးမြောက်သူများမှ အခြေခံပညာအထက်တန်းသို့လည်းကောင်း အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးလုပ်ငန်းစဉ်များ သိသိသာသာပိုမိုတိုးတက်၊ ပိုမိုကောင်းမွန်ရန် လိုအပ်လျက်ရှိနေပါသည်။

ထို့ပြင် ကျောင်းသားကျောင်းသူများ၏ သင်ယူမှုတိုးတက်လာစေရန် အထောက်အကူပြုပေးပြီး ကျောင်းအရည်အသွေးစံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် လေ့လာကြီးကြပ်ရမည့် လုပ်ငန်းစဉ်များတွင် အခြေခံပညာကျောင်းများ အားလုံးရှိ မိဘဆရာအသင်းများအနေဖြင့် တက်ကြွစွာပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ပေးရန်နှင့် ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိနေသေးသည်ကိုလည်း လေ့လာဆန်းစစ် တွေ့ရှိရပါသည်။

ဆင်းရဲနွမ်းပါးသည့် မိဘများမှမွေးဖွားလာသောကလေးများ၊ ဝေးလံခေါင်ဖျားကျေးလက်ဒေသနေကလေးများ၊ မသန်စွမ်းကလေးများ၊ ရွှေ့ပြောင်းမိသားစုများမှကလေးများအတွက် အခြေခံပညာသင်ယူပြီးမြောက်သည်အထိ အခွင့်အလမ်းရရှိရေးအတွက်ကိုလည်း ဆောင်ရွက်ပေးကြရဦးမည်ဖြစ်ပါသည်။

အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် လူတိုင်းအကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့်ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)တွင် အခြေခံပညာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရေးဆွဲထားပါသည်။ အခြေခံပညာကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးပြုလုပ်ရမည့် အဓိကနယ်ပယ်များမှာ-

(က) အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုနယ်ပယ်၊
(ခ) သင်ရိုးညွှန်းတမ်းနယ်ပယ်၊
(ဂ) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းနယ်ပယ်၊
(ဃ) ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုနယ်ပယ်တို့ဖြစ်ပါသည်။

အခြေခံပညာကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးပြုလုပ်ရမည့် အဓိကနယ်ပယ် (၄)ရပ်ကို ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို အမြင့်မားဆုံးတိုးတက်စေခြင်းအခြေခံမှု၊ ကျောင်းသားများ၏ သင်ယူမှုတိုးတက်ကောင်းမွန်စေရန် တက်ကြွပြီးအပြန်အလှန်တာဝန်ခံ၊ တာဝန်ယူမှုရှိစေခြင်းအခြေခံမှု၊ မြို့နယ်နှင့်ကျောင်းအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုခြင်းအခြေခံမှု၊ အခြေခံပညာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုရန် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသောနည်းလမ်းများဖော်ထုတ်ခြင်း အခြေခံမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အထက်ပါ အခြေခံမှု(၄)ရပ်ကို အခြေပြုထားသော အဓိကနယ်ပယ်(၄)ရပ်ပေါက်မြောက်အောင်မြင်စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မဟာဗျူဟာ(၃)ရပ်မှာ-မူဝါဒ၊ ဥပဒေနှင့်စနစ်များကိုအားကောင်းစေခြင်း မဟာဗျူဟာ၊ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း မဟာဗျူဟာ၊ ထောက်ခံအားပေးမှုရယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မဟာဗျူဟာတို့ ဖြစ်ပါသည်။

အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု တိုးတက်ကောင်းမွန်ရေးနှင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုများအကောင်အထည်ဖော်မှုကို ကျောင်းအုပ်များအနေဖြင့် ပံ့ပိုးပေးနိုင်ရေးတို့အတွက် ကျောင်းများနှင့်မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာမူဝါဒဖြင့် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများ၏ လုပ်ပိုင်ခွင့်များပိုမိုရရှိလာပြီး စာသင်ခန်းတွင်းသင်ကြားမှုနှင့် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။

အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ရပ်ရွာအခြေပြုကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပံ့ပိုးပေးထားသောကျောင်းများနှင့် တိုင်းရင်းသား အဖွဲ့အစည်းများ၏ ကျောင်းများ စသည့်ပညာရေးဝန်ဆောင်မှုပေးသူအမျိုးမျိုး၏ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခုကို ရှာဖွေဖော်ထုတ်ပေးခြင်းအားဖြင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရာတွင် ပညာရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးက ပိုမိုတက်ကြွစွာ ဆောင်ရွက်လာကြမည်ဖြစ်ပါသည်။

အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် မည်သည့်အရာများပါဝင်မည်၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုနှင့် စာသင်ခန်းတွင်းသင်ကြားမှုကို မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင်ပြုလုပ်မည်တို့နှင့်စပ်လျဉ်း၍ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများအနေဖြင့် နားလည်သဘောပေါက်စေရန် ဆက်သွယ်စည်းရုံးလှုပ်ရှားခြင်း၊ အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မျှော်လင့်မထားသောအတားအဆီးများကို သိရှိနားလည်ပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူတို့၏ သဘောထားအမြင်များကို လေ့လာမှု ပြုလုပ်ခြင်းတို့မှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ ထောက်ခံအားပေးမှု၊ ပံ့ပိုးကူညီမှုများပိုမိုရရှိလာမည်ဖြစ်ပါသည်။

အထက်ပါ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကိုဆောင်ရွက်မည့် အခြေခံပညာကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မိဘနှင့် ကျောင်းသားကျောင်းသူများ၏ မြင့်မြင့်မားမားမျှော်မှန်းချက်များ ပြည့်ဝလာစေမည်ဖြစ်ပြီး နောင်လာနောက်သား၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကျေနပ်နိုင်သော၊ ဂုဏ်ယူနိုင်သော၊ ဝေဖန်သုံးသပ်ခံနိုင်သောပညာရေးစနစ်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။ ။

---

### ❍ ရန်ကုန်-ဒလမှ

မြေငှား၊ မြေယာလျော်ကြေးငွေ၊ ထောက်ပံ့ကြေးငွေများ အပြီးသတ်ပေးအပ်ခဲ့ကြောင်း၊ တံတားတည်ဆောက်ရေးစီမံကိန်းစတင်နိုင်ရန်အတွက် သကြ်န်ကာလအလွန်တွင် စီမံကိန်းရုံးဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းတို့ကို စတင်ဆောင်ရွက်နိုင်ရေး စီစဉ်ထားကြောင်း တံတားတည်ဆောက်ရေးစီမံကိန်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်ဦးက အဆိုပါနေ့က ပြောကြားခဲ့သည်။

ဒလတံတား စီမံကိန်းတည်ဆောက်ရေးအတွက် ပထမအကြိမ် မြေယာလျော်ကြေးငွေကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ငွေကျပ် သိန်းပေါင်းတစ်သောင်းအား လည်းကောင်း၊ ကျန်ရှိနေအိမ်သုံးလုံးအတွက် ငွေကျပ် သိန်း ၃၉၇ ဒသမ ၉၄ သိန်းကို လည်းကောင်း ပေးအပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် တံတားဧရိယာနှင့် မလွတ်ကင်းသည့် နေအိမ်နှင့် ဈေးဆိုင်ခန်းများအား အပြီးသတ် မြေယာလျော်ကြေး၊ မြေငှားထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၄၂၁၄ ဒသမ ၉၄ သိန်း ပေးအပ်ခဲ့ပြီး အဆိုပါတံတားစီမံကိန်းနှင့် မလွတ်ကင်းသည့် နစ်နာကြေးထောက်ပံ့ငွေ စုစုပေါင်း ၁၄၆၈၂ ဒသမ ၈၈ သိန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဒလတံတားကို သံမဏိကြိုးဆိုင်း လေးလမ်းသွားတံတားကြီးအဖြစ် မကြာခင်စတင်တည်ဆောက်မည်ဖြစ်ကာ အရှည်ပေအားဖြင့် ပင်မတံတားအရှည် ၁၉၃၆ပေနှင့် တံတားအရှည် စုစုပေါင်း ၆၁၄၃ ပေ ရှိမည်ဖြစ်သည်။ တန်ချိန် ၁၅၀၀၀ ခန့်ရှိ သင်္ဘောကြီးများ ရေလမ်းကင်းလွတ်စွာသွားလာနိုင်ရန် အမြင့်ပေ ၁၆၀ ခန့်နှင့် ရေလမ်းကင်းလွတ် အကျယ် ၅၂၅ ပေ ထားရှိ ဆောက်လုပ်သွားမည်ဖြစ်ကာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်အားဖြင့် ၇၅ တန်ထိဖြစ်ကြောင်း၊ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတားကို ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးရေး ရန်ပုံငွေ (EDCFI Loan)ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်း၊ ပြည်တွင်း ရန်ပုံငွေ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း ကုန်ကျမည်ဖြစ်သည်။ ကိုရီးယားထုတ်ကုန်၊ သွင်းကုန်ဘဏ်နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်က ချေးငွေဆိုင်ရာ သဘောတူစာချုပ်ရေးထိုးခဲ့ပြီး စီမံကိန်းကာလမှာ ငါးနှစ်ကြာမြင့်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။ အဆိုပါ ဒလတံတားတည်ဆောက်ရေး အသေးစိတ်ဒီဇိုင်းအတွက် ကိုရီးယားသမ္မတနိုင်ငံ Soosoog Co., Ltd. ခေါင်းဆောင်သော J.V အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိနေပြီး စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဒလတံတားတည်ဆောက်ရာတွင် ဒလမြို့နယ်အတွက် ရေချိုပိုက်လိုင်းများပါ တစ်ပါတည်းထည့်သွင်းတည်ဆောက်မည်ဖြစ်ပြီး တံတားပြီးစီးသွားပါက ဒေသတွင်း ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ အခြေခံလူမှုအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးလာနိုင်ပြီး ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများပါ ယခင်ထက် ကုန်စည်ကူးသန်းသွားလာရေး လွယ်ကူလာမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

■

# ကာကွယ်ရေး၊ လုံခြုံရေးနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးတို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel State Meeting Room-1,Villa -1 ၌ တွေ့ဆုံကြသည်။ **(ယာပုံ)**



**တက်ရောက်**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတနှင့်အတူ Secretary of National Defence H.E. Mr. Delfin Lorenzana၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Mr. Alex Chua နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေး၊ လုံခြုံရေးနှင့်မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး



**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် Presidential Communications Operations Office Secretary (ဝန်ကြီးဖြစ်သူ) Mr.Jose Ruperto Martin Marfori Andanar နှင့်အဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် ၂၀၁၃ ခုနှစ်ကပင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဆက်လက်ဆောင်ရွက်သွားရေး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာကဏ္ဍများတွင် နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ကျင်းပမည့် အာဆီယံအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ရန်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ပုံနှိပ်နှင့်ရုပ်သံလွှင့်မီဒီယာကဏ္ဍများကို လာရောက်လေ့လာနိုင်ရေးတို့အတွက် ဖိတ်ကြားခဲ့ပြီး ပြန်ကြားရေးကဏ္ဍဆိုင်ရာနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား အလုပ်ရုံဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■

# သြစတြေးလျပညာရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၀**

သြစတြေးလျပညာရေးဆိုင်ရာ အသိပညာဗဟုသုတများ ပြန့်ပွားစေရန်ရည်ရွယ်၍ သြစတြေးလျပညာရေးဆွေးနွေးပွဲကို မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ် ကုန်းဘောင်တကောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သြစတြေးလျသံရုံးမှ တာဝန်ရှိသူများကိုယ်တိုင် တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရန်ကုန်အခြေစိုက် Bridge Blue Myanmar ပညာရေးလုပ်ငန်းစုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံက ကျောင်းသားတွေအနေနဲ့ နိုင်ငံတကာပညာရေးကိုရွေးချယ်ရာမှာ မှန်ကန်အောင်၊ ချောမွေ့အောင်၊ မလိုအပ်ဘဲ မကုန်ကျသင့်တာတွေ မကုန်ကျအောင် အခုလို ပညာရေးဆွေးနွေးပွဲကို ကျင်းပပေးခြင်းဖြစ်ပါတယ်။ တက်ရောက်သူတွေဆီကနေ ငွေကြေးတစ်စုံတစ်ရာကောက်ခံမှာ မဟုတ်ပါဘူး။ ပညာရေးအကျိုးကိုဆောင်ရွက်ပေးမှု သက်သက်သာဖြစ်ပါတယ်" ဟု Bridge Blue Myanmar ၏ တာဝန်ခံ ဦးအောင်ကျော်က ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် သြစတြေးလျတက္ကသိုလ်ကောလိပ်များအကြောင်း၊ ပညာတော်သင်ဆုများအကြောင်း၊ မြန်မာကျောင်းသားများရရှိနိုင်သည့် အခွင့်အရေးနှင့် ကျောင်းပြီးသွားသည့် နောက်ပိုင်းဆက်လက်ရရှိနိုင်သည့် အခွင့်အလမ်းများအကြောင်းနှင့် အခြားစိတ်ဝင်စားဖွယ်ပညာရေးဆိုင်ရာ ဗဟုသုတအချက်အလက်များကိုဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဇာဏီအောင်(လားရှိုး)**

# ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးနှင့်အဖွဲ့ ဆင်ဖြူတော်နှင့် ကျောက်မျက်ပြတိုက် လေ့လာ

**နေပြည်တော် မတ် ၂၀**

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Mr. EMMANUEI F.PINOL နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ခြေတော်ရင်းရှိ ဆင်ဖြူတော်ဆောင်သို့ ရောက်ရှိပြီး ဆင်ဖြူတော်များအား အစာအာဟာရ ကျွေးမွေးကြသည်။

ထိုမှတစ်ဆင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိပြီး ပြတိုက်မြေညီထပ်နှင့် အပေါ်ထပ်တို့၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**





# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၀**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြသရောင်းချပွဲတွင် ကျောက်အတွဲ တင်ပြရောင်းချခွင့်ရှိသူများနှင့် နိုင်ငံသားရတနာကုန်သည်များက နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခြင်း၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် စျေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများတွင် ထည့်သွင်းကြသည်။

ကျောက်မျက်ရတနာရောင်းချပွဲတွင် ကျောက်မျက်အတွဲ ၁၉၅ တွဲနှင့် ကျောက်စိမ်းအတွဲ ၄၄၅၄ တွဲကို ပြသရောင်းချသွားမည်ဖြစ်ပြီး ကျောက်အတွဲ တင်ပြရောင်းချသူများနှင့် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကာ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၂၂ ရက်မှစတင်၍ ပြုလုပ်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အဆိုပါပြသရောင်းချပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများက ကျောက်စိမ်း၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားမှုတို့ကို လာရောက်လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

### နိုင်ငံတော်သမ္မတမှ

မစ္စတာရိုဒရီဂိုရိုဝါ ဒူတာတေးတို့သည် နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် အာဆီယံအသိုက်အဝန်းတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၌ ဖိလစ်ပိုင်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများနှင့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Alex Chua လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဌာနတို့အကြား အစားအစာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဖိလစ်ပိုင်နိုင်ငံမှ Secretary of the Department of the Republic of the Philippines Mr. Emmanuel f. Pinol တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ အိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာရိုဒရီဂိုရိုဝါ ဒူတာတေးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ဖိလစ်ပိုင်ကိုယ်စားလှယ်များအား နောက်ထပ်တစ်ကြိမ် နွေးထွေးစွာ ကြိုဆိုရသည့်အတွက် မြန်မာပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံကို အလည်အပတ်လာရောက်သည့် ဖိလစ်ပိုင်သမ္မတကြီးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရသည့်အတွက် များစွာ ဂုဏ်ယူမိပါကြောင်း။

မြန်မာနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့် ဆက်ဆံရေးအပေါ် အမြဲတမ်း အလေးအနက်ထားရှိပါကြောင်း၊ ယမန်နှစ်က နှစ်နိုင်ငံစလုံးသည် နှစ် (၆၀)မြောက် သံတမန်ဆက်ဆံရေး ထူထောင်သည့်နှစ်အထိမ်းအမှတ်ကို ကျင်းပခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး တဖြည်းဖြည်း ခိုင်မာလာသည့်အပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

မိမိတို့အနေဖြင့် အတူတကွလက်တွဲပြီး ပို၍ ကောင်းမွန်ခိုင်မာသည့် အာဆီယံ အသိုက်အဝန်း ထူထောင်နေချိန်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာလာခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် အာဆီယံကို အောင်မြင်စွာ ဦးဆောင်နိုင်အောင် ဖိလစ်ပိုင်၏ကြိုးပမ်းမှုကို ထောက်ခံပြီး အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုမြှင့်တင်လိုသည့် ဘုံဆန္ဒနှင့် မိမိတို့ပြည်သူများ၏ ဆန္ဒကို ထင်ဟပ်သော အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ၏ "ပြောင်းလဲမှုအတွက် လက်တွဲလုပ်ဆောင်ခြင်း၊ ကမ္ဘာကြီးနှင့်ထိတွေ့ချိတ်ဆက်ခြင်းဟူသော အာဘော်" ကိုအားပေးထောက်ခံပါကြောင်း၊ အထူးသဖြင့် အပြောင်းအလဲကို ခံနိုင်ရည်ရှိသော အာဆီယံ အသိုက်အဝန်းတည်ထောင်ရာတွင် ၂၀၂၅ ခုနှစ် အာဆီယံရည်မှန်းချက်များထဲမှ အခရာကျသည့် ပြည်သူဗဟိုပြုအာဆီယံကို မိမိတို့ ထောက်ခံပါကြောင်း။


မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ၂၀၁၇ ခုနှစ်တွင် နှစ်(၅၀)ပြည့် အာဆီယံထူထောင်သည့်နှစ် အထိမ်းအမှတ် ကျင်းပရေး အတွက် ဖိလစ်ပိုင်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားပါကြောင်း။

အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မိမိတို့သည် လက်ရှိပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပါကြောင်း၊ ထို့အတူ နှစ်နိုင်ငံအကြား စားနပ်ရိက္ခာဖူလုံမှု၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ရပါကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်စီမံပြုပြင်ရေးလုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများစွာရှိသည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ ထိုအခွင့်အရေးကို ဆုပ်ကိုင်ကာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိမည့် လက်ရှိပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရာတွင် ပြည်သူပိုင်ကဏ္ဍရော ပုဂ္ဂလိကကဏ္ဍပါ ဆက်လက်ပံ့ပိုးရန် အဆွေတော်ကို မေတ္တာရပ်ခံလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဖိလစ်ပိုင်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ထို့အတူ မိမိတို့မျှော်လင့်ချက်နှင့် ဝမ်းမြောက်မှုများကို ယခုလိုမျှဝေခွင့်ရသည့်အတွက် အဆွေတော်အား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတက ယခုနှစ်သည် ဖိလစ်ပိုင်နှင့် မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးစာမျက်နှာအသစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယင်းဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာ နက်ရှိုင်းအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နှစ် ၆၀ ကျော်ကြာအောင် တည်တံ့ခဲ့သော သံတမန်ဆက်ဆံရေးသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းလာမှုအဖြစ် တွေ့မြင်နိုင်ကြောင်း၊ စိုက်ပျိုးရေး၊ အလုပ်သမားနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် သိသာထင်ရှားသော အကျိုးဖြစ်ထွန်းမှုများကို တွေ့မြင်နိုင်ကြောင်း၊ ယခုခရီးစဉ်သည် နယ်ပယ်အတော်များများတွင် ပိုမိုတိုးမြှင့်ရန် ဖိလစ်ပိုင်၏သန္နိဋ္ဌာန်ချထားမှုကို ဖော်ညွှန်းနေပါကြောင်း။

စာမျက်နှာ ၉ သို့ ✱



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





**ဂုဏ်ပြုတပ်ဖွဲ့၏**

**အလေးပြုခြင်းခံယူ**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

* စာမျက်နှာ ၈ မှ

ဖွံ့ဖြိုးဆဲတိုင်းပြည်များအနေဖြင့် တူညီပြီးရှုပ်ထွေးသော ပြဿနာများကို ရင်ဆိုင်နေရကြောင်း၊ သို့သော် ယင်းတို့ကို ရင်ဆိုင်၍ ကြောက်ရွံ့နေမည်မဟုတ်ကြောင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍတွင် မိမိတို့ရယူပိုင်ဆိုင်ခဲ့ပြီးသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ချည့်နဲ့အောင်ပြုလုပ်လာမည့် အကြမ်းဖက်ခြိမ်းခြောက်မှုများကိုဖြေရှင်းရန် နှစ်နိုင်ငံစလုံး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများတိုက်ဖျက်ရေးကို ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း၊ မူးယစ်ဆေးဝါးခြိမ်းခြောက်မှုသည် ဒေသတစ်ခုလုံးကို သက်ရောက်နေပါကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လူတိုင်းကြွယ်ဝချမ်းသာမှုကို ခံစားနိုင်စေရန် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းထားရမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်စီးပွားရေးကုမ္ပဏီများသည် မြန်မာနိုင်ငံရှိ အဓိကရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖြစ်သော ဆေးဝါး၊ အစားအသောက်နှင့် အဖျော်ယမကာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ကူညီအားပေးနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ပညာရေးအခွင့်အလမ်းများကို အသုံးပြုနိုင်ပါကြောင်း၊ မြန်မာလူမျိုး ၁၀၀ ကျော်သည် ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ဖိလစ်ပိုင်နိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့ကြပါကြောင်း၊ အရည်အသွေးတည်ဆောက်ခြင်းသည် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါကြောင်း။

ဖိလစ်ပိုင်လူမျိုး ၁၀၀ ကျော်သည် ဆရာများ၊ ရှေ့နေများ၊ အင်ဂျင်နီယာများနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတွင် လုပ်ကိုင်နေကြပြီး အိမ်ရှင်နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးနေပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံကို တိုင်ဖွန်းမုန်တိုင်း ပက်ဘလိုအပါအဝင် သဘာဝဘေးဆိုးများကျရောက်ခဲ့စဉ်က မြန်မာနိုင်ငံပြည်သူများက ထောက်ပံ့ရေးပစ္စည်းများ အချိန်မီပေးပို့ခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အခက်အခဲများကို အကူအညီပေးရန် အဆင်သင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာစားပွဲအပြီးတွင် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား သဘင်ဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဌာနတို့အကြား အစားအစာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးတို့က အနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)



# သကြ္ဍန်အမီ ဦးပိန်တံတား ကြံ့ခိုင်မှုအတွက် ယာယီပြုပြင် ထိန်းသိမ်းသွားမည်

**မန္တလေး မတ် ၂၀**

သင်္ကြန်ကာလတွင် ဦးပိန်တံတားသို့လာရောက်လည်ပတ်သူများပြားသည့်အတွက် တံတားကြံ့ခိုင်မှုရှိစေရန် ယာယီပြုပြင်ခြင်းလုပ်ငန်းများကို ငွေကျပ်သိန်း ၄၀ သုံးစွဲ၍ အချိန်မီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။


"ဦးပိန်တံတားရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းဖို့ရန်ပုံငွေလိုအပ်နေပါတယ်။ လောလောဆယ် သင်္ကြန်တွင်း တံတားကြံ့ခိုင်မှုအတွက် ယာယီပြုပြင်ဖို့ တောင်မင်းကြီးကျောင်းတိုက်ဂေါပကအဖွဲ့က တံတားပြုပြင်ဖို့လှူဒါန်းထားတဲ့ ငွေကျပ်သိန်း ၄၀ နဲ့ ဆောင်ရွက်သွားမှာပါ"ဟု ၎င်းကပြောသည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း ဦးပိန်တံတားပေါ် ဖြတ်သန်းသွားလာမှု အထူးများပြားသည့်အတွက် တံတားကြံ့ခိုင်မှုနှင့် ပြည်သူများဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်မှုများလုပ်ဆောင်ရန် အမရပူရမြို့နယ် အုပ်ချုပ်ရေးအဖွဲ့သို့ ညွှန်ကြားထားကြောင်း သိရသည်။

ဦးပိန်တံတားကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်မှစ၍ အလှူရှင် Myanmar Tea Wood ကုမ္ပဏီက ဆောင်ရွက်ခဲ့ပြီး တံတားကြီး၏ ကြံ့ခိုင်မှုအားနည်းသည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်သော်လည်း လက်ရှိတွင် ၃၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး ရပ်နားထားခဲ့သဖြင့် ဆက်လက်ပြုပြင်မှုများလုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်သွယ်မေးမြန်းထားကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဦးပိန်တံတားကြီးသည် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိနေပြီဖြစ်၍ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ဆွေးမြည့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ငါးကြိမ်တိုင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၄ သိန်း အကုန်အကျခံ၍ ပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




၂၀၁၇ ခုနှစ်၊ မတ်လ(၂၃)ရက် - ကမ္ဘာ့မိုးလေဝသနေ့




# မော်လမြိုင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**နေပြည်တော် မတ် ၂၀**

"ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ"ကို မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ မတ် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ပျော်ရွှင်မှုကို ဖန်တီးပေးရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်အရောင်းပွဲ၊ (၃၈) ဖြာ မင်္ဂလာသုတ်ရွတ်ဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ကာတွန်းပြပွဲနှင့် ပုံတူပန်းချီရေးဆွဲခြင်း၊ ပန်းချီပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများဖြင့် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်(မော်လမြိုင်)ကို ပြည်သူများပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် မော်လမြိုင်မြို့ရှိ လူစည်ကားရာနေရာများတွင် ကလေးစာပေပွဲတော် လှုံ့ဆော်ရေး မြေစိုက်ပိုစတာများစိုက်ထူထားပြီး ပြည်သူများ၏ စိတ်ပါဝင်စားမှုလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်မြို့၌ လာမည့် မတ် ၂၅ ရက်မှ စတင်ကာ သုံးရက်တာကျင်းပမည့် ကလေးစာပေပွဲတော်သည် တတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် နေပြည်တော်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်မင်းဟန် (သုတေသန)**

■

## ဇန်နဝါရီလက ကျင်းပခဲ့သည့် ကလေးစာပေပွဲတော် (မန္တလေး) ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်မြင်ကွင်း









## ပြည်တွင်းရေးရာ

# သယံဇာတအရင်းအမြစ်များ ထိရောက်စွာအသုံးချရေးနှင့် ပိုမိုသန့်ရှင်းသော ကုန်ထုတ်လုပ်မှုဖြစ်စေရေးသင်တန်း အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂၀**
မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့တို့ပူးပေါင်း၍ စက်မှု/စီးပွားလုပ်ငန်းများတွင် သယံဇာတအရင်းအမြစ်များ ထိရောက်စွာအသုံးချရေးနှင့် ပိုမိုသန့်ရှင်းသော ကုန်ထုတ်လုပ်မှုဖြစ်ပေါ်စေရေးဆိုင်ရာသင်တန်းကို အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့မှ သိရသည်။

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ဟိုတယ်များ၊ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် သယံဇာတအရင်းအမြစ်များဖြစ်သည့် လျှပ်စစ်၊ ရေ၊ ကုန်ကြမ်းများကို ထိရောက်စွာအသုံးချရေးနှင့် ပိုမိုသန့်ရှင်းသော ကုန်ထုတ်လုပ်မှုပြုခြင်းဆိုင်ရာ (Resource Efficient and Cleaner Production) သင်တန်းများကို အမှတ်စဉ် ငါးခုခွဲ၍ အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အဆိုပါသင်တန်းကို ခုနစ်လအတွင်း ၁၂ ရက်ကြာ သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ သင်တန်းများ အခမဲ့ပို့ချရာတွင် Resource Efficient and Cleaner Production Training Module 1 (အမှတ်စဉ် ၂)ကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI စတုတ္ထထပ်သင်တန်းခန်းမ၌ မေ ၃ ရက်မှ ၅ ရက်အထိ နိုင်ငံတကာကျွမ်းကျင်ပညာရှင်မှ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေးအခမဲ့ဖြင့် ပို့ချပေးမည်ဖြစ်သည်။

ယင်းသင်တန်းသို့ နိုင်ငံတကာနည်းတူ Cleaner Production နည်းပညာအသစ်များ အသုံးပြုလိုပြီး စွမ်းအင်ကုန်ကျစရိတ်ကို လျှော့ချလိုသော ဟိုတယ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ Cleaner Production and Resource Efficient နယ်ပယ်တွင် မိမိဝန်ထမ်းများကို လေ့ကျင့်ပေးလိုသော ဟိုတယ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ ISO 140001 and 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသော စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ သယံဇာတအရင်းအမြစ်များ ထိရောက်စွာ အသုံးချရေးနှင့် ပိုမိုသန့်ရှင်းသောကုန်ထုတ်လုပ်မှု ဖြစ်ပေါ်စေရေး ပညာရပ်များကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး Training Module သင်တန်းများ တက်ရောက် အောင်မြင်ပြီးပါက Cleaner Production and Energy Expert အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့မှ သိရသည်။

အဆိုပါသင်တန်းကို သင်တန်းသားဦးရေ ကန့်သတ်ထားပြီး ဆွစ်ဇာလန်နိုင်ငံသား Resource Efficient and Cleaner Production System Expert မှ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းကို အင်ဂျင်နီယာဘွဲ့ရရှိထားသူ သို့မဟုတ် Energy and Cleaner Production Management ပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ၊ အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုနိုင်သူဖြစ်ပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို email: t.phyoe@unido.orgs.myo@unido.org သို့ ပေးပို့၍လည်းကောင်း၊ ဖုန်း-၀၉၂၆၃၃၃၈၁၂၅၊ ၀၉၄၅၀၆၂၂၈၅၂ တို့သို့ ဧပြီ ၇ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့မှ သိရသည်။

**(၀၀၁)**



# ဦးပိန်တံတားရှိ ငှက်လှေများ၏ အနာဂတ် တောင်သမန်အင်းရေသန့်မှုအပေါ်မူတည်နေ

**မန္တလေး မတ် ၂၀**
ဦးပိန်တံတားရှိ ငှက်လှေများ၏အနာဂတ်သည် တောင်သမန်အင်းရေသန့်လာမှုအပေါ်တွင် မူတည်နေကြောင်း ငှက်လှေမိသားစုများက သုံးသပ်ပြောကြားလာသည်။ လက်ရှိ ဦးပိန်တံတားတွင် ငှက်လှေ ၄၆ စင်း၊ အရန်စက်လှေ ၂၁ စင်းရှိသည်။ အရန်စက်လှေများမှာ လိုအပ်မှသာ ခေါ်ယူအသုံးပြုကြသည်။ အရန်စက်လှေကို ခေါ်ယူအသုံးပြုပါက တစ်စင်းလျှင် ငွေကျပ် ၆၀၀၀ ပေးကာ ခေါ်ယူကြသည်။

၂၀၁၆ ခုနှစ်ထက် ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည်လာရောက်လည်ပတ်မှု ပိုမိုများပြားသည်။ ဦးပိန်တံတားရောက် နိုင်ငံတကာခရီးသွား ဧည့်သည်များမှာ တံတားနောက်ခံနှင့် နေဝင်ဆည်းဆာအလှရှုခင်းကို ကြည့်ရှုရိုက်ကူးမှုများ ပြုလုပ်ကြသည်။ တံတားနောက်ခံသစ်ခြောက်ပင်နှင့် နေဝင်ဆည်းဆာအလှရှုခင်းများကို အားထားရိုက်ကူးကြသည်။ ငှက်လှေတစ်စင်းလျှင် နိုင်ငံတကာခရီးသွားဧည့်သည် လေးဦးတင်ဆောင်ပြီး တစ်စင်းလျှင် ငွေကျပ် ၁၂၀၀၀ ပေးရသည်။ ပြည်တွင်းဧည့်သည်များကိုမူ အသွားအပြန်တစ်စီးလျှင် ငွေကျပ် ၈၀၀၀ ယူပြီး လူဦးရေ ခြောက်ဦးအထိ တင်ဆောင်လှော်ခတ်ပေးရသည်။ ပြည်တွင်းဧည့်သည်များမှာ ငှက်လှေစီးမှုနည်းပါးသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များကိုသာ အားထားနေရသည်။

လက်ရှိ မတ်လအလယ်အထိ နေ့စဉ်နိုင်ငံတကာခရီးသွားဧည့်သည် ၆၀၀ ကျော် နေ့စဉ်လာရောက်လျက်ရှိသည်။ ဦးပိန်တံတားမှ ငှက်လှေအဖွဲ့ ငှက်လှေမိသားစုမှ ခေါင်းဆောင်ဖြစ်သူ ဦးစိုးဝင်းက"ငှက်လှေ မိသားစုအနာဂတ်အတွက် ငှက်လှေဝန်ဆောင်မှုရေရှည်အလုပ်ဖြစ်ဖို့ တောင်သမန်အင်းရေသန့်ရှင်းလာမှုအပေါ်မူတည်နေပါတယ်။ နိုင်ငံတကာခရီးသွားဧည့်သည်တွေက ရေမသန့်ရှင်းတာကို နှစ်သက်မှုမရှိဘူး။ လက်ရှိကာလမှာ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခြင်း၊ ရိုက်ကူးရခြင်းကို ဝမ်းသာစွာချီးကျူးပေမယ့် ရေမသန့်မှုကိုတော့ မကြိုက်ကြဘူး။ နောက်နှစ်တွေမှာ ရေတွေပိုမိုသန့်ရှင်းလာမယ်ဆိုရင် နိုင်ငံတကာခရီးသွားဧည့်သည်တွေကို ပိုမိုဆွဲဆောင်လာနိုင်ပါမယ်။ ရေမသန့်ဘူးဆိုရင် နိုင်ငံတကာခရီးသွားဧည့်သည်တွေကို ရေရှည်ဆွဲဆောင်နိုင်မယ်မထင်ဘူး။ ကျွန်တော်တို့ တောင်သမန်အင်းနဲ့ ဦးပိန်တံတားကို အမှီပြုနေတဲ့ ငှက်လှေမိသားစုအနာဂတ်အတွက်ကတော့ တောင်သမန်အင်း ရေသန့်ရှင်းလာမှုအပေါ် မူတည်နေပါတယ်"ဟု ပြောသည်။

**(တိမ်တမန်)**

# မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၂၀**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် မတ် ၁၉ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ အသိပညာပေးဟောပြောမှု လေးကြိမ်ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တက်လမ်းကုမ္ပဏီ၌ ဒု-တပ်ဖွဲ့ခွဲ(၆)မှ ဦးဖုန်းမြင့်က ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အင်အား ၄၀ ကိုလည်းကောင်း၊ ကော့မှူးမြို့နယ် ဈေးရှေ့၌ ဒု-တပ်ဖွဲ့ခွဲ(၈)မှ ဒု-ရဲမှူးဇော်ဝင်းက ဒေသခံပြည်သူ ၃၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သာသနာ(၂၅၀၀)ဗိမာန်တော် လူငယ်ယဉ်ကျေးမှုသင်တန်း(၁)၌ ဒု-တပ်ဖွဲ့ခွဲ (၁၄)မှ ရဲအုပ်ချစ်ကိုကိုက ပြည်သူ ၁၅၀ ကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒု-တပ်ဖွဲ့ခွဲ (၁၅)မှ ရဲအုပ် ရဲမျိုးသန့်က ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၅ ဦးနှင့် ပြည်သူ ၅၄ ဦးကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မိမိဖြိုး(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




# အငှားယာဉ်၊ အနေးယာဉ်ဆိုက်ကားများနှင့် လမ်းမပေါ် ဈေးရောင်းသူများကြောင့် ဈေးဝယ်သူများ အခက်အခဲကြုံ

**ရန်ကုန် မတ်လ ၂၀**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်နှင့် ဈေးကုန်းအနောက်ရပ်ကွက်အကြား အင်းစိန်ဈေးကြီးဘေးရှိ ပဒေသာလမ်းတည့်တည့် မှုခင်းရဲတပ်ဖွဲ့ အနောက်ဘက်ဂိတ်လမ်းမကြီးပေါ်၌ မတ် ၁၇ ရက်က ဈေးသည်များသည် လမ်းပိတ်၍ စည်းကမ်းမဲ့စွာ ဈေးရောင်းချကြခြင်း၊ အနေးယာဉ်ဆိုက်ကားများလည်း စည်းကမ်းမဲ့စွာ ရပ်ထားခြင်းတို့ကြောင့် ဈေးဝယ်လာပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း၊ အငှားယာဉ်များမှလည်း ဈေးကြီးရှေ့ လှိုင်မြစ်လမ်းပေါ် ယာဉ်နှစ်ထပ်ရပ်လျက်လမ်းပိတ်ဆို့သဖြင့် အဆင်မပြေမှုများဖြစ်ရကြောင်း ဈေးဝယ်လာသူတစ်ဦးက ပြောသည်။ **(၆၈၄)**



# မှုခင်းကျဆင်းရေးလုပ်ငန်းအသိပညာပေး

**ကျိုက်ထို မတ် ၂၀**
ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာရှိ အိမ်များအား တစ်အိမ်တက်ဆင်း မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများကို မတ် ၁၄ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး ဦးဆောင်သောအဖွဲ့က ဆောင်ရွက်ခဲ့ရာ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများအပါအဝင် သက်ငယ်မုဒိမ်းမှု၊ ကျေးရွာလုံခြုံရေးကိစ္စများကို ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလုံပရိဘောဂစက်ရုံ အမှတ်(၂)၌ မီးလောင်

**ရန်ကုန် မတ် ၂၀**

ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောရပ်ကွက် သစ်တောလမ်းရှိ ပရိဘောဂစက်ရုံ အမှတ်(၂)တွင် မတ် ၂၀ ရက် နံနက် ၀၀း၀၅ နာရီတွင် မီးစတင်လောင်ကျွမ်းရာ နံနက် ၀၀း၄၅ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ဘရွှေနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၃ ဦး၊ မီးငြိမ်းသတ်ယာဉ် ၄၅ စီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ မိတ်ဖက်ယာဉ် နှစ်စီး စုစုပေါင်း ၅၆ စီးဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ပရိဘောဂစက်ရုံ အမှတ်(၂)၏ ငါးပေဘောင်းစောစက်ရုံဂိုဒေါင် လောင်ကျွမ်းခဲ့ပြီး စက်ပစ္စည်းကိရိယာများ လောင်ကျွမ်းမှုမရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၈၇ သိန်းဖြစ်ကြောင်း၊ မီးစတင်လောင်ကျွမ်းမှုကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**



# ရန်ကုန်-မန္တလေး အမြန်လမ်းတွင် မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၂၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်းအပိုင် မိုင်တိုင်အမှတ် (၆၇/၃)နှင့် (၄) အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ်သည် ယနေ့နံနက် ၇ နာရီခွဲက အင်ဂျင်ခန်း ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အမြန်လမ်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ် နှစ်စီး၊ ဘောနီ အမြန်လမ်းရဲတပ်ဖွဲ့မှ အုပ်ချုပ်မှုယာဉ်တစ်စီးနှင့် မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။



ဖြစ်စဉ်ကြောင့် ခရီးသည်တင်ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၅ ဦးမှာ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ယာဉ်ပေါ့ဆစွာ မောင်းနှင်မှုကြောင့် ယာဉ်မောင်းအား အုတ်ရှစ်ကုန်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်းက ယာဉ်(ပ) ၅/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၂၇၉/၃၈၅/၄၂၇ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ (အမြန်လမ်းရဲတပ်ဖွဲ့)**

# စိတ်ကြွဆေးပြားရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင်အမှုန့်ထုပ်များ လွယ်တော်ခန်း စစ်ဆေးရေးဂိတ်တွင် သိမ်းဆည်းရမိ

**တာလေ မတ် ၂၀**

စိတ်ကြွဆေးပြား ရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင် အမှုန့်ထုပ်များကို မတ် ၁၇ ရက် လွယ်တော်ခန်း စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ ကူးသန်းရောင်းဝယ်ခြင်းကို ထိန်းချုပ်ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့များက ဂိတ်စခန်းအသီးသီးတွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်က တာလေမြို့မှ မိုင်းဆတ်မြို့သို့ သွားရောက်မည့် Vigo အမျိုးအစားယာဉ်အား လွယ်တော်ခန်း စစ်ဆေးရေးဂိတ်တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်း ကြမ်းခင်းအောက် နှစ်ထပ် အံဝှက်အတွင်းတွင် ခဲစက္ကူဖြင့်ပတ်ထားပြီး အကြည်ရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော စိတ်ကြွဆေးပြားရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင်အမှုန့်ထုပ် ၈၉ ထုပ် (အလေးချိန် ၄၀ ဒသမ ၈ ကီလိုခန့်)



နှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂ သန်းခန့် တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးလျက်ရှိပြီး မတ် ၁၉ ရက်တွင် ရေပူစစ်ဆေးရေးစခန်းတွင် တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၀၁ သန်း၊ မရမ်းချောင် စစ်ဆေးရေးစခန်းတွင် တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၅၂ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# ဘူးသီးတောင်မြို့နယ်အတွင်း မသင်္ကာသူ ၁၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တင်းမေရွာအနီးတွင် မတ် ၁၉ ရက် နံနက် ၇ နာရီခန့်က မသင်္ကာသူ ၁၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် တင်းမေရွာ အရှေ့ဘက်တွင် မသင်္ကာဖွယ်လူတစ်စု ရောက်ရှိနေကြောင်း သတင်းအရ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့တို့က ကင်းပုန်းဝပ်စောင့်ကြည့်ခဲ့ကြောင်း၊ မတ် ၁၉ ရက် နံနက် ၆ နာရီတွင် တောင်ကုန်းပေါ်မှ ဆင်းလာသော မသင်္ကာဖွယ်လူတစ်စုကို တွေ့ရှိပြီး မေးမြန်းစစ်ဆေးရန်ခေါ်ယူစဉ် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ တင်းမေကျေးရွာနေ အဒူရှောရှီး အပါအဝင် ၁၃ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမြန်လမ်းတွင် LIGHT TRUCK နှင့် TOYOTA CORONA တို့ တိုက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၂၀**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ပျော်ဘွယ်မြို့နယ် မိုင်တိုင်အမှတ် (၂၅၂/၆)နှင့် (၇)အကြား မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်း သန်းမောင် မောင်းနှင်လာသော Light Truck (အဖြူရောင်) မော်တော်ယာဉ်သည် မတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက လမ်းလယ်ကျွန်းဖြတ်လမ်းသို့ ရုတ်တရက်ချိုးကွေ့စဉ် နောက်မှ ယာဉ်မောင်း စိုးမင်းသန်း မောင်းနှင်လာသော TOYOTA CORONA (အဖြူရောင်) မော်တော်ယာဉ်နှင့် တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် TOYOTA CORONA ယာဉ်ပေါ်ပါ သုံးဦးမှာ ထိခိုက်မှုမရှိသော်လည်း Light Truck ယာဉ်ပေါ်ပါ လေးဦးအနက် ဦးအောင်သိန်း (၅၀)နှစ်မှာ ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့၍ ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၃ နာရီ ၅ မိနစ်က မိုင်တိုင်အမှတ် (၈၃/၅)နှင့် (၆)အကြားတွင် ယာဉ်မောင်း ဝင်းနိုင်ဦး မောင်းနှင်လာသော CALDINA အနက်ရောင် မော်တော်ယာဉ်မှာ ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရေနွယ်ချောင်း တံတားကာရံထားသည့် ဘာရီတုံးများကို တိုက်မိပြီး ချောင်းအတွင်းသို့ ထိုးကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။ ယာဉ်မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်းများအား သက်ဆိုင်ရာ အမြန်လမ်း ရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# မောင်တောမြို့နယ်အတွင်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၀**

မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ မူးယစ်ဆေးဝါးများ တင်ဆောင်လာသည့် လှေတစ်စင်းပေါ်မှ စိတ်ကြွမူးယစ်ဆေးပြားများနှင့် မြို့မတောင်ရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ စိတ်ကြွမူးယစ်ဆေးပြားများ ယနေ့နံနက်ပိုင်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ကင်းလှည့်ဆောင်ရွက်စဉ် ယနေ့နံနက် ၃ နာရီကျော်ခန့်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လှော်ခတ်နေသော မသင်္ကာဖွယ် လက်ခတ်လှေတစ်စင်းကိုတွေ့ရှိ၍ လိုက်လံဖမ်းဆီးခဲ့ရာ တုံးချောင်းဝအနောက်ဘက် မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းဆီးရမိခဲ့ပြီး လှေပေါ်မှ လူ လေးဦးနှင့်အတူ ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆာလာအိတ်များကို မောင်တောမြို့နယ် စစ်ဆေးရေးဂိတ်တွင် ပူးပေါင်းအဖွဲ့များက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား ၁၈၅၀၀၀ ကာလ တန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၇ နာရီခန့်တွင် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့မတောင်ရပ်ကွက် ငါးခူရရွာနေ မောင်လှဝင်း(ခ) မာမွတ်ယီယာစ် (၃၂)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ခန်း စားပွဲခုံအောက်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား ၉၇၅၀ ကာလတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀ ခန့်နှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုသော Honor အမျိုးအစား ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အဲရစ်ဘိုင်လီနှင့် ရှုဒီဂတ်စတီဒီတို့အကြားဖြစ်ပွားခဲ့သည့် ပြဿနာက ဥမင်လမ်းအတွင်း ရန်ပွဲကိုပါဦးတည်ခဲ့






မစ်ဒယ်ဘရော့နဲ့ မန်ယူအသင်းတို့ရဲ့ ပွဲပြီးခါနီးအချိန်အတွင်း မန်ယူနောက်ခံလူ အဲရစ်ဘိုင်လီနဲ့ မစ်ဒယ်ဘရော့တိုက်စစ်မှူး ရှုဒီဂတ်စတီဒီတို့အကြားဖြစ်ပွားခဲ့တဲ့ ပြဿနာကတစ်ဆင့် အဝတ်လဲခန်းသို့သွားရာ ဥမင်လမ်းမှာပဲ နှစ်ဖက်အသင်းသားတွေ ပဋိပက္ခ ဆက်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

မစ်ဒယ်ဘရော့အသင်းက အလွတ်တည်ကန်ဘောကန်ခွင့်ရချိန်မှာ ဘိုင်လီနဲ့ ဂတ်စတီဒီတို့ တစ်ဦးကိုတစ်ဦး တွန်းကြ၊ ထိုးကြရင်းနဲ့ ဒေါသပေါက်ကွဲကာ ရန်ပွဲအသွင်ဦးတည်သွားတာဖြစ်ပါတယ်။ ဘိုင်လီဟာ ဂတ်စတီဒီနားကို လိုတာထက်ပိုနီးကပ်တဲ့ အနေအထားဖြစ်နေတာကို ဂတ်စတီဒီက တွန်းထိုးလိုက်တာကြောင့် ဘိုင်လီက ရန်လိုတဲ့ပုံစံနဲ့ တုံ့ပြန်ခဲ့ပါတယ်။ ဂတ်စတီဒီက ဘိုင်လီရဲ့လည်ပင်းကို ဆုပ်ကိုင်ခဲ့ပြီး ဘိုင်လီရဲ့နားကို တိုးတိုးကပ်ပြောကြားခဲ့တာကြောင့် ဘိုင်လီကလည်း အလားတူပုံစံမျိုးနဲ့ ပြန်လည်တုံ့ပြန်ခဲ့ပြန်တာပါ။ အဲဒီနောက်မှာတော့ ကျန်ကစားသမားတွေကလည်း မိမိတို့ အသင်းဖော်ဘက်က ပါဝင်လာခဲ့တဲ့အတွက် ပြဿနာက ပိုကြီးထွားတဲ့အနေအထားရောက်ရှိသွားပါတယ်။

ပွဲချိန်ပြည့်လို့ အဝတ်လဲခန်းအတွင်း သွားရောက်ရာလမ်းကြောင်းမှာ အချို့ကစားသမားတွေက အဝတ်လဲခန်းဝင်သွားခဲ့ကြပေမယ့် အချို့ကတော့ ရန်ပွဲမပြီးသေးတဲ့ ပုံစံနဲ့ ဆက်ရှိနေခဲ့တာကို ကင်မရာတွေက အမိအရ ရိုက်ယူနိုင်ခဲ့တာပါ။ အက်ရှ်လေယန်းကို လင်းဂတ်က တားဆီးနေရတာ၊ ဘိုင်လီကို ကာရစ်က ထိန်းထိန်းသိမ်းသိမ်းပုံစံနဲ့ ဖြန်ဖြေနေရတာတွေကို ဘီတီစပို့အားကစားရုပ်သံက အမိအရ ရိုက်ကူးလိုက်နိုင်ပါတယ်။ ဘိုင်လီ-ဂတ်စတီဒီ ပြဿနာမတိုင်မီကတည်းက နှစ်ဖက်ကစားသမားတွေ မကြာခဏ ထိပ်တိုက်တွေ့ဆုံတဲ့ ပုံစံတွေဖြစ်နေပြီး ဘိုရိုကစားသမား ဘန်ဂစ်ပဆန်ကတော့ ဂတ်စတီဒီ ဒေါသထွက်စေမယ့် စကားကို ဘိုင်လီပြောကြားခဲ့လို့ ဖြစ်လာရတဲ့ ကိစ္စရပ်လို့ သူ့အသင်းဖော်ဘက်ကနေ ကာကွယ်ပြောကြားလိုက်ပါတယ်။

ဘီတီစပို့ရဲ့ အားကစားအစီအစဉ်တင်ဆက်သူ မိုက်ကယ်အိုဝင်နဲ့ အိုဝင်ဟားဂရေ့ဗ်တို့ကတော့ "ဒီဖြစ်စဉ်အနောက်မှာ အများကြီးဖြစ်ပျက်နိုင်ပါတယ်။ ဒါမှမဟုတ်ရင် ဂတ်စတီဒီက ဒီလောက်ပေါက်ကွဲတဲ့ပုံစံနဲ့ တုံ့ပြန်စရာအကြောင်းမရှိဘူး" လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။ အခုလို ပြဿနာတွေဖြစ်ပွားခဲ့ပေမယ့် မန်ယူအသင်းဟာ ဖယ်လိုင်နီ၊ ဗလင်စီယာနဲ့ လင်းဂတ်တို့ရဲ့ သွင်းဂိုးတွေနဲ့ ဘိုရိုကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အမှတ်ပေးဇယား အဆင့်(၅)နေရာကို တက်လှမ်းလာနိုင်ခဲ့ပါတယ်။

# အာဆင်နယ်နှင့် စာချုပ်သစ် လက်မှတ်ရေးထိုးမည်ဟု ဝင်းဂါးဆိုခဲ့ကြောင်း တိုနီပူးလစ် ပြောကြား

အာဆင်နယ်နည်းပြ ဝင်းဂါးက အာဆင်နယ်နှင့် သက်တမ်းတိုးစာချုပ် လက်မှတ်ရေးထိုးမည်ဟု ၎င်းအား ဆိုခဲ့ကြောင်း ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်၏ ပြောကြားချက်ကို ကိုးကား၍ The Sun သတင်းဌာနက ဖော်ပြသည်။

ပူးလစ်က ဝင်းဂါးအနေဖြင့် အာဆင်နယ်တွင် ဆက်ရှိနိုင်သလားဆိုသည့် မေးခွန်းအတွက် "သူထွက်ခွာဖြစ်မယ်ဆိုရင် ကျွန်တော်အတော်လေး အံ့အားသင့်မိမှာပါ။ ဘာလို့လဲဆိုရင် သူက ကျွန်တော့်ကို ပြောထားခဲ့လို့ပါ။ အာဆင်နယ်ဟာ ထိပ်ဆုံးလေးသင်းနဲ့ ရာသီသိမ်းနိုင်ဆဲဖြစ်သလို အက်ဖ်အေဖလားလည်း ရရှိနိုင်မယ့် အခြေအနေပိုင်ဆိုင်ထားဆဲဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ ရလဒ်ပိုင်းကိုပဲကြည့်ပြီးသူ့အပေါ် ဆန့်ကျင်မှုတွေ ပြုနေမယ်ဆိုရင် ခင်ဗျားဟာ မိုက်မဲသူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်" ဟု ဖြေကြားခဲ့သည်။

ဝက်စ်ဘရွန်းနှင့် ပွဲမစတင်မီ "ဝင်းဂါး ထွက်ခွာချိန်တန်နေပြီ" "ကလပ်အသင်းကို ချစ်မြတ်နိုးသော်လည်း အာဏာရှင်လို မူဝါဒအပေါ် လက်သင့်မခံ" စသဖြင့် ဝင်းဂါး ဆန့်ကျင်ရေးစာသားများပါသည့် တံခွန်များကို ဒရုန်းများပေါ် ချိတ်ဆွဲ လေပေါ်ပျံဝဲစေကာ ပရိသတ်များက သူတို့၏ဆန္ဒကို ဖော်ပြခဲ့ကြသည်။ မရှေးမနှောင်းမှာပင် "ကျွန်တော်တို့ အာစင်အပေါ် ယုံကြည်စွာ မြှုပ်နှံထားကြသည်" ဆိုသော ဝင်းဂါး ထောက်ခံရေးစာသား လေတံခွန်များ ကွင်းပေါ် လွင့်ပျံလာခဲ့ပြန်ရာ အာစင်ဝင်းဂါးအပေါ် ဆန့်ကျင်သူနှင့် ထောက်ခံသူများ နှစ်ခြမ်းကွဲနေသည်ဟု မီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။

အစောပိုင်းတွင် အာဆင်နယ်ဘုတ်အဖွဲ့ဝင်များက ဝင်းဂါးကို နှစ်နှစ်သက်တမ်းတိုးစာချုပ် ထပ်မံကမ်းလှမ်းထားသော်လည်း ယခုနောက်ပိုင်းရလဒ်ဆိုးများကြောင့် ဆုံးဖြတ်ချက်ပြင်ဆင်ဖွယ်ရှိနေသည်။ သတင်းရင်းမြစ်များ၏ အဆိုအရ ဝင်းဂါးနေရာကို ဒေါ့မွန်နည်းပြ တူချယ်လ်နှင့် အစားထိုးရန် အစီအမံချထားပြီးဖြစ်ကြောင်း သိရသည်။ ယင်းသို့အခြေအနေများ ကြုံတွေ့နေစဉ် အာဆင်နယ်ကစားသမားများ၏ အသင်းအပေါ် ပေးဆပ်မှုနည်းပါးခြင်းကလည်း ဝင်းဂါးကို ဆက်မရှိစေလိုတဲ့ သူတို့၏ ဆန္ဒကို တစ်ဖက်တစ်လမ်းမှ ပြသခြင်းပင်ဖြစ်ကြောင်း အားကစားအရေး သုံးသပ်သူ အလန်ရှီးယားက ထောက်ပြခဲ့သည်။

ပြီးခဲ့သည့် သောကြာနေ့နံနက် အဝတ်လဲခန်းတွင် အိုဇေးလ်က တံကောက်ကြောနာကျင်နေသည်ဟု အကြောင်းပြခဲ့သည့်အတွက် ဝက်စ်ဘရွန်းနှင့် ပွဲစဉ်တွင် ဝင်းဂါးက အိုဇေးလ်အစား ရမ်ဆေးကို ပထမပွဲထွက်စာရင်းတွင် အသုံးပြုခဲ့ရသည်။ သို့သော် အိုဇေးလ်က လာမည့် ဗုဒ္ဓဟူးနေ့တွင် အင်္ဂလန်အသင်းနှင့် ကစားမည့် ဂျာမနီအသင်းလူစာရင်းတွင် ပါဝင်နိုင်ရန် ယခုကဲ့သို့ အကြောင်းပြခဲ့ခြင်းပြီး ဒေါ့မွန်မြို့ကို ထွက်ခွာသွားရာ အိုဇေးလ်၏လုပ်ရပ်အတွက် ဝင်းဂါး ဒေါသဖြစ်နေခဲ့ပြီဖြစ်သည်။ သို့သော် အိုဇေးလ်နှင့် ဝင်းဂါးကြား ဟိုးယခင်နှစ်များကတည်းက ဆက်ဆံရေး ဆိုးရွားနေခဲ့ခြင်းဖြစ်သည်ဟု နီးစပ်သူများ၏ ပြောကြားချက်အရ သိရသည်။

ပူးလစ်၏ ပြောကြားချက်အပြင် ဝင်းဂါးက "ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်။ ပြီးတော့ ကျွန်တော်ဟာ အာဆင်နယ်ကို အကြိမ် ၂၀ တိတိ ချန်ပီယံလိဂ်ဝင်ခွင့်မလွဲချော်အောင် ဦးဆောင်ပေးထားနိုင်သူဖြစ်တယ်ဆိုတာ မေ့ထားလို့မရတဲ့ အချက်ပါ" ဟု ဆိုခဲ့သည်ကို ထောက်ရှုပါက အာဆင်နယ်နှင့် ဝင်းဂါး စာချုပ်သက်တမ်းတိုးရေး အလားအလာများနေပြီဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်



အာဆင်နယ်နည်းပြ ဝင်းဂါး(ဝဲ)နှင့် ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်(ယာ)တို့အား အတူတကွတွေ့ရစဉ်။

## ဝေါ်ရင်ကာအား အနိုင်ယူပြီး ပရီဘတ်စ်အိုးပင်းဖလားကို ဖက်ဒဲရာ ဆွတ်ခူး



ဆွစ်ကစားသမားနှစ်ဦး ထိပ်တိုက်တွေ့ဆုံနေသည့် ဘီအင်န်ပီ ပရီဘတ်စ်အိုးပင်းဖလားဗိုလ်လုပွဲတွင် ဖက်ဒဲရာက စတန်းဝေါ်ရင်ကာကို ၆-၄၊ ၇-၅ ဖြင့် အနိုင်ယူပြီး သူ့အတွက် ပဉ္စမမြောက် အင်ဒီယန်ဝဲလ်ဖလားအဖြစ် သိမ်းပိုက်ရယူသွားခဲ့ပြီဖြစ်သည်။ လက်ရှိ ကမ္ဘာ့အဆင့်(၃)စတန်း ဝေါ်ရင်ကာက ပထမပွဲငယ်စတင်ချိန်တွင် ဖက်ဒဲရာအား အသာရအောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အမှားများလာပြီး နှစ်ပွဲပြတ်ဖြင့် အရေးနိမ့်သွားရခြင်းဖြစ်သည်။ ဖက်ဒဲရာမှာ ဝေါ်ရင်ကာနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် သုံးကြိမ်စလုံး အနိုင်ရခဲ့သလို ၂၃ ကြိမ်ထိပ်တိုက်တွေ့ဆုံမှုတွင် အကြိမ် ၂၀ အထိ အနိုင်ရအောင်ကစားနိုင်ခဲ့သည်။

ထို့ပြင် အသက်(၃၅)နှစ်ရှိပြီဖြစ်သည့် ဖက်ဒဲရာမှာ ၁၉၈၄ ခုနှစ်တွင် အသက်(၃၁)ဖြင့် ချန်ပီယံဖြစ်ခဲ့သည့် ဂျေမီကာနော နောက်ပိုင်း အသက်အရွယ်အကြီးဆုံး ချန်ပီယံအဖြစ် မှတ်တမ်းသစ်တစ်ရပ်ကိုပါ စိုက်ထူလိုက်နိုင်သည်။ ယခု ချန်ပီယံဆုသည် ဖက်ဒဲရာအတွက် ၉၀မြောက် ချန်ပီယံဆုဖလားဖြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ထိပ်တန်း အဆင့်(၄)နေရာအတွင်း ပြန်လည်ဝင်ရောက်အောင်ကြိုးပမ်းနေသည့် ဖက်ဒဲရာအတွက် ခြေလှမ်းအစလည်း ဖြစ်ခဲ့သည်။

## ချယ်လ်ဆီးအသင်း ခြေစွမ်းကျဆင်းမှုကိုပြိုင်ဘက်အသင်းများ မြင်တွေ့ရမည်မဟုတ်ကြောင်း ကော်တွိုက်စ် သတိပေး



ချယ်လ်ဆီးဂိုးသမားကော်တွိုက်စ်။

နိုင်ငံတကာပွဲစဉ်များအပြီးတွင်လည်း ချယ်လ်ဆီးအသင်း၏ ခြေစွမ်းပိုင်းကျဆင်းမှုကို ပြိုင်ဘက်အသင်းများ မြင်တွေ့ရမည်မဟုတ်ကြောင်း ချယ်လ်ဆီးဂိုးသမား ကော်တွိုက်စ်က ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများကို သတိပေးစကားဆိုလိုက်သည်။ နာမည်ကြီး ကလပ်အသင်းများ၏ အဓိကကစားသမားအများစုမှာ နိုင်ငံလက်ရွေးစင်အသင်းတွင်လည်း ရွေးချယ်ခံရလေ့ရှိသဖြင့် ပွဲပန်းမှု၊ ဒဏ်ရာရရှိမှုနှင့် ခရီးပန်းမှု စသည့်အကျိုးဆက်များကြောင့် နိုင်ငံတကာပွဲစဉ်များအပြီးတွင် ကလပ်အသင်းကြီးများ၏ ရလဒ်ပိုင်း ကျဆင်းသွားလေ့ရှိသည်။ သို့သော် ကော်တွိုက်စ်က ချယ်လ်ဆီးအသင်း၏ ခြေချော်မှုနှင့် ရလဒ်ပိုင်းကျဆင်းမှုကို မြင်တွေ့ရဖွယ်မရှိဘဲ ပရီမီယာလိဂ် ချန်ပီယံခရီးကို ချယ်လ်ဆီး အကောင်းဆုံးပုံစံဖြင့် ဆက်လက်ခရီးနှင်နိုင်ဦးမည်ဟု ပြောကြားခဲ့ရာ ချယ်လ်ဆီးပရိသတ်များအတွက် ကျေနပ်ဖွယ်ရာပင်ဖြစ်သည်။

နိုင်ငံတကာ ပွဲစဉ်များအပြီးတွင် ချယ်လ်ဆီးသည် ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူအသင်းတို့ကို အိမ်ကွင်းတွင် ညှိခံကစားရမည်ဖြစ်ပြီး ဘုန်းမောက်အသင်းကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်ရာ ရမှတ်ပြည့် ရယူနိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ကော်တွိုက်စ်က ဆိုခဲ့သည်။



## မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ ရှင်ပြုနားသ အလှူပွဲများတွင် ဆင်တော်များစီး၍ လှည့်လည်မှုများပြားလာ

**မန္တလေး မတ် ၂၀**

မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ ရှင်ပြုနားသအလှူပွဲများအား ဆင်တော်များစီး၍ လှည့်လည်မှု ယခုနှစ်တွင် သိသိသာသာ ပိုမိုများပြားလာကြောင်း သိရသည်။

"ထိန်ကုန်းရပ်ကွက်မှာ ဆင်ငါးကောင်နဲ့ လှူတာ ကျွန်တော်သိသလောက်တော့ ဒါပထမဆုံးပါပဲ။ မောင်ရှင်လောင်းတွေ ဆင်စီးပြီး လှည့်လည်တာလာရောက်ကြည့်ရှုသူတွေ လမ်းတစ်လျှောက်မှာ များမှများပဲ။ အလှူပွဲက ထိန်ကုန်းရပ်ကွက်ကနေ စွယ်တော်မြတ်စေတီတော်ထိ သွားရောက်လှည့်လည်တာပါ။ မြန်မာ့ရိုးရာအလှူပွဲကို ဆင်တွေစီးပြီး လှည့်လည်တာကို မြင်ရတာအလွန်ပဲကြည်နူးစရာကောင်းပါတယ်" ဟု ထိန်ကုန်းရပ်ကွက်မှ အလှူပွဲလာကြည့်သူတစ်ဦးက ပြောသည်။

မတ္တရာမြို့နယ် သပြေချောင်ကျေးရွာမှ ဆင်ပိုင်ရှင် ဦးမြင့်ဌေး က "ကျွန်တော်မှာ ဆင်ခြောက်ကောင်ရှိပါတယ်။ အားလုံးအငှားလိုက်ပါတယ်။ မန္တလေးမြို့အနီးတစ်ဝိုက်မှာဆို ဆင်တစ်ကောင်ကို အလှူအိမ်အရောက် ငွေကျပ် ၇၅၀၀၀၀ ပါ။ ဆင်စာပေးရင်တော့ ၇၀၀၀၀၀ နဲ့ လိုက်ပါတယ်။ ဆင်တစ်ကောင်ကို ကန်တော့ပွဲနှစ်ပွဲပေးရပါတယ်။ ဆင်စာက ဆင်တစ်ကောင်ကို ငှက်ပျောတုံး ထွေလာဂျီအသေးတစ်စီးနဲ့ စပါးသုံးတင်း (သို့)ဆန်တစ်ပိုင်း ပေးရပါတယ်။ ဆင်ငှားရမ်းမယ်ဆိုရင် အလှူရှင်တွေ စိတ်ချမ်းသာအောင် တစ်ရက်ကြိုတင်လာရောက်ပေးပါတယ်။ ယခုနှစ်က အလှူပွဲများပြားသလို ဆင်ငှားရမ်းမှု ပိုမိုများပြားလျက် ရှိပါတယ်" ဟု ပြောသည်။

မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့အလှူပွဲများကို ရှေးထုံးအစဉ်အလာအတိုင်း ကျင်းပမှုများပြားလျက်ရှိကြောင်း၊ ဆင်တော်၊ မြင်းတော်များ၊ မင်္ဂလာရွှေလှည်း၊ ငွေလှည်းများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအစရှိသော ဝင်းခင်းများဖြင့် မြန်မာမှုဓလေ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများနှင့်အတူ ဦးရွှေရိုး၊ ဒေါ်မိုးအကများ၊ မြန်မာမှုအနုသုခုမဖျော်ဖြေမှုများဖြင့် စည်ကား သိုက်မြိုက်စွာ ရှင်လောင်းလှည့်ပွဲများအား လှည့်လည်လျက်ရှိပြီး ယခုနှစ်တွင် ဆင်တော်များစီး၍ လှည့်လည်မှုပိုမိုများပြားလျက်ရှိကြောင်း မန္တလေးမြို့မှ ဒေသခံများက ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ထင်းအစားထိုး စပါးခွံလောင်စာတောင့် စက်ရုံဖွင့်

**ပခုက္ကူ မတ် ၂၀**

ပခုက္ကူမြို့ ဗာဂျီးနီးယားဆေးလုပ်ငန်းမှ စပါးခွံလောင်စာတောင့် စက်ရုံလည်ပတ်မှုလုပ်ငန်းဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗာဂျီးနီးယားဆေးလုပ်ငန်းမှ ဒါရိုက်တာမစ္စတာရိုဟန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်က အမှာစကားပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ရေးအတွက် ထင်းအစားထိုး လောင်တောင့်စာစက်ရုံ ဖွင့်လှစ်ပေးသည့်ကုမ္ပဏီနှင့် နည်းပညာပံ့ပိုး ဆောင်ရွက်ပေးသည့် မျိုးမြတ်မွန်ကုမ္ပဏီတို့အား အထူးကျေးဇူးတင်ပါကြောင်း၊ ဗာဂျီးနီးယားဆေးလုပ်ငန်းအနေဖြင့် လောင်စာတောင့်စက်ရုံများ ပိုမိုတည်ဆောက်ပြီး ဗာဂျီးနီးယားဆေးပေါင်းရာတွင် လောင်စာတောင့်များကို ပိုမိုသုံးစွဲခြင်းအားဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ရာရောက်သည့်အတွက် အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် စက်ရုံအားတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပခုက္ကူဒေသ ဗာဂျီးနီးယားလုပ်ငန်းမန်နေဂျာ ဦးအောင်ဆန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကြသည်။ စပါးခွံလောင်စာတောင့်စက်ရုံတွင် စက်ခြောက်လုံးဖြင့် ရှစ်နာရီလည်ပတ်ပါက လောင်စာတောင့် ပိဿာချိန် ၁၆၀၀ မှ ၂၀၀၀ ကြား ထုတ်လုပ်နိုင်ကြောင်း သိရသည်။

စက်ရုံကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ စမ်းသပ်လည်ပတ်ခဲ့ပြီး ဆေးစိုက်ရာသီတွင်စပါးခွံလောင်စာတောင့် ပိဿာ ၉၅၀၀၀ ထုတ်လုပ်ရန်ရည်မှန်းထားကြောင်း သိရသည်။ ယခင်က ဆေးပေါင်းရာတွင် ထင်းတန်ချိန်ပေါင်း မြောက်မြားစွာ အသုံးပြုရသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ရေးတို့အတွက် စက်ရုံကို မျှော်မှန်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပခုက္ကူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ပေါက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ ခရိုင်သစ်တောဦးစီးမှူး ဦးမျိုးခိုင်၊ ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးမှူး ဦးမျိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တင်အောင်ဝင်း(ပြန်/ဆက်)**



## ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေး

**မင်းဘူး မတ် ၂၀**

မကွေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသူများနှင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်လိုသူများအနေဖြင့် မိမိတို့ဆောင်ရွက်လိုသည်များကို လျင်မြန်လွယ်ကူစွာဖြင့် ဆောင်ရွက်နိုင်ရန်နှင့် မကွေးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက်ပိုင်းက မကွေးမြို့ စုပေါင်းရုံးရှိ အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးစက်မှုလက်မှုနှင့် လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ကြိုဆိုနှုတ်ခွန်းဆက် ကျေးဇူးတင်စကား ပြောကြားသည်။ထို့နောက် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ပထမဦးဆုံး ကုမ္ပဏီမှတ်ပုံတင်သည့် လင်းကျော်အောင်မိသားစု ကုမ္ပဏီလီမိတက်အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် အလားအလာများအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီတည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များမှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

## ညောင်ဦးမြို့နယ်အတွင်း မြစ်ရေတင်ငါးခု၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု

**ညောင်ဦး မတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်းသည် ညောင်ဦးခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မတ် ၁၆ ရက်က ညောင်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အဓိကအားထားဆောင်ရွက်ပေးနေသည့် မြစ်ရေတင်ငါးခု၏ လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ဒေသခံတောင်သူများအား စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေလျက်ရှိသည့် လက်ပံခြေပေါ်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာ မြစ်ရေတင်များရှိရာသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြစ်ရေတင်များအလိုက် ရေပေးဝေဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်နေသည့်တောင်သူများအား ယခုနွေသီးနှံစိုက်ပျိုးချိန်ကာလတွင် စိုက်ပျိုးရေ အလုံလောက်ပေးဝေနိုင်ရေးအတွက် လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိရန်နှင့် ရေအလေအလွင့်ဆုံးရှုံးမှုမရှိစေရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့အပြင် တိုင်းဦးစီးမှူး ဦးဝင်းဆန်းနှင့် တာဝန်ရှိသူများသည် မြစ်ရေတင်များမှ သောက်သုံးရေပေးဝေလျက်ရှိသည့်ကျေးရွာများသို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေ သုံးစွဲရမှုအခြေအနေများနှင့် စပ်လျဉ်း၍ သောက်သုံးရေလုံလောက်စွာ သုံးစွဲရမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများအား နွေရာသီကာလ သောက်သုံးရေအပြည့်အဝရရှိသုံးစွဲနိုင်ရေး တာဝန်ရှိသူများအား စနစ်တကျရေပေးဝေသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်ပွားရေး ကြိုတင်အသိပညာပေးခြင်းနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများ လုပ်ဆောင်သွားမည်

**မုံရွာ မတ် ၂၀**

မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ ကင်းရှင်းရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သင်္ကြန်ကာလမတိုင်မီ သုံးရက်ကြိုတင်ပြီး မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

သင်္ကြန်အကြိုကာလအတွင်း အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် ကြီးကြပ်မှုအဖွဲ့များသည် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများကို ဆိုင်ကယ်စီးနင်းပါက ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုမစီးနင်းရန်၊ မော်တော်ဆိုင်ကယ်များကို အိတ်ဇောပိုက်ဖြုတ်ပြီး မစီးနင်းရန်၊ အရက်သေစာသောက်စားပြီး အလွန်မောင်းနှင်မှုများ မရှိစေရန်အတွက် အသိပညာပေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။

သင်္ကြန်ကာလမတိုင်မီ စစ်ဆေးကြပ်မတ်မည်ဖြစ်ပြီး မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များတွင် ၎င်းအချက်များကို စစ်ဆေးတွေ့ရှိပါက သင်္ကြန်ကာလအတွင်း အသုံးပြုခွင့် မရအောင် ထိန်းသိမ်းထားခြင်းများကို ဆောင်ရွက်ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ တရားစွဲဆိုခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီမှ သိရသည်။

"တိုင်းဒေသကြီးအတွင်း မြို့တွေမှာ ကျေးလက်မှ မြို့ပေါ်သို့ လာရောက်တဲ့ ဦးထုပ်မဆောင်းတဲ့ ဆိုင်ကယ် စီးနင်းသူများကို ရပ်တန့်စေပြီး အသိပညာပေးဟောပြောခြင်း၊ ကုန်ပို၊ လူပိုတင်ဆောင်လာတဲ့ မော်တော်ယာဉ်များ၊ ကြံ့ခိုင်မှုမရှိတဲ့ မော်တော်ယာဉ်များ၊ အန္တရာယ်ဖြစ်လောက်အောင်အလွန် မောင်းနှင်တဲ့ မော်တော်ယာဉ်များကို စစ်ဆေးကြပ်မတ်မယ်။ သင်္ကြန်ကာလမတိုင်မီ သုံးရက်အလိုမှာစပြီး စစ်ဆေးဖမ်းဆီးမှုတွေ လုပ်ပါမယ်။ တွေ့ရှိရင်တော့ မော်တော်ယာဉ် ဥပဒေအရ အရေးယူမှုတွေ လုပ်ဆောင်သွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့နယ်တွင် အိတ်ဇောပိုက် ဖြုတ်ပြီးမောင်းနှင်သည့်စည်းကမ်းပျက် မော်တော်ဆိုင်ကယ် ၁၂၈ စီးနှင့် မော်တော်ယာဉ်အချို့ကို စစ်ဆေးတားဆီးနိုင်ခဲ့ကြောင်းနှင့် သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ငါးကြိမ်သာဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်မတော်တဆမှုဖြင့် တစ်ဦး၊ မော်တော်ဆိုင်ကယ်မတော်တဆမှုဖြင့် တစ်ဦး စုစုပေါင်းနှစ်ဦး သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကလေးစာပေပွဲတော် (ဘားအံ) ဒုတိယနေ့ဆက်လက်ကျင်းပရာပါဝင်ဆင်နွှဲသည့်ကလေးငယ်များဖြင့်စည်ကား

**ဘားအံ မတ် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ဒုတိယနေ့ကို မတ် ၂၀ ရက် နံနက် ၉ နာရီမှစတင်၍ ဆက်လက်ကျင်းပလျက်ရှိရာ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော်တွင် ကလေးစာဖတ်ခန်းကို သီးသန့်ထားရှိပေးထားပြီး ရုပ်ပြ၊ ပုံပြင်၊ ဟာသရုပ်ပြ၊ ကလေးရုပ်ပြ၊ ဘာသာရေးရုပ်ပြ၊ ကာတွန်းသရုပ်ဖော်အစရှိသည့် ကလေးစာပေများကို လေ့လာဖတ်ရှုခြင်း၊ စကားပုံဆက်၊ အရုပ်ဆက်အိမ်ဆောက်ကစားနည်း၊ စက္ကူခေါက်ကစားနည်း၊ ခွက်နင်း၊ ဘောလုံးညှပ်၊ သုံးယောက်တွဲပျဉ်ပြားခုံဖိနပ်စီး၊ ဂေါက်သီးရိုက်၊ ဘိုးလင်း၊ စမောဂိုး (ဂိုးကျဉ်း) ကစားနည်းများကို ပျော်ရွှင်စွာကစားကြသည်။ Royal-D၊ Power Fresh၊ DeDe အချိုရည်များ၊ PEP Milk၊ Gold Roast Coffee Mix၊ MAMEE ခေါက်ဆွဲအစရှိသည့်စေတနာရှင် အလှူရှင်များကျွေးမွေးသော အစားအသောက်များ သုံးဆောင်ခြင်း၊ အရုပ်ဆက်၊ ကဗျာ၊ ပုံပြော၊ ပန်းချီ၊ ဆေးရောင်ချယ်၊ ကျပန်းစကားပြောပြိုင်ပွဲ အစရှိသည့်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများဖြင့် ကလေးစာပေပွဲတော်ကို ကလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အလားတူ သုတအလင်း (ရွှေဂွန်း) စာကြည့်တိုက်မှ ကလေးစာအုပ်၊ စာပေပြခန်း၊ ဘားအံမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အိမ်တွင်းမှုပြခန်းများ၊ British Council Library & Information Centre မှ ပြခန်းနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်းမှ ပြခန်းများအားလိုက်လံကြည့်ရှုလေ့လာကြကာ ကျော်ကျော်စာပေနှင့် ကိုဆန်းမိုးအောင်စာပေတို့၏ စာအုပ်အရောင်းဆိုင်များမှ စာအုပ်စာစောင်များအား ဖတ်ရှုလေ့လာ ဝယ်ယူကြကြောင်း သိရသည်။

**ထိန်လင်းအောင်**



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်မှု ကြည့်ရှု

**မြောင်းမြ မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီသည် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မတ် ၁၈ ရက် နံနက်က မြောင်းမြမြို့သို့ရောက်ရှိလာရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းနှင့်တပ်ဖွဲ့ဝင်များက အထပ်မြင့်အဆောက်အအုံတွင် မီးဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်လှေခါးအသုံးပြု၍ လူနာကယ်ဆယ်ခြင်း၊ ဆီအိုးမီးလောင်မှုငြိမ်းသတ်ခြင်း၊ မီးလောင်မှုအမျိုးမျိုးကို လက်တွေ့ မီးငြိမ်းသတ်ခြင်းနှင့် ဆီမီးလောင်မှုကို ငြိမ်းသတ်ခြင်းများ လက်တွေ့ ဆောင်ရွက်ပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်သည် မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်လေးထပ် အဆောက်အအုံ ဆက်လက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်က ဆေးရုံဖွံ့စည်းဆောက်လုပ်မှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံကို သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးနိုင်ရေးမှာကြားခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်လူနာများအား တစ်ဦးချင်းစီ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ရေကြီး ရေလျှံမှုများ ကာကွယ်ထိန်းသိမ်းပေးမည့် သဲစစ်ကန်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သာမန်အသုံးစရိတ်ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းမ ဈေးကုန်းအရှေ့နှင့် ရွာမအရှေ့ ရထားလမ်းနှင့် ကားလမ်းကြား အ မ က(၁) (ဗဟို) ကျောင်းနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့တို့၌ ပေါက်တောချောင်းကိုပတ်၍ တည်ဆောက်ခဲ့သော "သဲစစ်ကန်" (အနည်စစ်ကန်) သည် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သဖြင့် လာမည့်မိုးရာသီတွင် ရေကြီးရေလျှံမှုကို ကာကွယ်ထိန်းသိမ်းသွားနိုင်တော့မည်ဖြစ်ကြောင်း အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ယင်းပေါက်တောချောင်း "သဲစစ်ကန်"(အနည်စစ်ကန်)သည် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ပိုင်မှ လမ်းသစ်လမ်းမတစ်လျှောက် ရေမြောင်းမှ ရေများစတင်စီးဆင်းလာခဲ့ရာ ယင်းစီးဆင်းလာသောရေများသည် အဆိုပါ ပေါက်တောချောင်း သဲစစ်ကန် (အနည်စစ်ကန်) ထဲသို့ရောက်ရှိပြီး လတ်တလောအပြည့်အဝထိန်းသိမ်းထားနိုင်သဖြင့် နှစ်စဉ် မိုးရာသီအတွင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းမကြီးနှင့် အ မ က (၁) ဗဟိုကျောင်းအတွင်း ရေကြီးရေလျှံမှုတို့မှ ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း စည်ပင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ **(ဖြဇ)**

# မြေလျှောင်အန္တရာယ် အသိပညာပေးဟောပြော လက်တွေ့သရုပ်ပြလေ့ကျင့်

**ကြည့်မြင်တိုင် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း ဘုရားငါးဆူဓမ္မာရုံ၌ မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက မြေလျှောင်ဘေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ပန်းပင်ကြီးလမ်းမပေါ်တွင် ပြုလုပ်သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ပြည်သူများ စုစုပေါင်း ၃၅၀ ဖြင့်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ကြည့်မြင်တိုင်)**



# ငမိုးရိပ်ချောင်းအတွင်းသို့စီးဝင်လျက်ရှိသော ဘားလားချောင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး တူးဖော်ဆောင်ရွက်

**လှည်းကူး မတ် ၂၀**

ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်လျက်ရှိသော ဘားလားချောင်းရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန်အတွက် ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများနှင့် အနက်ရရှိအောင်တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြိုတင်တူးဖော်ဆောင်ရွက်လျက်ရှိရာ မတ်လကုန်ပိုင်း၌ အပြီးသတ်တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဘားလားချောင်းမှာ အမှတ်(၁) လမ်းအထက်ပိုင်း မှော်ဘီမြို့နယ်အရှေ့ဘက်တွင် ချောင်းဖျားခံလျက် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းနေခြင်းဖြစ်ပြီး ဘားလားချောင်းဟောင်းနှင့် ချောင်းသစ်တို့မှာ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘားလားရွာအနီး၌ ဘားလားချောင်းအဖြစ်ပေါင်းဆုံကာ ရွှေပေါက်ကံမြို့သစ်အနီးရှိ ဆင်ဖုန်ရေတံခါးမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သောချောင်းဖြစ်သည်။

ဘားလားချောင်းဟောင်းသည် ခန့်မှန်းခြေအလျား ၁၉ မိုင်ခန့်ရှိပြီး ဘားလားချောင်းအသစ်သည် အလျားမိုင် ၅ ဒသမ ၆ မိုင်ရှိကာ ဘားလားချောင်းပေါ်၌ တံတားပေါင်း ၁၁ စင်းရှိကြောင်း သိရသည်။

အဆိုပါဘားလားချောင်းမှာ မိုးရာသီကာလတွင် နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိပြီး ရေကြီးမှုဖြစ်ပေါ်ခိုက် ရွှေနံ့သာကျေးရွာ၊ ငွေနံ့သာကျေးရွာနှင့် ဇေကမ္ဘာစက်မှုဇုန်တို့မှာ ရေနစ်မြုပ်လေ့ရှိကာ ရေကြီးကာလများတွင်လည်း အမှတ်(၁)လမ်း (ရန်ကုန်-မန္တလေးလမ်း) ၌ နှစ်စဉ်ရေကျော်လေ့ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဘားလားချောင်းပေါ်ရှိ တံတားပေါင်း ၁၁ စင်းတွင် ပိတ်ဆို့နေသော နုန်းနှင့် ဒိုက်ဗေဒါများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တူးဖော်ဖယ်ရှားရှင်းလင်းခဲ့မှုကြောင့် အမှတ်(၁)လမ်း ရေကျော်ရက်အနည်းငယ်သာကြာခဲ့ပြီး ရေပြန်ကျသွားခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်တွင်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဘားလားချောင်းရေကြီး၍ အမှတ်(၁) လမ်း၌ ရေမကျော်အောင်ဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအား ညွှန်ကြားခဲ့ကြောင်း သိရပြီး လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေခွဲဝေချထားစီစဉ်ပေးခဲ့ကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးတွင်းမတိုင်မီနှင့် မိုးတွင်းကာလတစ်လျှောက် လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့သောကြောင့် ၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် ရေလုံးဝမကျော်ခဲ့ကြောင်း သိရသည်။

ဘားလားချောင်းသည် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းချိန်နှင့် ထူးကဲဒီရေတို့တိုက်ဆိုင်ပါက ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသောကြောင့် ရေကြီးနစ်မြုပ်မှုမဖြစ်ပွားစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ဘားလားချောင်းချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများနှင့် အနက်ရရှိအောင်တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး ဘားလားချောင်းသို့စီးဝင်မည့် ဆက်စပ်ရိုးများကိုလည်း တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ငမိုးရိပ်ချောင်းရေကြီးနေချိန်၌ ရေနုတ်အားပိုမိုကောင်းမွန်စေရန်အတွက် ဆင်ဖုန်ရေထိန်းတံခါးအသစ် အကျယ်ရှစ်ပေ၊ အမြင့်ရှစ်ပေဖြင့် အပေါက်ပေါင်းရှစ်ပေါက်အား ထပ်မံတည်ဆောက်လျက်ရှိသောကြောင့် ယခုနှစ်မိုးရာသီကာလတွင် ဘားလားချောင်းတစ်လျှောက် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်နိုင်တော့ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**(စိုးဝင်း-MLA)**



## မြသိန်းတန်ဆရာတော်ကြီး၏နှစ်ပတ်လည်ကုသိုလ်တော်နှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မတ် ၂၀**

လွန်ခဲ့သောနှစ်နှစ်က ဘဝနတ်ထံပျံလွန်တော်မူသော မြသိန်းတန်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသရမဟာထေရ်အားရည်စူး၍ နှစ်ပတ်လည် ကောင်းမှုပြုလုပ်ခြင်းနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းစာသင်တိုက်၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘုရားဖူးဆရာတော် ဘဒ္ဒန္တဦးဝိစာရမှ သီလပေးတရားဟောကြားခဲ့သည်။ ယင်းနောက် စာအောင်သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းပြီး ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်၍ အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဓမ္မာစရိယကျမ်းပြီး လေးပါး၊ ဓမ္မာစရိယကျမ်းစွဲ ရှစ်ပါး၊ ပထမကြီးတန်းအောင် ၂၁ ပါး၊ ပထမလတ်တန်းအောင် သုံးပါး၊ ပထမငယ်တန်းအောင် ၇ ပါးတို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇာနည်မောင်**

# စတော်ဘယ်ရီစိုက်ခင်းများ၌ ခေတ်မီရေပန်းစနစ် အသုံးပြုမှုများလာ

**ပြင်ဦးလွင် မတ် ၂၀**

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စတော်ဘယ်ရီစိုက်ခင်းများတွင် ခေတ်မီရေပန်းစနစ်ကို အဓိကအားထားအသုံးပြုလာကြသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ စတော်ဘယ်ရီစိုက်ခင်းအပြင် ဂေါ်ရခါးစိုက်ခင်းများ၊ ပန်းစိုက်ခင်းများကို တွဲဖက်စိုက်ပျိုးကာ တစ်နှစ်ပတ်လုံးဝင်ငွေရရှိအောင် ဆောင်ရွက်ကြသည်။ စတော်ဘယ်ရီဈေး အတက်အကျပေါ်မူတည်၍ အကျိုးအမြတ်ကွာခြားသွားသော်လည်း နှစ်စဉ် ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။

စတော်ဘယ်ရီစိုက်ခင်းကို ခေတ်မီရေပန်းစနစ်ဖြင့်စိုက်ပျိုးသူတစ်ဦးကိုမေးမြန်းကြည့်ရာ "စတော်ဘယ်ရီစိုက်ခင်းကို ရေပန်းစနစ်ကိုအသုံးပြုတာများတယ်ဗျ။ စတော်ဘယ်ရီစိုက်ခင်းစိုက်ပျိုးနိုင်ရေးအတွက် ထယ်ရေးပြင်ဆင်ပြီးတာနဲ့ နှစ်တောင်ရှိပေါင်ကလေးများကို ပြုလုပ်ပေးရပါတယ်။ တစ်ပေါင်နဲ့တစ်ပေါင် အကွာအဝေးကို တစ်တောင်ခြားထားရပါတယ်။ ပေါင်ပေါ်မှာ စတော်ဘယ်ရီပင်ကို လေးပင်တန်းစိုက်ပျိုးကြရပါတယ်။ စတော်ဘယ်ရီစတင်စိုက်ပျိုးချိန်ကတော့ ဩဂုတ်လမှ စက်တင်ဘာလအတွင်း စိုက်ပျိုးတာအကောင်းဆုံးပါပဲ။

လက်ရှိကာလ မတ်လမှာ စတော်ဘယ်ရီအသီးလှိုင်လာသည့်အတွက် ဈေးနှုန်းကျဆင်းလာပါတယ်။ စတော်ဘယ်ရီ ခြင်းသေးတစ်ခြင်းကို ငွေကျပ် ၂၀၀ ကျပ်နဲ့ ဖောက်သည်သွင်းရပါတယ်။ ဈေးကွက်ပေါ်မှာတော့ စတော်ဘယ်ရီသီး အသေးတစ်ခြင်းကို ငွေကျပ် ၃၀၀၊ ၄၀၀ နဲ့ရောင်းနေကြပါတယ်။ စတော်ဘယ်ရီစိုက်ခင်း တစ်ဧကစိုက်ပျိုးထားလျှင် တစ်နေ့အနည်းဆုံး ငွေကျပ် ၅၀၀၀၀၀ ဖိုးအထိ ခူးဆွတ်ရပါတယ်။ တစ်ခင်းလျှင် နှစ်ရက်ခြား တစ်ကြိမ်ခူးဆွတ်ပေးရပါတယ်။ စတော်ဘယ်ရီစိုက်ခင်းအများစုက ဧပြီလနောက်ပိုင်း မေလဆန်းအထိ ခူးဆွတ်ရပါတယ်။ လက်ရှိကာလမှာတော့ စတော်ဘယ်ရီစိုက်ခင်းတွေမှာ ခေတ်မီရေပန်းစနစ်ကို အသုံးပြုနေပါတယ်"ဟု စတော်ဘယ်ရီစိုက်ပျိုးသူတစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**



## ဝါးခယ်မမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဝါးခယ်မ မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး၊ အသက်အန္တရာယ်နှင့်ကြုံတွေ့လာပါက ဆုံးရှုံးမှုလျော့နည်းစေရေးကို ရည်ရွယ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၁၉ ရက် ညနေ ၄ နာရီက မြို့မဈေး၌ ပြုလုပ်ကြောင်း သိရသည်။

သရုပ်ပြပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းဦးဆောင်ကာ မီးသတ်ယာဉ်လေးစီး၊ သနွှေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးဖြင့် မီးငြိမ်းသတ်မှုအား ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးသူ ဈေးသားများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒေသခံပြည်သူများ နွေရာသီ မီးဘေးအန္တရာယ် တွေ့ကြုံခံစားမှုမရှိစေရေး အသိပေးနှိုးဆော်မှုများ၊ မီးငြိမ်းသတ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိပြီး မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးရပ်ကွက်၊ ရွာလယ်ရပ်ကွက်တို့မှ စုစုပေါင်း မီးသတ်ယာဉ်ခုနစ်စီး၊ သနွှေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်

**မကွေး မတ် ၂၀**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို စားသုံးသူဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများရရှိစေရန်၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများလုပ်ကိုင်လာနိုင်၍ ဝင်ငွေတိုးပွားလာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်ကာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မတ် ၂၀ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများကိုယ်တိုင် ဆန်ဖြင့်ပြုလုပ်သော ကိတ်များ၊ ကွတ်ကီးများ၊ ငါးမုန့်ခြောက်၊ တို့ဟူးခြောက်ထုတ်လုပ်ခြင်း၊ မြေပဲပွကြော်၊ အာလူးကြော်ပြုလုပ်ခြင်းဘာသာရပ်များကို သင်ကြားပို့ချသည်။

အထောက်အကူပြုဘာသာရပ်များအဖြစ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ အသိပညာများ သင်ကြားပို့ချသည်။ သင်တန်းသား၊ သင်တန်းသူများအား စီပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး လုပ်ငန်းထူထောင်လိုပါက ဦးစီးဌာနမှ လိုအပ်သောအကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းတင့်ထံ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကျောက်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ မတ် ၂၀**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆယ်မောင်နှင့် နည်းပညာအကြံပေးအဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သက်လယ်ကျေးရွာအုပ်စု သက်လယ်ကျေးရွာတွင် ကျေးရွာကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေအား မတ် ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးက လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များအား လုပ်ငန်းအရည်အသွေး၊ စီမံကိန်းလမ်းညွှန်မှုနှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်းလမ်း ကျောက်ခင်းခြင်းအတွက် စီမံကိန်းမှ ထောက်ပံ့ငွေမှာ ငွေကျပ် ၁၀ သိန်းကျော်ဖြစ်ပြီး ကျောက်ခင်းခြင်းလမ်းအရှည်မှာ ပေ ၃၀၀၀ ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## သောက်သုံးရေများဖြန့်ဝေလှူဒါန်း

**ကျောက်ပန်းတောင်း မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မရဲစခန်းမှ ရဲမှူးသိန်းဦးနှင့်တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအဖြစ် မတ် ၁၈ ရက် နံနက် ၈ နာရီခွဲက သောက်သုံးရေလိုအပ်ချက်ရှိသော ကျောက်ပန်းတောင်းမြို့နယ် စီရင်စုကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့မ ရဲစခန်းမှ ရဲမှူးသိန်းဦး၊ မြို့မစခန်းမှူး ဒုတိယရဲမှူးထွန်းတင်နှင့်တပ်ဖွဲ့ဝင်များသည် နွေရာသီကာလ သောက်သုံးရေခက်ခဲမှုရှိသည့် စီရင်စုကျေးရွာရှိ အိမ်ထောင်စု ၉၀ အတွက် ရေဂါလန် ၅၅၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများကို အိမ်ထောင်စုအလိုက် စနစ်တကျဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့မရဲတပ်ဖွဲ့စခန်းအနေဖြင့် မြို့နယ်အတွင်း သောက်သုံးရေခက်ခဲမှုရှိသည့်ကျေးရွာများကို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းအဖြစ် ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

**ညောင်တုန်း မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးသွင်ကိုကိုမင်းက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မူခင်းကျဆင်းရေး၊ ကျန်းမာရေးကဏ္ဍ၊ လယ်ယာမြေအငြင်းပွားမှုများ၊ ဆည်မြောင်းတာတမံကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။


ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ သိလိုသည့်မေးမြန်းချက်များနှင့် တင်ပြချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

w&m;cHm; tcdlvdwif
zrfqDay;cbnfwyf0Uf m;
tm;*Rpfyqkiay;tyfbnh
tcrftem;ukefukf a&S
ydkc½kwyfUS;kd tpnf
ta0;cefrürwl8&ufuf
10em&Duuif y&m ta&S
c½kwyfUS'wd&rSuD
aumpfu trSum;ajymum;
lyD*Rpfyqkirm;ay;tyfh
aumifoGonf

(၁၁၈)









## ထိပ်ဆုံးမှာ ရပ်တည်နေဆဲ အက်ဒ်ရှီရန်ရဲ့ တေးအယ်လ်ဘမ်သစ်“Divide” “Beauty and the Beast”ရုပ်ရှင်သစ်ရဲ့ တေးအယ်လ်ဘမ်တတိယနေရာနဲ့သာ ကျေနပ်ခဲ့ရ

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တေးဂီတဝက်ဘ်ဆိုက်တွေမှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်(၂၀၀)အတွက် စာရင်းပြုစုခဲ့ရာမှာတော့ ယခင်သီတင်းပတ်က ရောင်းအားအကောင်းဆုံးသောတေးအယ်လ်ဘမ်အဖြစ် စံချိန်တင်ထားခဲ့တဲ့ ဗြိတိန်ရဲ့ ကျော်ကြားတဲ့တေးရေး၊ တေးဆိုတစ်ဦးဖြစ်သူ အက်ဒ်ရှီရန်ရဲ့ တေးအယ်လ်ဘမ်က ယခုသီတင်းပတ်မှာလည်း နံပါတ်တစ်နေရာကို သိမ်းပိုက်ထားနိုင်ဆဲဖြစ်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ လိုက်ဖက်အက်ရှင်ရုပ်ရှင်အမျိုးအစား “Beauty and the Beast”ရုပ်ရှင်မှာ ပါဝင်တဲ့ တေးသီချင်းတွေရဲ့ တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်အဖြစ် မရပ်တည်နိုင်ခဲ့ဘဲ အက်ဒ်ရှီရန်ရဲ့ တေးအယ်လ်ဘမ် “Divide”ကို ရှုံးနိမ့်ခဲ့ရကာ နံပါတ်သုံးနေရာနဲ့သာ ကျေနပ်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အက်ဒ်ရှီရန်ရဲ့တေးအယ်လ်ဘမ် “÷”(Divide) ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ပြီးနောက် ဒုတိယမြောက်သီတင်းပတ်ဖြစ်တဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဇယားကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ တေးအယ်လ်ဘမ်ဟာ တေးအယ်လ်ဘမ်ပေါင်း ၁၈၀၀၀၀ ခန့် ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ လွန်ခဲ့တဲ့ခြောက်လတာကာလအတွင်း သီတင်းပတ်နှစ်ပတ်ဆက်တိုက် ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ ပထမဆုံးသောတေးအယ်လ်ဘမ် ဖြစ်လာခဲ့ကာ ယခင်က “Suicide Squad”ရုပ်ရှင်ရဲ့ တေးအယ်လ်ဘမ်က အဆိုပါနေရာမှာ ရပ်တည်နေခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒုတိယမြောက် ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်အဖြစ် မက်တယ်လီကာရဲ့ တေးအယ်လ်ဘမ် “Hardwired...To Self-Destruct”က ရပ်တည်နေခဲ့ကာ ယင်းတေးအယ်လ်ဘမ်ဟာလည်း သီတင်းပတ်နှစ်ပတ်ဆက်တိုက်နံပါတ်နှစ်နေရာမှာ ရပ်တည်နေခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ တေးအယ်လ်ဘမ်ပေါင်း ၁၀၂၀၀၀ ခန့် ရောင်းခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

တတိယနေရာမှာတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှ စတင်ထုတ်လွှင့်ခဲ့တဲ့ “Beauty and the Beast” ရုပ်ရှင်မှာ ပါဝင်တဲ့ တေးသီချင်းတွေရဲ့ တေးအယ်လ်ဘမ်က တည်ရှိနေတာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ တစ်ပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၅၇၀၀၀ ခန့်သာ ရောင်းချခဲ့ရကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွက် ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်(၁၀)စာရင်းမှာ ပါဝင်နေတဲ့ အခြားသော တေးအယ်လ်ဘမ်တွေကတော့ ဘရူနိုမားစ်ရဲ့ “24K Magic”၊ “Moana” ရုပ်ရှင်ရဲ့ တေးအယ်လ်ဘမ်၊ ဖြူးချားရဲ့ “Future”၊ သယ်ဝိခ်ကန်းဒ်ရဲ့ “Starboy”၊ မက်ဂေ့ါစ်ရဲ့ “Culture”၊ ဖြူးချားရဲ့ “HNDRXX” နဲ့ “Trolls”ရုပ်ရှင်ရဲ့ တေးသီချင်းအယ်လ်ဘမ်တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## လက်ထပ်ပြီးနောက်ပထမဆုံးအကြိမ် ဓာတ်ပုံရိုက်ကူးခဲ့တဲ့ ရိန်းနဲ့ ကမ်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေးဟီးတို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း မင်္ဂလာပွဲဆင်နွှဲခဲ့ကြပြီးနောက် လတ်တလောမှာ ဇနီးမောင်နှံနှစ်ဦးအဖြစ် ပထမဆုံးအကြိမ် မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရိန်းနဲ့ ကမ်တေဟီးတို့ဟာ Harper’s Bazaar မဂ္ဂဇင်းရဲ့ လာမယ့်ဧပြီလထုတ် မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံကို ရိုက်ကူးပေးခဲ့တာဖြစ်ပြီး ယင်းဓာတ်ပုံတွေကို အီတလီနိုင်ငံမှာ သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းကြယ်ပွင့်စုံတွဲ ရိုက်ကူးပေးထားတဲ့ မျက်နှာဖုံးဓာတ်ပုံကို မဂ္ဂဇင်းရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပြီး ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ သာမန်နေထိုင်မှုဘဝပုံစံနဲ့ လက်ရှိဘဝ အကြောင်းကို ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်လည်း ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။



## မင်ဇီ၏တေးအယ်လ်ဘမ်သစ်တွင် ကိုယ်တိုင်ရေးတေးသီချင်းပါဝင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “2NE1” မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မင်ဇီဟာ တေးဂီတအဖွဲ့ကနေ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်လိုတဲ့အတွက် နုတ်ထွက်ခဲ့ ပြီးနောက် သူ့ရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမယ့် တစ်ကိုယ်တော် တေးအယ်လ်ဘမ်ဟာ နှောင့်နှေးမှုတွေ ရှိခဲ့ပြီး လတ်တလောမှာမှ ထွက်ရှိမယ့်ရက်ကို အတည်ပြုပြောကြားနိုင်ခဲ့ကာ အဆိုပါတေးအယ်လ်ဘမ်သစ်မှာ မင်ဇီကိုယ်တိုင်ရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ပါဝင်မှာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မင်ဇီဟာ ပြီးခဲ့တဲ့နှစ် နှစ်လယ်ပိုင်းမှာ အဖွဲ့ကနေနုတ်ထွက်ခဲ့ပြီးနောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တေးအယ်လ်ဘမ်သစ်ဟာ ပရိသတ်ရှေ့ရောက်လာနိုင်ခဲ့ခြင်း မရှိဘဲ နှောင့်နှေးနေခဲ့ပါတယ်။ မင်ဇီဟာလည်း အခြားသောတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “Unnies Slam Dunk 2” နဲ့ ဂီတလှုပ်ရှားမှုတွေကို လုပ်ဆောင်နေခဲ့ပြီး ပြီးခဲ့တဲ့ မတ် ၁၄ ရက်မှာ မင်ဇီရဲ့ လက်ရှိအေဂျင်စီဖြစ်တဲ့ မြူးဇစ်ဝ့ါခ် အန်တာတိန်းမန့်က မင်ဇီရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို မီနီတေးအယ်လ်ဘမ်တစ်ခုအသွင်နဲ့ လာမယ့်ဧပြီလကုန်ပိုင်းမှာ ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားလာခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

မင်ဇီရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့တေးသီချင်းတွေနဲ့ တေးအယ်လ်ဘမ်အမည်ကို လတ်တလောအချိန်အထိ မရွေးချယ်ရသေးကြောင်းလည်း မင်ဇီရဲ့အေဂျင်စီက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါ မီနီတေးအယ်လ်ဘမ်မှာ တောင်ကိုရီးယား နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျေပ့ါခ်နဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ “2NE1”ကနေ နုတ်ထွက်ပြီးနောက် ပထမဆုံးအကြိမ် ထုတ်လွှင့်မယ့် မင်ဇီရဲ့တေးအယ်လ်ဘမ်ဖြစ်နေတာကြောင့် မင်ဇီအနေနဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဘယ်လိုပြောင်းလဲမှုတွေကို ပရိသတ်တွေဆီ သယ်ဆောင်လာမလဲ ဆိုတာကို ပရိသတ်တွေက အထူးစိတ်ဝင်စားလျက်ရှိပြီး ယင်းတေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်နေ့ကိုလည်း ရင်ခုန်စွာစောင့်မျှော်နေကြကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

## ဂျက်ဆီကာဖွင့်ဟလာတဲ့ တစ်ကိုယ်တော်တေးသံရှင်ဘဝမှ အပြောင်းအလဲများ



ယခင်က တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Girls' Generation”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့တဲ့ ဂျက်ဆီကာက မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ အဆိုပါတေးဂီတအဖွဲ့မှ နုတ်ထွက်ကာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီးနောက် သူ့ဘဝမှာ ကြုံတွေ့လာခဲ့ရတဲ့အခက်အခဲတွေနဲ့ အပြောင်းအလဲတွေကို ဖွင့်ဟလာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း တေးဂီတအဖွဲ့နဲ့လမ်းခွဲခဲ့တဲ့ ဂျက်ဆီကာက Marie Claire မဂ္ဂဇင်းရဲ့ ယခုလထုတ်မဂ္ဂဇင်းမှာ သူ့အနေနဲ့ “Girls' Generation” ကနေ နုတ်ထွက်ခဲ့ရတာနဲ့ပတ်သက်တဲ့ အတွေးအမြင်တွေကို အဆိုပါမဂ္ဂဇင်းအင်တာဗျူးမှာ အရိုးသားဆုံးဖွင့်ဟဖြေကြားပေးထားကြောင်းလည်း သိရပါတယ်။

၎င်းအင်တာဗျူးမှာ ဂျက်ဆီကာက “Girls' Generation”ကနေ နုတ်ထွက်ဖို့အတွေးတွေသူ့မှာ စတင်ဖြစ်ပေါ်လာချိန်က နုတ်ထွက်ဖို့အရေးကြောက်ရွံ့စိုးထိတ်မှုတွေလည်း များစွာရှိခဲ့ကြောင်း၊ နုတ်ထွက်ပြီးနောက်ပိုင်းမှာ သူရဲ့ ဆုံးဖြတ်ချက်ဟာ သူ့အတွက် အရာရာကိုပြောင်းလဲပေးနိုင်ခဲ့တဲ့ ဆုံးဖြတ်ချက်တစ်ခုဖြစ်ခဲ့တာကို နားလည်လာခဲ့ကြောင်းလည်း ဆိုပါတယ်။ သူ့ရဲ့ခံစားချက်တွေနဲ့ပတ်သက်ပြီး ဂျက်ဆီကာက “ကျွန်မအနေနဲ့ ၂၀၁၄ ခုနှစ်တုန်းက အဖွဲ့ကနေစတင်နုတ်ထွက်ခဲ့ချိန်မှာတော့ အလွန်ကိုကြောက်ရွံ့နေခဲ့မိပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ကျွန်မဟာ လုံးဝကိုခြားနားသွားတဲ့ ဘဝသစ်တစ်ခုမှာ ရှိနေတယ်လို့ ခံစားနေရပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဂျက်ဆီကာက အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလှုပ်ရှားမှုတွေကိုလုပ်ဆောင်နေရာမှ ယခုလို တစ်ကိုယ်တော်တေးသံရှင်အဖြစ် ရပ်တည်လိုက်တာဟာ သူ့အတွက်ပိတ်ထားခဲ့တဲ့ တံခါးများစွာကို ဖွင့်ပေးလိုက်တာဖြစ်ကြောင်းလည်း ဆိုပါတယ်။ သူက အဖွဲ့ကနေ နုတ်ထွက်ပြီးနောက် သူ့ရဲ့ကိုယ်ပိုင်ဖက်ရှင်ဒီဇိုင်းနဲ့ အဝတ်အစားအမှတ်တံဆိပ်တစ်ခုကို ဖန်တီးလုပ်ကိုင်ခွင့်ရခဲ့ကာ ထိုင်ဝမ်မှာလည်း သရုပ်ဆောင်တစ်ဦးအဖြစ် အောင်မြင်မှုရစေခဲ့ကြောင်းနဲ့ တောင်ကိုရီးယားမှာလည်း တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ခွင့်ရစေခဲ့ကာ မကြာသေးမီက သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် “Wonderland” ကိုလည်း ထုတ်လုပ်နိုင်ခဲ့တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ဒီလိုပြောင်းလဲလာတဲ့ သူ့ရဲ့အနုပညာခရီးနဲ့ပတ်သက်ပြီးလည်း ဂျက်ဆီကာက “Girls’ Generation ကနေ နုတ်ထွက်ပြီးတဲ့နောက်ပိုင်း ကျွန်မရဲ့အလုပ်တွေကို ပိုပြီးလွတ်လွတ်လပ်လပ်နဲ့ စိတ်ရှိတိုင်းလုပ်နိုင်လာတယ်။ ကျွန်မအနေနဲ့ အသက် ၃၀ နားနီးလာတော့ ကိုယ့်ဘဝအတွက်၊ ကိုယ့်အိပ်မက်အတွက်ပဲရှင်သန်ချင်တော့တယ်။ အခြားသူဘယ်သူတစ်ဦးတစ်ယောက်အတွက်မှ ရှင်သန်ရတာတွေ မလိုချင်တော့ဘူး။ ကျွန်မ Girls’ Generation ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်ပဲ ဆက်လက်ရှိနေဦးမယ်ဆိုရင် ဒီနေ့ ဒီလိုအချိန်မှာ ကျွန်မလက်ရှိရရှိနေတဲ့ အခွင့်အရေးတွေကို ရရှိအောင်စွမ်းဆောင်နိုင်လိမ့်မှာမဟုတ်ဘူးလို့ ထင်မိပါတယ်”လို့ ဖွင့်ဟလာခဲ့ပါတယ်။

ဒါ့အပြင်ဂျက်ဆီကာက သူဟာ ဒီဇိုင်နာ၊ သရုပ်ဆောင်၊ အဆိုတော်နဲ့ တေးဂီတပညာရှင်တစ်ဦးအဖြစ် အလုပ်တွေကို အမျိုးမျိုးလုပ်ကိုင်ခဲ့ရင်းက သူ့အတွက် တိုးတက်လာခဲ့ဆုံးသောအရာမှာ သူ့ရဲ့ကိုယ်တိုင်ကြီးပြင်းလာခဲ့မှုသာဖြစ်တယ်လို့ဆိုပါတယ်။ အတိတ်မှာ အချိန်တွေဖြုန်းခဲ့ဖူးတာတွေလည်း သူ့ရဲ့ဘဝမှာ ရှိခဲ့တယ်ဆိုပေမယ့် အချိန်တွေကြာလာတာနဲ့အမျှ သူဟာပိုမိုရင့်ကျက်တည်ငြိမ်လာတယ်လို့လည်း ခံစားရကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

# လူနာရှင်နှင့် လူနာမေးသူများ သတိပြုစရာ

ကြည်လွင်မြင့်(မုဒြာ)



တစ်ခါက စာရေးသူ၏လူနာမိတ်ဆွေတစ်ဦးက ဖုန်းဆက်ပြောလာပါသည်။ အသက် ၈၀ ဝန်းကျင်ရှိ သူတို့၏ဖခင်ကြီး နံနက်အိပ်ရာထချိန် အပေါ့အပါးသွားပြီး ရေအိမ်သာမှအဆင်းတွင် မူးလဲသွားကြောင်း။ ခဏအကြာတွင် ပြန်သတိရလာပြီး အိမ်အနီးအနားမှ ဆရာဝန်ကိုပင့်သည်။ သွေးပေါင်ချိန်သောအခါ သွေးတိုးနေကြောင်းပြောပြီး လိုအပ်သောဆေးထိုးပေးသွားသည်။ စောင့်ကြည့်ရန်လိုကြောင်းပြောသွားသည်။

သတိပြန်လည်လာသောသူတို့ဖခင်ကြီးမှာ ညာဘက်လက်ခြေများ လေးနေသည်။ စကားပြောလျှင် လျှာလေးပြီး သိပ်မပီသသလိုဖြစ်နေသည်။ ရေတိုက်လျှင် သိပ်မျိုချမရ၊ သီးချင်သည်ဟုပြောပါသည်။

စာရေးသူ၏အတွေ့အကြုံအရ သူ့ဖခင်ကြီးမှာ လေဖြတ်ဝေဒနာကို စတင်ခံစားနေရပြီဖြစ်သည်။ ညာခြမ်းလေဖြတ်လျှင် သန်သည့်ဘက်ဖြစ်သဖြင့် လျှာပါလေးသွားလေ့ရှိပါသည်။ စကားလည်း မပီမသဖြစ်နိုင်ပြီး အချို့မှာ လုံးဝမပြောနိုင်သည်အထိ လေဖြတ်သွားတတ်ပါသည်။

သူတို့က လူနာကို စာရေးသူ၏အကြောပြင်ဆေးခန်းသို့ ခေါ်လာမည်ဟုပြောပါသည်။ အကြောပြင် လိုက်လျှင် ပြန်ကောင်းသွားမည်ထင်ကြောင်းပြောသည်။

စာရေးသူက ဆေးရုံအရင်တင်ရမည်ဖြစ်ကြောင်းနှင့် ယခုခေတ်ပေါ် CT head ဦးခေါင်းဓာတ်မှန် ရိုက်ဖို့လိုကြောင်းနှင့် ဦးနှောက်အတွင်း သွေးကြောပိတ်၍ဖြစ်သလား ။ သွေးကြောစိမ့်ပေါက်သွားသလား စစ်ဆေးရန် ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးတစ်ဦးဦးသို့ အပ်နှံပြသရန်လိုအပ်ကြောင်းပြောပါသည်။

သူတို့က ဆေးရုံမတက်လိုကြောင်း၊ စရိတ်စကကြီး၍ မဟုတ်ပါ။ သူတို့ဖခင်ကြီးက ဆေးရုံကြောက်သည့်စိတ်ရှိသူဖြစ်ကြောင်း၊ ဆေးရုံရောက်လျှင် ပိုဆိုးသွားမှာစိုးကြောင်းပြောသည်။

ထို့အပြင် "လေဖြတ်တာ မြန်မာဆေးကပိုကောင်းတယ်။ အနှိပ်နဲ့ပျောက်သွားတဲ့လူတွေအများကြီးရှိနေတာပဲ"ဟု လွဲမှားသောအယူအဆကို ပြောပြန်ပါသည်။

ဤအယူအဆမှာ မှားယွင်းသောအယူအဆဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက် လေဖြတ်လဲကျသွားလျှင် ပထမဆုံးဦးစားပေး ကုသရမည့်အချက်မှာ သူ၏သွေးပေါင်အတက်အကျကို ထိန်းပေးရန်ဖြစ်သည်။ အထူးသဖြင့် ဦးခေါင်းအတွင်းတွင်ဆို့နေသော သွေးခဲကိုဖယ်ရှားရန် သို့မဟုတ် ပေါက်နေသော၊ ယိုစိမ့်နေသောသွေးကြောရှိ၊ မရှိ ရှာဖွေပြီး သွေးယိုရပ်အောင်ကုသရန်မှာ လိုအပ်သည်။

လေဖြတ်သည့်လူတိုင်း ဦးနှောက်သွေးကြောပေါက်ခြင်းမဟုတ်ပါ။ ဦးနှောက်သို့ သွေးထောက်ပံ့မှုမရခြင်း အကြောင်းရင်းများစွာရှိသည်။ သွေးပေါင်ချိန်တက်၍ သွေးကြောပေါက်ခြင်းရှိသလို နှလုံးမှသွေးခဲ၊ အဆီခဲ တစ်စုံတစ်ရာမျောပါသွားပြီး ဦးနှောက်တွင်ပိတ်ဆို့ခြင်းလည်းရှိသည်။ ထို့အပြင် ရိုးရာတိုင်းရင်းဆေးပညာအယူအဆအရ လေပိတ်ပြီး လေပူဖောင်းပိတ်၍လည်း ဦးနှောက်သွေးမရောက်ဘဲ လေဖြတ်ခံရနိုင်သည်။

လေဖြတ်ခြင်းသည် နှလုံးရောဂါရှိသူများတွင် နှလုံးတိုက်ခိုက်မှု Heart Attack ဖြစ်သကဲ့သို့ ဦးနှောက်အတိုက်ခိုက်ခံရခြင်း Brain Attack ဖြစ်သည်ဟု ခေတ်မီဆေးပညာရှင်များက ဆိုကြပါသည်။

ရှေးကသုံးစွဲခဲ့သောဝေါဟာရမှာ CVA( cerebro-vaseular accident ) ဦးနှောက်သွေးကြော မတော်တဆ ထိခိုက်ပျက်စီးမှုဟုဆိုသည်။ သို့သော်လည်း လေဖြတ်ခြင်းမှာ အခြေခံခဲ့သော နှစ်ရှည်အနေအထိုင်၊ အစားအသောက်မှားခဲ့မှုများကြောင့် ဖြစ်နိုင်သဖြင့် မတော်တဆမှုတစ်ခုအဖြစ်တော့ အမြဲမမှန်ကန်နိုင်ပါချေ။

လူ့ခန္ဓာကိုယ်ရဲ့လျှာဖြစ်စေ၊ ကိုယ်တစ်ခြမ်းဖြစ်စေ၊ ခြေတစ်ချောင်း သို့မဟုတ် လက်တစ်ဖက် မလှုပ်ရှားနိုင်တာ နာရီပိုင်းမျှသာဖြစ်ပြီး ပြန်ကောင်းသွားလျှင် 'လေဖြန်း' သည်ဟုခေါ်ပါသည်။ နာရီပိုင်းထက်ပိုပြီး ၂၄ နာရီကျော်သွားလျှင်တော့ လေဖြတ်သည်ဟုခေါ်ပါသည်။

နာရီပိုင်းမျှ 'လေဖြန်း' သွားပြီး ပြန်ကောင်းသွားလျှင် ပေါ့ပေါ့ဆဆနေသူများရှိသည်။ ရှေ့နှစ်အနည်းငယ်အတွင်း လေဖြတ်မည့် ရှေ့ပြေးလက္ခဏာဖြစ်သည်။

အချို့က လေဖြန်းခြင်းကို 'အနှိပ်ခံလိုက်တာ တစ်ခါတည်းနဲ့ ပြန်ကောင်းသွားတယ်' ဟု ပြောကြသည်။ ရှေ့ပြေးလက္ခဏာဖြစ်၍ မနှိပ်လည်း ပြန်ကောင်းမည်သာဖြစ်ပါသည်။ အချို့အနှိပ်သည်များကလည်း လေဖြတ်တာ သူနှိပ်တာ တစ်ခါတည်းနဲ့ပြန်ကောင်းသွားတယ်ဟု ကြွားပြောလေ့ရှိကြသည်။ လေဖြတ်ခြင်းသည် အလွယ်တကူပြန်ကောင်းနိုင်သည့် ဝေဒနာမျိုးမဟုတ်ပါ။

လေဖြတ်သူတွင် ရောဂါပေါင်းစုံ ရှိနေတတ်ပါသည်။ သွေးတိုးရှိလျှင် သွေးတိုးကုသခြင်း၊ ဆီးချိုရှိလျှင် ဆီးချိုကုသခြင်း၊ နှလုံးရောဂါရှိလျှင် နှလုံးကုသခြင်းများကို အလျင်ကုသပြီးမှသာ အာရုံကြော ပြန်လည်သန်စွမ်းရေးဆရာက အကြောပြင်ကုသရမည်ဖြစ်သည်။ အချိန်မတိုင်မီ အကြောပြင်ခြင်း၊ အနှိပ်နှင့်ကုသခြင်း မပြုလုပ်သင့်ပါ။

မလိုအပ်သောကြန့်ကြာမှုကြောင့် ဦးနှောက်အတွင်း သွေးယိုစီးမှုလွန်ကဲသွားလျှင် အသက်ဆုံးရှုံးနိုင်သည်။ သွေးကြောပိတ်ဆို့မှုကို မဖယ်ရှား၊ မကုသနိုင်လျှင်လည်း သွေးထောက်ပံ့မှုမရသော ဦးနှောက်အစိတ်အပိုင်းမှာ သေသွားနိုင်၊ ပုပ်သွားနိုင်သည်ကို အထူးပင် သတိပြုဖို့လိုအပ်ပါသည်။

ဤသို့သောအကြောင်းများကြောင့် စာရေးသူ မိတ်ဆွေ၏ ဖခင်ကို စာရေးသူက ဆေးရုံတက်ရန် တိုက်တွန်းရခြင်းဖြစ်ပါသည်။

သူတို့က စာရေးသူ၏တိုက်တွန်းချက်အရ ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးတစ်ဦးနှင့်ပြပြီး ငွေကြေးလည်း အတော်အသင့်တတ်နိုင်သူများဖြစ်သဖြင့် ပြင်ပဆေးရုံကြီးတစ်ခုတွင် တက်ရောက်ကုသလေသည်။

ပြင်ပဆေးရုံကြီးတွင် တစ်ရက်လျှင် သောင်းချီပေးရသည်။ အထူးခန်းမှာ အဲကွန်းနှင့် ကျယ်ကျယ်ဝန်းဝန်းနေရသဖြင့် သူတို့ စိတ်ချမ်းသာသည်။ မိသားစုအားလုံးလိုက်သွားနိုင်ပြီး အနီးကပ်ပြုစုသဖြင့် ဖခင်ကြီးမှာလည်း စိတ်ချမ်းသာ၍ ဆေးရုံရောက်ပြီးချိန်အထိ ရွှင်လန်းလျက်ရှိသည်ဟုဆိုပါသည်။

ကံကောင်းထောက်မစွာ ဦးနှောက်ဓာတ်မှန် အဖြေထွက်လာသောအခါတွင်လည်း အလွန်သေးငယ်သော သွေးခဲလေးပိတ်ဆို့ခြင်းသာဖြစ်ပြီး ဆေးသွင်းရုံဖြင့် ကြေသွားနိုင်ကြောင်းသိရသဖြင့် ဝမ်းသာကြသည်။ ဆေးရုံတွင် သိပ်ကြာကြာနေရဖို့မရှိကြောင်း ပြောပါသည်။ စာရေးသူက ဆေးရုံတက်ရန်တိုက်တွန်းခဲ့သဖြင့် အဖြေကို ရှင်းရှင်းလင်းလင်းသိရ၍ ကျေးဇူးအထူးတင်ကြောင်းလည်း ပြောကြပါသည်။

သို့သော် သိပ်မကြာလိုက်ပါ။ ဆေးရုံတက်ပြီး နောက်တစ်ရက်နံနက်မှာပင် သူတို့ဖခင်ကြီးမှာ ဆေးရုံပေါ်တွင် သတိလစ်ပြီး တက်မလိုဖြစ်သွားသဖြင့် ပြန်ဖောက်သွားပြီး အခြေအနေဆိုးသွားကြောင်း ယခုဆရာဝန်ကြီးများက အရေးပေါ်အောက်ဆီဂျင်စက် တပ်ပေးထားကြောင်း ဖုန်းဖြင့်ပြောသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

စာရေးသူသည် လူချင်းလည်းနှစ်ပေါင်းများစွာရင်းနှီးခဲ့သောလူနာမိတ်ဆွေများဖြစ်သဖြင့် သတင်းမေးရန် ဆေးရုံသို့ လိုက်သွားပါသည်။

ဆေးရုံရောက်တော့မှ လား. . လား. . . အဖြစ်မှန်ကို သိလိုက်ရပါတော့သည်။

မနေ့က သူတို့ဖခင်ကြီးကို ဆေးရုံလာမေးသူ ညနေပိုင်းတွင် လူ ၂၀ ခန့်ရှိသည်ဟုဆိုသည်။ လူတွေနှင့် အခန်းပြည့်ဖြစ်နေသည်။ အနီးအဝေး ဆွေမျိုးသားချင်း၊ မိတ်ဆွေမှန်သမျှ ရောက်လာကြသည်။ ပုဂ္ဂလိကဆေးရုံဖြစ်သဖြင့် ဆရာဝန်ကြည့်ချိန်မှလွဲ၍ အကုန်အဝင်ခံသည်။

သည်ကြားထဲ ဆွေမျိုးသားချင်းထဲမှ တစ်ဦးက ဆေးရုံအခန်းထဲမှာဖွင့်ထားသော အဲကွန်းကို "အေးလိုက်တာ၊ ဘာလို့ဒီလောက်ဖွင့်ထားရတာလဲ၊ လေဖြတ်တဲ့လူနဲ့ အဲကွန်းကမတည့်ဘူး" ဟုဆိုကာ ပိတ်သွားခဲ့သည်ဟုဆိုသည်။

ထိုဆေးရုံ တတိယထပ်ရှိ သူတို့ငှားထားသော အခန်းကျယ်ကြီးမှာ လေဝင်ပေါက်မရှိပါ။ ခြင်မဝင်နိုင်စေရန် လေလုံလုပ်ထားသော Aircon type (အအေးခန်း) အမျိုးအစားဖြစ်သည်။ ဤသို့သောအခန်းကို လေဖြတ်သူနဲ့မတည့်ဟုဆိုကာ အဲကွန်း လေအေးစက် ပိတ်လိုက်သောအခါ လေကောင်းလေသန့် fresh air မရှိသောအခန်းဖြစ်သွားလေသည်။ အောက်ဆီဂျင်ပြတ်သွားသည်ဟုလည်း ပြောနိုင်ပေသည်။

နဂိုကမှလေဖြတ်သွား၍ ဦးနှောက်လေပိတ်နေသူမှာ လေကောင်းလေသန့် (အောက်ဆီဂျင်) မရသောအခါ သတိလစ်ပြီး တက်သွားခြင်းဖြစ်ပါသည်။ အဆုတ်အတွင်းသို့ လေကောင်းလေသန့်မဝင်သဖြင့် သွေးမသန့်စင်တော့ဘဲ မွန်းကျပ်သွားခြင်းဖြစ်လေသည်။

အလွန်ကြောက်စရာကောင်း၍ သတိချပ်ရမည့်ကိစ္စဖြစ်ပါသည်။ လူနာမေးကြသောသူများ အထူးသတိပြုကြဖို့လိုပါသည်။ အားပေးရန်လာခြင်းသည် စုပြုံလာသောအခါ အခန်းကျဉ်းလေးတွင် လူငွေ့များကြောင့် အသက်ရှူကျပ်စေပါသည်။

ထို့အပြင် လူနာအပေါ်တွင် လွှမ်းမိုးသောအပြုအမူများ မလုပ်သင့်ပါ။ ဘယ်အစာမတည့်ဘူး၊ လေတိုက်မခံနဲ့၊ အဲကွန်းမတည့်ဘူး၊ တံခါးပေါက်တွေပိတ်ထား၊ ပန်ကာမဖွင့်နဲ့၊ အစာမစားနဲ့၊ ရေမသောက်နဲ့ စသော မလိုအပ်သောညွှန်ကြားချက်များ မလုပ်သင့်ပါ။ လက်တွေ့ဒုက္ခရောက်သွားသူမှာ လူနာဖြစ်ပါသည်။

စာရေးသူသည် သူ့ဖခင်ကြီးအခန်းကို လေအေးပေးစက် ပြန်ဖွင့်ခိုင်းပါသည်။ အေးလွန်းလျှင် အအေးချိန်ပြန်လျှော့ပေးဖို့လည်းမှာပါသည်။ လူနာမေးမည့်ဧည့်သည်များကို လက်ခံလျှင် တစ်ပြိုင်တည်းမဝင်ကြဘဲ အချိန်ခွဲခြားပြီး နှစ်ယောက်၊ သုံးယောက်သာဝင်ဖို့ အကြံပြုခဲ့ပါသည်။

လေအေးပေးစက်ပြန်ဖွင့်ပြီး လူဝင်လူထွက်လျှော့လိုက်သောအခါ နောက်နေ့များတွင် လူနာအခြေအနေပြန်ကောင်းလာပါသည်။ အောက်ဆီဂျင်ပိုက်လည်း ဖြုတ်လိုက်ရပြီး ပြန်လည်လန်းဆန်းလာသည်။ ပါးစပ်မှစကားမပြောနိုင်သေးသော်လည်း လေသံမျှထွက်လာသည်။ မျက်လုံးဖွင့်ပြီး ကြည့်လာပါသည်။

စာရေးသူ၏မိတ်ဆွေမိသားစုများမှာ ဆေးရုံအတွေ့အကြုံမရှိခြင်း၊ ရှေးခေတ်က ဝန်ဆောင်မှုညံ့ပြီး လူနာနှင့် ဆရာအင်အားမမျှသော ဆေးရုံကြီးများကို ကြားဖူးနားဝနှင့်ကြောက်နေခြင်းမှာ မဆန်းပါ။ ယခုအခါ ဆေးရုံအချိန်မီရောက်ရှိခြင်းကြောင့် လူနာအသက်ကယ်နိုင်သောအကျိုးကို သိရပြီဖြစ်ပါသည်။

သို့သော် သူတို့ကို ဆေးရုံတက်ရန်တိုက်တွန်းမိသော စာရေးသူ၏အသိဉာဏ်တွင် ဝင်လာမြင်လာသည့် အရာများမှာ မဆုံးနိုင်တော့ပါ။ ကျန်းမာရေးချို့ယွင်းလျှင် နာရီမလပ် အချိန်ပြည့်စောင့်ရှောက်မှုကို ဆေးရုံကြီးများကပေးနိုင်သည်မှာ မှန်ပါသည်။ သို့သော် လူနာရှင်များဘက်မှလည်း အောက်ပါအချက်များကို သတိပြုဖို့လိုပါသည်။

(၁) ဆေးရုံကို ကြောက်ဖို့မလို။

(၂) အပန်းဖြေဟိုတယ်တစ်ခုကဲ့သို့လည်း မမှတ်ယူစေလိုပါ။

(၃) မိသားစုဝင်အားလုံး ဆေးရုံတွင်စုပြုံမနေသင့်ပါ။ လိုအပ်သလိုသာ အလှည့်ကျစောင့်ရှောက်ပါ။

(၄) ဆေးရုံတက်ရသည့်သတင်းကို မိတ်ဆွေများသို့ မလိုအပ်ဘဲ မပြောပါနှင့်။

(၅) ဆေးရုံသတင်းမေးလာသူများလျှင် လူနာအားရှိသည်မှာမှန်သော်လည်း လူများလျှင်မကောင်းပါ။

(၆) ဆေးရုံတွင် တာဝန်ရှိသူများမှ နည်းမှန်လမ်းမှန်ကုသပေးနေသဖြင့် မလိုအပ်သော ပြင်ပအကြံပေးချက်များ မလုပ်ပါနှင့်။

(၇)ဆေးရုံမှ လိုအပ်၍တပ်ဆင်ထားသော စက်ကိရိယာအသုံးအဆောင်များကို မိမိနှင့်မဆိုင်ဘဲ မဖြုတ်၊ မတပ်ပါနှင့်။

(၈) လူနာမေးသူသည် မိမိယုံကြည်ရာတစ်ခုခုကို ဆေးရုံတက်နေသူကိုလုပ်ခိုင်းခြင်းဖြင့် လူနာကို ဒုက္ခရောက်စေနိုင်သလို သူယုံကြည်အပ်နှံထားသော ဆရာ၊ ဆရာဝန်များ၏စေတနာ၊ လုပ်ပိုင်ခွင့်ကို ကျော်လွန်အောင် မပြုပါနှင့်။

(၉) လူနာကို အေးချမ်းစွာနေပါစေ၊ ဆူညံအောင် မပြုပါနှင့်၊ နားပူအောင် စကားများများပြောခြင်း မပြုပါနှင့်။

နည်းမှန်လမ်းမှန်ကုသမှုပေးရမည်မှာ ဆရာဝန်၊ ဆရာများ၏ တာဝန်ဖြစ်သည်။ လူနာရှင်များဘက်မှလည်း လိုက်နာစောင့်ထိန်းရမည့် လူနာကျင့်ဝတ်များရှိကြောင်းကို ရေးသားအသိပေးလိုပါသည်။ ။

# သင်လည်းတစ်နေ့ . . .

ဇော်စန်းမြင့်

တီ. . . တီ. . . တီ. . . တီ. . .

တတီတီနှင့် လက်ကိုင်ဖုန်းအော်မြည်သံက ဘုရားဝတ်ပြုနေသည့်အာရုံပေါ် လွှမ်းမိုးလျက်ရှိသည်။ ဝတ်ပြုမှုမပြီးသေး၍ ဖုန်းမကိုင်အား၊ ဖုန်းခေါ်သံက ပေါ်လိုက်ပျောက်လိုက်နှင့် မြည်လျက်သာရှိတော့သည်။

ဘုရားဝတ်ပြုပြီးတော့ ဖုန်းကထပ်မည်လာပြန်သည်။ ဒီတစ်ခါတော့ ဖုန်းကိုဖွင့်လိုက်သည်။ မိမိမှ ဟလိုဟု နှုတ်မဆက်ရသေး တစ်ဖက်မှ မင်္ဂလာပါ ဦးဇော်ကြီး ခင်ဗျာဟု နှုတ်ဆက်လာသည်။ တစ်ဖက်မှ နှုတ်ဆက်သူအသံသည် ဖြည်းဖြည်းလေးလေးနှင့် တုန်တုန်ချည့်ချည့်ဖြစ် သည်။ အသက်ကြီးပိုင်း ဖြစ်ဟန်တူ၏။

**ဝန်ထမ်းဟောင်း**

"ကျွန်တော်က ဝန်ထမ်းဟောင်းတစ်ဦးပါ။ ဒီနေ့သတင်းစာမှာ သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သတင်းပါလာလို့ ဖုန်းဆက်ကြည့်တာပါ။ ကျွန်တော်အသက် ၉၀ ထဲ ရောက်နေပြီလေ၊ တစ်ချိန်ကတော့ မိုးကြိုးတို့ ကြေးမုံတို့မှာ ပျော်ပျော်ပါးပါး သတင်းထောက်လုပ်ခဲ့တာပေါ့။ ကျွန်တော်လည်း သက်ကြီးပူဇော်ပွဲမှာ ပါဝင်ချင်လို့ပါ" ဟု ပြောဆိုလာတော့သည်။ မိမိဘက်ကလည်း ရှင်းပြစရာရှိသည်များကို သေသေချာချာရှင်းပြပြီး မိတ်ဆုံစားပွဲနှင့် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားခဲ့သည်။

မကြာမီအချိန်အတွင်း ဖုန်းက ထပ်မြည်လာပြန်သည် -

"ကျွန်တော်က သတင်းနှင့် စာနယ်ဇင်းက အငြိမ်းစားဝန်ထမ်း ဦး. . . . . . ပါဗျာ။ အခု သတင်းစာဖတ်ရင်း သတင်းနှင့် စာနယ်ဇင်း သတင်းဖတ်မိလို့ပါ။ ဒီလိုအသင်းကြီးရှိတာ မသိခဲ့ဘူးဗျာ။ ဘယ်လိုလုပ်ရမလဲ။ ကျွန်တော်က လမ်းမလျှောက်နိုင်တော့ အပြင်သွားဖို့လည်း တော်တော် အခက်အခဲရှိတယ်ဗျ။ အသင်းဝင်ချင်လို့ အိမ်ကိုလာခဲ့ပါလား" ဟု ပြောဆိုဆက်သွယ်လာရာ မိမိဘက်မှ လူကြီးမင်းဆန္ဒအတိုင်းဖြစ်အောင် ကူညီပေးပါမယ်ဟု ပြန်လည်ဖြေကြားခဲ့ရသည်။

အဲဒီနေ့ တစ်နေ့လုံး ဖုန်းကအဆက်မပြတ် မြည်လျက်ရှိပြီး အသင်းနှင့် ပတ်သက်သော ဖုန်းအမေး၊ အဖြေများကို တော်တော်လုပ်ခဲ့ရသည်။ အများစုမှာ အသင်းဝင်လိုကြောင်း၊ ဘယ်လိုဆက်သွယ်ရမည် မသိကြောင်း၊ အသင်းနှစ်စဉ်ကြေး မည်မျှသွင်းရမည်ကို မသိရှိကြောင်း၊ အသင်းကြီး ဆက်လက်တည်ရှိစေလိုကြောင်း၊ ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း၊ ပင်စင်စားများ၊ ဝန်ထမ်းဟောင်းများ၏ နာရေးကိစ္စများတွင် အမှုဆောင်အဖွဲ့ကိုယ်တိုင် အိမ်တိုင်ရာရောက် သွားရောက်အားပေးခြင်း၊ အကူအညီပေးခြင်းများရှိသဖြင့် ဝန်းထမ်းဟောင်းများ၊ ပင်စင်စားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် မုဒိတာစကားများ ကြားရ၊ ဖြေရတော့သည်။

**စတင်ဖွဲ့စည်း**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ပေါ်ပေါက်လာခဲ့သည်မှာ ဧပြီလတွင် နှစ်နှစ်သက်တမ်းပြည့်တော့မည်ဖြစ်သည်။ သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၅ ခုနှစ် ဧပြီလက သတင်းနှင့် စာနယ်ဇင်း ရုံးချုပ် သိမ်ဖြူလမ်း အစည်းအဝေးခန်းမကြီး၌ အငြိမ်းစားဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများကို စုစည်းစေပြီး အသင်းဖွဲ့စည်းရန် အကြံဉာဏ်ယူခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ဝန်ထမ်းဟောင်းများ၏ဆန္ဒဖြင့် အဖွဲ့ဝင် (၁၁)ဦးပါသော အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ အသင်းမဖွဲ့စည်းမီ အသင်း၏အမည်ကို ဦးစွာစဉ်းစားကြရသည်။ သတင်းနှင့်စာနယ်ဇင်းသည် လုပ်ငန်းအဖြစ်လည်းကောင်း၊ ကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ တည်ရှိခဲ့သဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကော်ပိုရေးရှင်းတို့အစား သတင်းနှင့်စာနယ်ဇင်းဟုသာ သုံးနှုန်းရန် ရွေးချယ်ခဲ့ကြသည်။ အသင်းဖွဲ့စည်းရာတွင်လည်း အငြိမ်းစားများသာမက ဝန်ထမ်းဟောင်းများအားလုံး ပါဝင်နိုင်ရေးရည်ရွယ်ကာ သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းဟု အမည်ပေး ဖွဲ့စည်းခဲ့ကြသည်။



အသင်းတွင်ဥက္ကဋ္ဌအဖြစ် ဦးမြင့်ဆွေ (မြင့်ဆွေမြင့်) စာတည်းမှူးချုပ်(ငြိမ်း) ကြေးမုံသတင်းစာက ဆောင်ရွက်ပြီး ဘဏ္ဍာရေးမှူးအဖြစ် ဦးထွန်းလင်းအောင် (စာတည်းမှူး-ငြိမ်း) မြန်မာ့သတင်းစဉ်က ဆောင်ရွက်ခဲ့ကြသည်။

**အသင်းသားအဖြစ်ပါဝင်ခွင့်**

အသင်းသားအဖြစ်ပါဝင်လိုသူများသည် သတင်းနှင့် စာနယ်ဇင်းလက်အောက်ရှိ အဖွဲ့အစည်းများဖြစ်သည့် ကြေးမုံသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ The Working People's Daily/ The New Light of Myanmar၊ ဗိုလ်တထောင်သတင်းစာ၊ မြန်မာ့အလင်း ပုံနှိပ်တိုက်၊ ဂါဒီယန်သတင်းစာ၊ ယခင်မြဝတီ၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း/ပြည်ပ) နှင့် သတင်းနှင့်စာနယ်ဇင်း (ရုံးချုပ်)တို့မှ အငြိမ်းစားများနှင့် အထက်ဖော်ပြပါ အဖွဲ့အစည်းများတွင် အမြဲတမ်းရာထူး၌ အနည်းဆုံး(ခြောက်လ) တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှုကင်းစင်သူများကိုလည်း အသင်းသားအဖြစ်ပါဝင်ခွင့်ပြုထားသည်။

အသင်းသား အမျိုးအစားအနေဖြင့် သာမန်အသင်းသားနှင့် ရာသက်ပန်အသင်းသားဟူ၍ နှစ်မျိုးခွဲခြားထားရှိသည်။ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးအား သာမန်အသင်းသားအတွက် အသင်းဝင်ကြေး ကျပ် ၅၀၀၀ နှင့် နှစ်စဉ်ကြေး ကျပ် ၃၀၀၀ သတ်မှတ်ထားရှိပြီး ရာသက်ပန်အသင်းသားများအတွက် ရာသက်ပန်အသင်းသားဝင်ကြေး ကျပ် ၃၅၀၀၀ ပေးသွင်းပြီး မိမိတို့နှစ်သက်ရာ အသင်းသားအမျိုးအစားအဖြစ်ပါဝင်ခွင့်ရှိသည်။ အသင်းသားများ ရပိုင်ခွင့်အနေဖြင့် သာမန်အသင်းသား၊ ရာသက်ပန်အသင်းသား အားလုံးတို့သည် အသင်းအမှုဆောင်အဖွဲ့တွင် ပါဝင်ရွေးချယ်ခံပိုင်ခွင့်၊ အသင်းသားများ ကွယ်လွန်ပါက ကျန်ရစ်သူမိသားစုများအနေဖြင့် နာရေးကူညီထောက်ပံ့ငွေ ခံစားပိုင်ခွင့်နှင့် အသင်းမှဆောင်ရွက်သည့် ဘာသာရေးလုပ်ငန်းများဖြစ်သော သက်ကြီးပူဇော်ပွဲများ၊ အခြားပွဲများတွင် ပါဝင်နိုင်ခွင့် စသည့်အခွင့်အရေးများခံစားနိုင်ခွင့်ရှိကြသည်။

**ထောက်ပံ့မှုပေး**

အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသင်းသားများအား ကူညီထောက်ပံ့မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် အသင်းသားဦးရေ ပိုမိုတိုးတက်လာရေးကို ဦးစားပေးစည်းရုံးဆောင်ရွက်ရန်၊ အသင်း၏ ဘဏ္ဍာငွေအပေါ် မူတည်ပြီး အသင်းသားများ မကျန်းမမာဖြစ်သည့်အခါတွင်လည်းကောင်း၊ ရာသီဥတုဒဏ်ကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာသည့်အခါများတွင်လည်းကောင်း တစ်တပ်တစ်အား ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန် ရှေ့လုပ်ငန်းစဉ်အဖြစ် စီမံဆောင်ရွက်လျက်ရှိသည်။

**ပူဇော်ကန်တော့**

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများ အသင်းမှ ကြီးမှူး၍ မိတ်ဆုံစားပွဲ၊ ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၂၆-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့) တွင် မြသိန်းတန်ကျောင်း ပုဇွန်တောင်၌ သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်ခြင်း၊ ၂၀၁၅-၂၀၁၇ အမှုဆောင်သက်တမ်းအတွင်း ကွယ်လွန်ခဲ့သော အသင်းသားငါးဦးအတွက် ရည်စူးကုသိုလ်ပြုခြင်း၊ ဝန်ထမ်းဟောင်းများ မိတ်ဆုံစားပွဲကျင်းပခြင်း။ (အသင်းဝင်သည်ဖြစ်စေ/ အသင်း မဝင်သည်ဖြစ်စေ ပျော်ပျော်ပါးပါး မိတ်ဆုံစားကြရန် ဖိတ်ကြားပါသည်။) အသက် (၈၀) ဝန်းကျင်ရှိ သတင်းနှင့် စာနယ်ဇင်းကို ဦးဆောင်ခဲ့သူ ဆရာသမားများအား ပူဇော်ကန်တော့ခြင်းနှင့် အသက် (၈၀) နှင့်အထက် အသင်းသားကြီးများအား သက်ကြီးပူဇော်ကန်တော့ခြင်းတို့ကျင်းပရန် စီစဉ်ထားပါသည်။

အခမ်းအနားအတွက် ကုန်ကျစရိတ်များအား အသင်းရန်ပုံငွေမှ လုံးဝကျခံသုံးစွဲမည်မဟုတ်ဘဲ အမှုဆောင်များ၏ တစ်ဦးချင်းအလှူငွေ၊ သီးခြားအလှူရှင်များ၏ အလှူငွေ၊ စေတနာရှင်အငြိမ်းစားဝန်ထမ်းများ၏ အလှူငွေ၊ ဝန်ထမ်းဟောင်းကြီးများ၏ စေတနာအလှူငွေများဖြင့်သာ ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ အခမ်းအနားတက်ရောက်လာသည့် အငြိမ်းစားဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများအားလုံး အသင်းဝင်လိုက အသင်းဝင်နိုင်ရန်နှင့် အသင်းဟောင်းများ၏ နှစ်စဉ်ကြေးများလည်း တစ်ပါတည်းပေးသွင်းနိုင်ရန် စီစဉ်ထားရှိပါသည်။

**ကန်တော့ခံ သက်ကြီးဆရာသမားများ**

(၁) ဦးခင်မောင်အေး
ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
(၂) ဦးသန်းမောင်
ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
(၃) ဦးတင်ခ
(ဦးဆောင်ညွှန်ကြာရေးမှူး (ငြိမ်း)
(၄) ဦးထိန်လင်း
အယ်ဒီတာချုပ် (ငြိမ်း)၊ ဗိုလ်တထောင်သတင်းစာ
(၅) ဦးရဲတင့်
အယ်ဒီတာချုပ် (ငြိမ်း)၊ ကြေးမုံသတင်းစာ
(၆) ဦးစဝ်ကိုင်ဖ
အယ်ဒီတာချုပ် (ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာ
(၇) ဦးမင်းကျော်မင်း
အယ်ဒီတာချုပ် (ငြိမ်း)၊ NLM
(၈) ဦးမြသိန်း
အယ်ဒီတာချုပ် (ငြိမ်း)၊ ဗိုလ်တထောင်သတင်းစာ
(၉) ဦးဝင်းမောင် (မင်းယုဝေ)
အယ်ဒီတာချုပ် (ငြိမ်း)၊ မြဝတီ
(၁၀)ကြေးမုံ ဦးသော်
မန်နေဂျာ(ငြိမ်း)၊ ဗိုလ်တထောင်သတင်းစာတိုက်
(၁၁)ဦးလှကြွင်
ညွှန်ကြားရေးမှူး (စီမံ-ငြိမ်း) ရုံးချုပ်
(၁၂)ဦးလှထွန်း
ညွှန်ကြားရေးမှူး (သတင်း/ငြိမ်း) ရုံးချုပ်
(၁၃)ဦးမြတ်သူ
ဒုတိယအယ်ဒီတာချုပ်(ငြိမ်း) တို့အား သက်ကြီးဆရာများအဖြစ် ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး အသက်(၈၀)အထက် အသင်းသားကြီးများကိုလည်း ကန်တော့ကြမည်ဖြစ်သည်။

**စေတနာ့ဝန်ထမ်း**

လက်ရှိအမှုဆောင်တစ်ဖွဲ့လုံးသည် မိမိစရိတ် မိမိစားလျက် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းဟောင်းကြီးများ ကျန်းမာရေး၊ နာရေးကိစ္စများကို ကိုယ်ချင်းစာတရား အပြည့်ဖြင့် စေတနာ့ဝန် ထမ်းလျက်ရှိကြသည်။ "စိတ်ရှည်သည်းခံစွာဖြင့် ကမ်းလင့်ကြိုဆိုမည်"ဆိုသောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရင်း အမှုဆောင်အဖွဲ့သစ်ကို ကမ်းလင့်ကြိုဆိုလျက်ရှိပါကြောင်း။

သင်လည်းတစ်နေ့ . . .

"အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသင်းသားများအား ကူညီထောက်ပံ့မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး ဦးစားပေး . . . အသင်းသားများ မကျန်းမမာဖြစ်သည့်အခါနှင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာသည့်အခါ ကူညီဆောင်ရွက် . . ."

ကြော်ငြာ

ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင် – CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI (Official page)
LCCI & ACCA
စာရင်းကိုင်သင်တန်းများ
for 2017, September Exam
Level I, II, III
ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
LCCI Approved Centre
အမှတ် – ၂၄၄ (တတိယထပ်)၊ မီးပွိုင့်နှင့်ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း (ထက်)။ Tel: 01-377610, 01-384175, 09-730 66231, 09-730 99752, 09-320 60060

PRO 1 HOME CENTER
"One Place, Get All."
မြန်မာ့သင်္ကြန်အကြို
အထူးဈေးရောင်းပွဲတော်
15th March ~ 11th April 2017
ကျပ် သိန်း (၁၀၀) ဖိုးဝယ်ယူသူတိုင်းအတွက် ရွှေဆွဲပြားလက်ဆောင်
ကျပ် သိန်း (၅၀) ဖိုးဝယ်ယူသူတိုင်းအတွက် ရွှေလက်စွပ်လက်ဆောင်
ကျပ် သိန်း (၄၀) ဖိုးဝယ်ယူသူတိုင်းအတွက် Air Cooler လက်ဆောင်
ကျပ် သိန်း (၃၀) ဖိုးဝယ်ယူသူတိုင်းအတွက် Induction Cooker လက်ဆောင်
ကျပ်သုံးသိန်းနှင့်အထက်ဝယ်ယူသူတိုင်းအတွက် Lucky Draw နှင့် ဆုလက်ဆောင်တွေ အများကြီးပေးမဲ့အစီအစဉ်တွေလည်းပါဝင်ပါတယ်နော်...

- Hisense Ks 263,000 **237,000** TV 32"(Digital) LEDN32D33T/H32M2100S
- AEK 2.1 Speaker + Bluetooth LT-319 Ks 35,000 **30,000**
- Beko Ks 390,000 **339,000** Refrigerator RDNT230I20P/50P (2Door)
- Ganva Ks 140,000 **112,000** Chandelier 81156/6
- Ganva Ks 50,000 **40,000** Chandelier 77851/5
- Ks 165,000 **132,000** GB Lighting Fan 52" YD-WF8004
- Hisense Ks 104,500 **95,000** Refrigerator RS-06DR4SA (42Li)
- AEK 2.1 Speaker + Bluetooth LT-264 Ks 50,000 **42,500**
- Hisense Ks 268,000 **235,000** Air Conditioner AS-09CR4FYDDC (1HP)
- Teka Ks 290,000 **261,000** Gas On Glass Hob G 73 2G AI AL 2TR
- Kennede Ks 8,100 **6,600** Rechargeable Lantern KN-6863LS
- Kennede Ks 6,100 **5,000** Rechargeable LanternKN-L8815
- Ks 113,000 **88,000** Steel Door (Econimic) STD-008(250x960x50) (LHI,RHI,RHO,LHO)
- Sony Ks 319,000 **309,000** DVD (Hi Fi / 470 W RMS) MHC-V11
- Teka Ks 439,000 **395,000** Decorative Hoods LDA 90
- Force Ks 136,200 **115,000** Table Lamp MT71284-1
- Kennede Ks 16,400 **13,500** Rechargeable Torch KN-8196
- Asiko Ks 21,500 **19,500** No.008BL
- Cotto Ks 49,700 **35,500** Wendy Lav 1TH BasinC014 WH
- Sen Can Ks 92,600 **85,500** Hammer Drill 722615
- Happy Ware Ks 23,000 **20,500** Colosseum 4 Tier Shelf W/Dish Rack PB-628/4 DR
- DH Ks 556,600 **380,000** Table + Chair DH-6625+DH1009 (8.3x1.2 Inch)
- Ks 383,900 **295,000** Table & Chair B 88 Dehui-6669
- Cotto Ks 145,000 **121,000** BEN - P 3/6L Closet Two Piece CT13442 WH (p-Trap)
- MARKITA Ks 45,900 **39,000** Hammer Drill M0801G
- Happy House Ks 2,500 **2,400** Porcelain Tile W6S 111 (600x600mm)

PRO 1 MYANMAR
Lanthit Branch- 01 647730, 01 644832
Satsan Branch- 01 201849, 01 201850
East Dagon Branch- 01 2585158,01 2585159

## Panasonic လျှပ်စစ်မီးခလုတ်၊ Breaker အတုများနှင့်ပတ်သက်သော အသိပေးကြေညာချက်

Panasonic Corporation (formally known as 'Matsushita Electric Industrial Co.,ltd') သည်လျှပ်စစ် နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်၍ ကမ္ဘာတစ်ဝန်း၌ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။ ထို့အပြင် ၎င်းပိုင်အောက် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံ တွင်လည်း တရားဝင် မှတ်ပုံတင်ထား ပြီးဖြစ်ပါသည်။

**Panasonic** Registration Number. 1986/101 and 1859/2016

Panasonic Japan အနေဖြင့် ၎င်းပစ္စည်းများ သုံးစွဲသူများအား အလေးထားကျေးဇူးတင်အပ်ပါသည်။ ယခုအခါတွင် Panasonic လျှပ်စစ်မီးခလုတ် အတုများနှင့် Breaker အတုများကို ရန်ကုန်မြို့ နှင့် တခြားမြို့ အချို့တွင် ရောင်းချနေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ပစ္စည်းအတုများအား ရောင်းချ ဖြန့်ဖြူးနေခြင်းသည် Panasonic ကုန်အမှတ်တံဆိပ်၏ မူပိုင်ခွင့်အား ချိုးဖောက်ရာ ရောက်ပါသည်။ အတုများကို ဝယ်ယူသုံးစွဲသူများသည်လည်း လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် Panasonic ကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲအားပေး နေကြသူများနှင့် Panasonic ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် တရားဥပဒေများ နှင့်အညီ ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

Panasonic Corporation ၏ အထက်ပါပစ္စည်းများနှင့် ပတ်သက်၍ မြန်မာပြည်အတွက်တရားဝင်ဖြန့်ဖြူး ရောင်းချခွင့်ရှိသော ကုမ္ပဏီ -

**Yandayar Trading Co., Ltd**

၃၀(ခ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၀၂၃၁၃၊ ၅၀၁၃၂၉၊ ၅၁၂၉၁၁။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဥမ္မာထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၀၇)
ဖုန်း- ၅၅၇၉၉၀၊ ၅၅၉၈၉၄ ။

Panasonic Corporation
Panasonic Asia Pacific Pte.Ltd (Myanmar Branch)
No.G-15, Tower D, Pearl Condominium, Kabar Aye Pagoda Road, Bahan Township.Yangon. ဖုန်း-8604657.

TechnoEye computer & cctv 09 50 69 617, 09 42 81 28782
(၄လုံးစက်) ကြိုး+တပ်ဆင်ခ အပြီးအစီး
- HDCVI Digital 4CH RECORDER
- HDCVI 1000 Bullet (In/Out)Door 4 Units
- 1TB SATA HARDDISK SYSTEM
- 20AMP SUPPLY SYSTEM
- MIC RECORDER SYSTEM 1 UNIT
- BNC + DC Jack ,Waterproof Joint Box 4 Sets
- Coaxial Cable Meter 50 + Installation
350,000-Ks
PRICE CHALLENGE
ပစ္စည်း အကန့်အသတ်ရှိပါသည်
Promotion ကာလမှာ
ပြေလကုန်ထိသာ အကျုံးဝင်ပါသည်။
2 Years Warranty
720 P Full HD
နယ်မှ မှာယူလိုသူများအားစိတ်တိုင်းကျ ပို့ပေးပါသည်။
(၈လုံးစက်) ကြိုး+တပ်ဆင်ခ အပြီးအစီး
- HDCVI Digital 8CH RECORDER
- HDCVI 1000 Bullet (In/Out)Door 8 Units
- 1TB SATA HARDDISK SYSTEM
- 20AMP SUPPLY SYSTEM
- MIC RECORDER SYSTEM 1 UNIT
- BNC + DC Jack ,Waterproof Joint Box 8 Sets
- Coaxial Cable Meter 80 + Installation
550,000-Ks

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

Hawk Group
Sofa Settee (ဆိုဖာဆက်တီ)အဟောင်းများကိုပြုပြင်ပေးပါသည်။







ဖုန်းလေးဆက်လိုက်ရုံပါပဲ ...
☎ : 0943030930 , 09789444709

OK$

20,000 Ks လက်ဆောင် ရယူလိုက်ပါ။

KMD မြေနီကုန်း စင်တာ

(၂၄.၃.၂၀၁၇)ရက် နေ့မှ စ၍ Application Courses သင်တန်းသား
အယောက် (၁၅၀) အတွက်သာ

KMD Hot Line 09 261972585 okdollarapp okdollar.com

၂၆၀၀ ကြိမ် + တစ်နှစ်လျှင် အူမကြီးမှန်ပြောင်းကြည့်ရှု ခြင်း

(မရှိ) အူမကြီးမှန်ပြောင်း ကြည့်ရှု နေစဉ်နှင့် ကြည့်ရှု စစ်ဆေးပြီးချိန်တွင် နောက်ဆက်တွဲဆိုးကျိုးဖြစ်ပေါ်မှု

၃၆.၄ ရာခိုင်နှုန်း ကင်ဆာအကျိတ်အား တွေ့ ရှိမှုနှုန်း
Vs ပုံမှန်နည်းပညာဖြင့် တွေ့ ရှိမှုနှုန်း ၂၅ ရာခိုင်နှုန်း

BLUE RIBBON

BEATING COLON CANCER

Medical collaboration

ဂျပန်နိုင်ငံရှိ SANO ဆေးရုံမှ ဆန်းသစ်တီထွင်ထားသော ရောဂါရှာဖွေခြင်းနှင့် ကုသခြင်း နည်းပညာ

Totally, Truly Care

01-378583 สมิติเวช SAMITIVEJ

Retail Outlet Database

Complete with GPS + Map (Real Time/ Offline)

d2 MAPS

လက်ရှိ ဖြန့်ဖြူးနေသော Outlet များထက်ပို၍ တိုးချဲ့ဖြန့်ဖြူးနိုင်ရန် Outlet Data အသစ်များကို ဆိုင်အမည်၊ ဓာတ်ပုံ၊ ဆက်သွယ်ရန် ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ ရောင်းချသည့် ကုန်ပစ္စည်းနှင့် GPS Point များရရှိနိုင်မည်။

- မိမိပစ္စည်းကို သယ်ယူမည့်သူ၊ တစ်ဆင့်ခံရောင်းမည့် ဆိုင်များအားမြေပုံပေါ်တွင် ကွင်းကွင်းကွက်ကွက် တစ်စုတည်း ကြည့်နိုင်ခြင်း။
- တစ်ဆိုင်ချင်း၊ တစ်ဦးချင်း Data များကို ကြိုတင်ပြုစုထားပြီး Database Search ဖြင့်ရှာဖွေနိုင်ခြင်း။
- ERP Enterprise Resource Planning နှင့် တွဲဖက်အသုံးပြုနိုင်ခြင်း။
- လူဦးရေ Data Map ပေါ်တွင် မိမိရောင်းရန် Target များ ရှာဖွေခြင်း။
- အိမ်ခြံမြေဈေးနှုန်းများ နှိုင်းယှဉ်ခြင်း၊ ငွေကြေးတတ်နိုင်သူများ တစ်စုတစ်စည်းတည်း နေထိုင်သော အထပ်မြင့်အိမ်ရာများ မြေပုံနှင့် Marketing Plan ချခြင်းတို့ကို ဆောင်ရွက်နေပုံများလည်းလေ့လာနိုင်ပါသည်။



No.165, 35th Street, KTDA, Yangon. Tel : 01 204020, 09 774 204020, 775 204020, 455 204020, 5030177




သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London), ဒေါ်သန္တာထွန်း B.Sc (Physics)
ဦးစီးတည်ထောင်ဖွင့်လှစ်သည့်
မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC
MYANMAR EDUCATION CENTRE
မြန်မာ့ပညာရေးအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း
အထူးအဆင့်မြင့်စာသင်ဝိုင်း (၁၀ တန်း)
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကကက ၁၃/၀၂/၀၉၃
သူငယ်တန်းမှ နဝမတန်းအထိ (မေလ ၄ ရက်) နေ့နှင့် ဒသမတန်းကို (မတ်လ ၂၀ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ စရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပီတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉၉၆၁၇၇၁၅၄၅၁
မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကိုပိုင်နိုင်စွာ သင်ကြားနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ အလိုရှိသည်

မိုးမြင့်ကြယ်
တျိုက်ထီးရိုး (၈နေ့/၇ည) 33000
ရွှောင်းသာ (Guest - ၇ည) 40000
(၈နေ့ည) (Hotel - ၇ည) 47000
ငွေဆောင် (Hotel - ၇ည) 45000
(၈နေ့ည) (Hotel+ကား) 40000
သကြံန်တွင်း ချောင်းသာ/ငွေဆောင်
Hotel+ Guest အခန်းစီစဉ်ပေးသည်။
ကားမျိုးစုံငှားရမ်းလိုက်ပါ ဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

ရွှေစိန်စည် သင်္ကြန်ခရီးစဉ်များကြိုတင်ရောင်းပြီ
April 12, 17 ထွက်မည်
■ ရွှေစက်တော်နှင့် စကြိုးတဲ၊ နတ်မှုက်၊ မကွေး၊ ပြည် (၇) ရက်။
■ ရွှေစက်တော်၊ ပုဂံ (ရွှယ်တော်လေးဆူ) ပုပ္ပါး (၅) ရက်။
■ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဗိုလ်ဝင်တောင်၊ ရွှေဘာတောင် (၅) ရက်။
■ အလောင်းတော်ကဿပ သီးသန့် (၇) ရက်။ မန္တလေး ပြင်ဦးလွင်ပါ (၅) ရက်။
■ တောင်ကြီး အင်းလေး ပင်းတယ ထန်ခမ်းလွိုက်ကွ (၇) ရက်။ လှိုင်ကော်ပါ (၅) ရက်။
■ ထားဝယ်ရှင်မော်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက်ထီးရိုး (၅) ရက်။ မြိတ် ပါ (၆) ရက်။
Mar 24 31
ပုဂံ၊ ပုပ္ပါး (ရွှယ်တော်လေးဆူ ပြည့်ဝင်ပြည်)၊ ပခုက္ကူ (၃) ရက်။ Hotel-75000
373275, 708342, 0949219404 အိမ်အရောက်လက်မှတ်ပို့

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံး စရိတ်ငြိမ်းဖြစ်ပါသည်။
၁၂ ရက်ခရီး - ဟိုတယ် (၃) ည → ဈေးနှုန်း (စရန်ငွေ ၂ သိန်း + ဒေါ်လာ ၇၀၀)
၁၅ ရက်ခရီး - ဟိုတယ် (၅) ည → ဈေးနှုန်း (စရန်ငွေ ၂ သိန်း + ဒေါ်လာ ၇၅၀)
၁၅ ရက်ခရီး - ကိုလ်းကတ္တားပါ ဟိုတယ် (၄) ည → (စရန်ငွေ ၂ သိန်း + ဒေါ်လာ ၈၀၀)
နယူးဒေလီ၊ တပ်ရှ်မဟာ၊ ကိုလ်းကတ္တား၊ သိပ္ပံကမ္ဘာ၊ ဝိတိုရိယဘုရင်မပြတိုက်၊ Shopping
ထွက်ခွာမည့်ရက်များ- ဧပြီ ၈ - ၁၂ ရက်ခရီး * ဧပြီ ၁၂ - ၁၅ ရက်ခရီး
(၁၆) ဦး စုစည်းလိုက်ပါလျှင် (၁) ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။
Hot Line 095120529
ဖုန်း - ၀၁ - ၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD) ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ် - ၂၇၆/၂၇၈ (မြေညီ)၊ ပန်းဆိုးတန်းလမ်း (ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၂၀၁၇ – ၂၀၁၈ စာသင်နှစ်အတွက်
ဦးဉာဏ်လွင်
B.Sc(Phy),M.Sc (Thesis)
❁ ၉ တန်း နှင့် ၁၀တန်း
❁ ဘာသာစုံဝိုင်းများ
❁ ရူပဗေဒ သီးသန့်တန်းများ
ကျောင်းကြိုအပ်လက်ခံပြီ
တန်းခွဲတိုင်းတွင် တသင်မြန်သင်မည့် ဆရာ/ဆရာမများ တက်ရောက်နိုင်သည်။
အမှတ်(၁၀၆)၊ ဆိပ်ကမ်းသာလမ်း။ 01-253205, 09-420737118

Yaung Chi Thit Lin Moving Service Co., Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

Daddy & Mommy Travels & Tours
သင်္ကြန်နှစ်သစ်ကူးအထူး Promotion အစီအစဉ်
10% Discount / ခရီးစဉ်တိုင်း ၁၀ ဦး
အတာသင်္ကြန် ခရီးစဉ်များ (April 13,18)
-မြိတ်ဘုရားစုံနှင့် သဘာဝကျွန်းစု
-မြဝတီ၊ မဲဆောက်
-ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ
-ပုဂံ၊ ညောင်ဦး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ
-တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော
-လှိုင်ကော်၊ ပင်းတယ၊ ရွာင် (မြသပိတ်ရေပြာဆိုင်)
နေ့ချင်းပြန် ခရီးစဉ်များ
(အထက်ပါ ခရီးစဉ်များ)
Hotline; 09 257103031, 09 257103032
Car Rental Service
09 782157210,257103070
အမှတ် (၄၇) အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၂၅၇၁၀၃၀၃၁၊ ၂၅၇၁၀၃၀၃၄၊ ၂၅၇၁၀၃၀၅၁၊ ၂၅၇၁၀၃၀၆၀၊

GUSTO COLLEGE
UNIVERSITY OF GLOUCESTERSHIRE
" UK ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော UoG ၏ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းဘွဲ့ကို GUSTO COLLEGE ၌ တက်ရောက်နိုင်ပြီ"
BSc (Hons) Computing (Top-up Degree)

Education Seminar
MARCH 27
Novotel Yangon Max
( Mandalay Room )
10:00 am ~ 12:00 pm
- UK QCF Level 5 နှင့်ညီမျှသော HND, L5DC, ABE Diploma ရရှိထားပြီးသူများ လျှောက်ထားနိုင်သည်။
- GUSTO မှ HND ပြီးမြောက်ထားပြီးသူများ တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်သည်။
- အခြားမှ HND ပြီးထားသူများသည် ၎င်းတို့သင်ယူခဲ့သောဘာသာရပ်များ ရွေးချယ်မှုမမှန်ခဲ့ပါက (UK တက္ကသိုလ်များမှ မျှော်လင့်ထားသော ဘာသာရပ်များ မသင်ခဲ့ရပါက) Bridging ဘာသာရပ်တချို့ကို ပေါင်းကူးအနေဖြင့်တက်ရောက်ရန် လိုအပ်ချက်ရှိနိုင်သည်။
>> လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်နိုင်ပါသည်။
Register Now : 09 862 8806, 09 789 888 222


HONDA | NCX
အသုံးစွန် စွမ်းဆောင်ရည်နဲ့
အလန်းဆုံး Style ပေါင်းစပ်မှု
NEW STYLE + PERFORMANCE
WAVE 110i
အဆင့်မြင့် ဆိုင်ကယ်ကို လမ်းမျိုးစုံအတွက်
ဖန်တီးထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။
Honda Wave 110i အသစ်များသည်
အထင်ကရ သေသပ်လှပသော လက်ရာမြောက်
ပြိုင်ဘီးဒီဇိုင်းစစ်စစ်များ ဖြစ်ပါသည်။
နောက်ဆုံးပေါ် PGM-FI နည်းပညာ၏ ကျေးဇူးဖြင့်
အပိုစွမ်းအင်စွန့်ထုတ်မှု သက်သာစေမည့်
အမျိုးအစားဖြစ်ပြီး ခေတ်ရေ့ပြေးဒီဇိုင်းကို
လေခွင်းအားကောင်းစွာနှင့် ရင်သပ်ရှုမောဖွယ်အသွင်ဖြင့်
မြင်တွေ့ရမှာ ဖြစ်ပါသည်။
From
၁,၅၆၀,၀၀၀ ကျပ် (Spoke)
POWER UP
သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး အမြင့်မားဆုံး စွမ်းဆောင်ရည် ပေးစွမ်းနိုင်သည့် နောက်ဆုံးပေါ် 110cc. PGM-FI နည်းပညာသုံး အင်ဂျင်
အားလုံးရဲ့အမြင်ကို ဖမ်းစားနိုင်မည့် လေခွင်းအားကောင်း အရှိန်မြင့် ဒီဇိုင်းအသစ်
ချောမွေ့စွာ စီးနင်းနိုင်ပြီး အရှိန်လျှော့ချမှုအတွက်လည်း စိတ်ချရသည့် Mono-Cylinder Disc ဘရိတ်အသစ်
စီးနင်းရာတွင် ပေါ့ပါးပြီး မောင်းနှင်ရာတွင် ငြိမ့်ညောင်းခြင်းပေးစွမ်းမည့် တိကျသေချာသော ဝင်ရိုးကိုယ်ထည်
01218521
ဒီနေ့ပဲ နီးစပ်ရာ Honda NCX အရောင်းပြခန်းကို သွားရောက်ကြည့်ရှုပြီး
အသုံးစွန်စွမ်းဆောင်ရည်နဲ့ အလန်းဆုံး Style ကို ဖော်ထုတ်ခံစားလိုက်ပါ။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
၀၉ ၂၅၀ ၁၁၁၂၅၅
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်
• မှော်ဘီ ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၈၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၁ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇
MOBILE SERVICE
HONDA | NCX
HONDA
NCX MYANMAR CO.,LTD.
SERVICE

၃နှစ် အာမခံ

DOOR TO DOOR
အိမ်တိုင်ရာရောက်
ကောင်းချ
တပ်ဆင်ပေးသည်

အဲကွန်းတပ်ဖို့ဆိုရင်စဉ်းစားမနေနဲ့ဖုန်းသာဆက်လိုက်...



**AQUA**
JAPAN
Room Air Conditioners

- ဂျပန် မျိုးဆက်သစ် အရည်အသွေးမြင့် Air Con ဖြစ်သည်
- R410A GAS အသုံးပြုထားသဖြင့်အအေးနှုန်းစူးရှသည်
- သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်သဖြင့် ရေရှည်သုံးစွဲနိုင်သည်
- လျှပ်စစ်ဓါတ်အားကျသွားချိန်တွင် ကောင်းစွာအလုပ်လုပ်နိုင်သည်

## ဆက်သွယ်ဝယ်ယူနိုင်သောနေရာများ

**ရန်ကုန်**

| | |
|---|---|
| ကျောက်တံတား | Arkar Electronic ~ 01 256947 |
| | MC Electronics Centre ~ 01 256136 |
| | Nadi Electronics ~ 01 240069 |
| | Smile Electronics ~ 01 253520 |
| မင်္ဂလာတောင်ညွန့် | Air Temp ~ 09 5053392 |
| လှိုင်သာယာ | San Brotherhood ~ 01 706193 |
| တာမွေ | Apple ~ 01 557619 |
| အင်းစိန် | Mahar Tun ~ 09 421132117 |
| ရွှေပြည်သာ | TH Technicians ~ 09 5412956 |
| မရမ်းကုန်း | Pyan Hlwar ~ 01 650522 |
| အလုံ | MS ~ 09 5159927 |
| ကမာရွတ် | Taing Pyae Aung ~ 09 252536320 |
| ကျောက်မြောင်း | Standard Engineering ~ 09 5416569 |
| **မော်လမြိုင်** | Tourist Electronic ~ 057 25484 |
| **ဘားအံ** | Pine Forest ~ 09 761607618 |
| **မြဝတီ** | Nay Woon Ni ~ 09 425328275 |
| **ဟင်္သာတ** | Kabar Lone Electronic ~ 044 22106 |
| | Ko Zaw Latt ~ 09 425277676 |
| **ပုသိမ်** | Penguin ~ 09 422515242 |
| **မြောင်းမြ** | Maguite Joe Phyu Electronic ~ 042 70215 |
| **တောင်ငူ** | U Paik Kyue ~ 054 25308 |

**မန္တလေး**

| | |
|---|---|
| ၂၇၊၂၈ ကြား၊လမ်း(၈၀) | Shwe Kyay Min ~ 09 259020100 |
| ၃၁၊၃၂ ကြား၊လမ်း(၉၀) | Top Star ~ 09 402542485 |
| ၃၅လမ်းနှင့်ရဖြလမ်းထောင့် | Yadanabon ~ 09 440452033 |
| ၁၉၊၂၀ ကြား၊(၈၂)လမ်း | Super Ko Min Oo ~ 09 2013131 |
| ဗြဲလမ်းနှင့်မနော်ဟရီလမ်းထောင့် | Htein Lin ~ 09 402580178 |
| ၃၀၊၃၁ ကြား၊လမ်း(၈၄) | Sein Gyi ~ 02 31288 |
| **ကျောက်ဆည်** | Bright Star ~ 09 2055072 |
| **ပဲခူး** | Seinhin ~ 09 261999933 |
| **နေပြည်တော်** | Great ~ 09 448539239 |
| **တောင်တွင်းကြီး** | Htet Myat ~ 09 972877072 |
| **မကွေး** | Aye Chan Pyae ~ 063 25109 |
| **အောင်လံ** | Ko Pae Pae ~ 09 777890262 |
| **ပြည်** | U Mar Too ~ 09 423671860 |
| **ပခုက္ကူ** | Lin Electronic ~ 062 23386 |
| | Kan Thar ~ 09 402557411 |
| **မြင်းခြံ** | Silver Star ~ 09 2215763 |
| **ကျောက်ပန်းတောင်း** | Lamin Soe ~ 09 2220210 |
| **မိတ္ထီလာ** | Dee Dee ~ 064 24058 |
| **မြိတ်** | Family Electronic ~ 09 5121743 |
| **စစ်ကွေ** | Than Naing Electronic ~ 09 250089620 |

OAH CO., LTD

Yangon Head Office
No.303~304, 3rd Floor, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : (+95) 1-256501~6 , 392986, Hotline : 09 442 666 421, Email : oahmmaquaaircon@gmail.com
Mandalay Branch
#No. (Pa/28), Yangon - Mandalay Road, Between Theik Pan Street & Phayargyi Street, Chanmyatharsi Township, Mandalay.
Tel : 09 257840126, Hotline : 09 791107723, g-mail : oahmandalay@gmail.com

---

၁၀၀% ဧရိုဗ် / ဖြူဖောား
အခန်းဖွဲ့ နံရံနှင့်မျက်နှာကြက်ပြား
သကြင်္န်ပွဲတော်အကြိုအထူး

Since 1996
Home
think of House, think of Home



အခန်းဖွဲ့ ၃ ကျင်း → ဖေါ်ပျော် 3'x3' အလူမီနီယံဆလိုက်တံခါး ၁ ပေါက် လက်ဆောင်
ပထမဆုံးဝယ်သူ (၁၀)ဦးအထိ
FREE
ပိတ်ရက်မရှိ

အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။
အမှတ်(၄/၄၆၇)၊(၂)ရပ်ကွက်၊ အိုင်(၄)၊ တပင်ရွှေထီးလမ်း၊ ပယောဂမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။
☎ 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (မြိတ်ကြီးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

23
မဆလာ
(ဖင်းတော်ဆွေးချိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

City & Guilds
DUAL TECH
Institute of Vocational Education
- Diploma in Air-Con & Refrigeration (၆လ /၁နှစ်)
- Diploma in Civil (Construction)
- Diploma in Electrical & Electronic
- Adv; Diploma in Civil (Construction)

10% Discount 27.3.2017 အထိ

People's Choice Award ဆုရှင်(၁)ဦး ရရှိခဲ့သည်။
Diploma English (4Skills)
၁၀တန်းဖြေဆိုပြီး ...,
၁၀တန်းအောင်မှပြီး AGTI/ B-Tech/ B-E
Ph:01 8550596, (09) 73020803, 420 313719.www.dualtechmyanmar.com

---

GARTEN FLOOR
Specialize of Vinyl & Laminate Floor
ခေတ်မီ နောက်ဆုံးပေါ် ဒီဇိုင်းများကို Garten တွင်ရွေးချယ်ပါ။
Garten Floor Show Room သို့ကြွရောက်ခဲ့ပါ။

Garten Material
Bring Up Happy Life



မြန်မာနှစ်သစ်ကူးအထူး PROMOTION အနေဖြင့် (1.3.2017) မှ (30.4.2017)နေ့အထိ Laminate Floor နှင့် Vinyl Floor များအား(၅ ကျင်း) နှင့် အထက် ဝယ်ယူအားပေးသော Customer များအတွက် 5% Discount ပေးနေပါပြီ။

**Vinyl Floor**
- 100 % ရေစိုခံနိုင်ခြင်း။
- ရေငွေ့ရိုက်မှုခံနိုင်ခြင်း။
- ခေတ်မီသေသပ်လှပခြင်း။
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ခြင်း။
- ရာသီဥတုကြောင့်ဖြစ်ပေါ်သော စိုထိုင်းမှုကို (၁၀၀%)ကာကွယ်နိုင်ပါသည်။

**Laminate Floor**
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ကူပြီး အခြားနေရာတွင် ပျက်စီးမှုမရှိဘဲ ပြန်ခင်းနိုင်ခြင်း။
- Double Clip System ကို အသုံးပြုထားသောကြောင့် တစ်ခုနှင့် တစ်ခု ချိတ်ဆက်ရာတွင် ခိုင်မြဲခြင်း။
- မတော်တဆ ညစ်ပေသွားလျှင်လည်း အလွယ်တကူ သန့်စင်နိုင်ခြင်း။
- မီးဒဏ်ကို သာမန်ထက် ပိုမိုခံနိုင်ရည်ရှိခြင်း။
- Polish တင်ရန်မလိုဘဲ အမြဲတမ်း တောက်ပအရောင်မှိန်ခြင်း။

HOT LINE 09 459 177778 | 09 240 0988

အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | 09-790 177709, 09-790 178988 | garten.sh@gmail.com

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး**

# Southern နှင့် မကွေး အရှုံး၊ အနိုင်မပေါ်

**မော်လမြိုင် မတ် ၂၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ရွှေ့ဆိုင်းပွဲစဉ်ဖြစ်သော Southern နှင့် မကွေးတို့၏ပွဲကို ယနေ့ညနေ ၃ နာရီခွဲက မော်လမြိုင်မြို့၌ ကျင်းပသည်။

**Southern - ဂိုးမရှိ**
**မကွေး - ဂိုးမရှိ**

Southern အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုများကို အဆုံးမသတ်နိုင်ခဲ့သော်လည်း သရေရလဒ်ကြောင့် တန်းဆင်းဇုန်အတွင်းမှ ဂိုးကွာခြားချက်အသာဖြင့် ရုန်းထွက်နိုင်ခဲ့သည်။ ပွဲဆက်များနေသည့် မကွေးအသင်းသည် နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့ပြီး သရေပွဲကြောင့် အဆင့်(၇)နေရာမှ တက်လှမ်းနိုင်ခြင်း မရှိခဲ့ပေ။



Southern နှင့် မကွေးတို့ ယှဉ်ပြိုင်နေစဉ်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် Southern အသင်းက ဂိုးရနိုင်သည့် အခွင့်အရေးပိုရခဲ့သော်လည်း အဆုံးသတ် အားနည်းခြင်း၊ ဘားထိထွက်ခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။

ပွဲစဉ် (၉)အပြီးတွင် ရန်ကုန်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးက ဦးဆောင်နေပြီး ရတနာပုံအသင်းက ၂၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၉ မှတ်၊

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❂



ယခင်နှစ်က မန္တလေးကျုံးပတ်လည်ရှိ သင်္ကြန်မဏ္ဍပ်၌ ရေကစားနေကြသည့် မြင်ကွင်း။

# ကျုံးမြို့ရိုးပတ်လည်ရှိ အရှေ့ဘက်ခြမ်းတွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားသူများပြား

**မန္တလေး မတ် ၂၀**

မန္တလေးကျုံးမြို့ရိုးသုံးဖက်တွင် သင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ရန် မတ် ၁၃ ရက်မှ ၂၀ ရက်အထိ လျှောက်ထားခွင့်ပြုခဲ့ရာ ယခုနောက်ဆုံးရက်အထိ လျှောက်ထားသူ ၃၀ ရှိပြီး ကျုံးအရှေ့ဘက်ခြမ်းတွင် ဆောက်လုပ်ခွင့် လျှောက်ထားသူ ပိုမိုများပြားနေကြောင်း သိရသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ကျုံးမြို့ရိုးလေးခုအနက် တောင်ဘက်ခြမ်းမှလွဲ၍ ကျန်သုံးဘက်တွင် ရေကစားမဏ္ဍပ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

# ရန်ကုန် - ဒလ မြစ်ကူးတံတား ဧပြီလကုန်တွင် စီမံကိန်းစတင်မည်

**ဒလ မတ် ၂၀**

ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းကို ဧပြီလတွင် စတင်နိုင်ရန် စီစဉ် ဆောင်ရွက်ထားကြောင်း၊ တံတားဧရိယာနှင့် မလွတ်ကင်းသော နေအိမ်နှင့် ဈေးဆိုင်ခန်းများ အပြီးသတ် မြေယာလျော်ကြေးပေးအပ်ခြင်းကို ကမာကဆစ်အနောက် ဘုန်းတော်ကြီးကျောင်း နွယ်နီဗိမာန်တော်ကြီး၌ မတ် ၁၆ ရက် မှ ၁၇ ရက်ထိ စီမံကိန်းဧရိယာအတွင်း ပါဝင်သော ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမတစ်လျှောက်ရှိ ရန်ကုန်-ဒလ မြစ်ကူးတံတားတည်ဆောက်ရန် မလွတ်ကင်းသည့် နေအိမ်အဆောက်အအုံများ၊ ဈေးဆိုင်ခန်းများအတွက်

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍



ရန်ကုန်-ဒလ မြစ်ကူးတံတား ပုံစံငယ်ကို တွေ့ရစဉ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် နေပြည်တော်ကောင်စီတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၂ ရက် သတင်းစာတွင် ပါရှိမည်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၂ ရက် သတင်းစာတွင်ဖော်ပြပါရှိပါမည်။ (ကြေးမုံ)



ကြေးမုံ
အထူးကဏ္ဍ
၂၁ - ၃ - ၂၀၁၇ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တစ်နှစ်တာခရီး

နိုင်လင်းကြည်



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အစိုးရသစ်စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၆ ခုနှစ်ဧပြီလမှစတင်၍ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြန့်ကြက်ဆောင်ရွက်ခဲ့သည်။ ယင်းတို့အနက်မှ ထူးခြားဆောင်ရွက်နေမှုများကို သိရှိတင်ပြနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းတွေ၊ တံတားတွေ၊ လူနေအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုတာမို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘယ်လိုတွေ ရည်မှန်းချက်ထားပြီး ဆောင်ရွက်ပေးနေသလဲ သိချင်ပါတယ်။

ဖြေ။ ။၂၀၃၀ ခုနှစ်မှာ လက်ရှိ ၄၂၁၂၂ ကီလိုမီတာရှိလမ်းတွေကို ASEAN Class III (၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်း)အဆင့်အနည်းဆုံးရောက်ရှိရေး၊ ၂၀၃၀ ခုနှစ်တွင် တံတားများအားလုံး ၂၄ ပေအကျယ်နှစ်လမ်းသွား RC တံတား/PCတံတား/သံပေါင်တံတားအဆင့် အနည်းဆုံးရောက်ရှိရေးနဲ့ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျတဲ့မြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်တဲ့ မြို့များဖြစ်ရေးနဲ့ အဲဒီမြို့တွေအားလုံးမှာလည်း အစိုးရပိုင်းနဲ့ ပုဂ္ဂလိကပိုင်းဆိုင်ရာတွေက တည်ဆောက်မယ့် အိမ်ခန်းတစ်သန်းတည်ဆောက်ပြီးစီးရေး စတာတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ရည်မှန်းချက်တစ်ခုအဖြစ်ထားရှိပြီး ဆောင်ရွက်ပေးနေပါတယ်။

**မဟာဗျူဟာမြောက်လုပ်ငန်းစဉ်**

မေး။ ။ဝန်ကြီးဌာနအနေနဲ့ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်နေတယ်လို့ သိရပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းများဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ရန်ပုံငွေ(Government Budget)နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းများအနက်က ဖြစ်နိုင်ခြေရှိတဲ့လုပ်ငန်းအချို့ကို Public Private Partnership (PPP) စနစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီ Development Partner တွေဖြစ်တဲ့ JICA, ADB, WB, KOICA, TICA စတဲ့ အဖွဲ့အစည်းတွေနဲ့ Donor Country တွေရဲ့ Grant Loan တွေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အပြင် လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက်လည်း မဟာဗျူဟာမြောက်လုပ်ငန်းစဉ်အဖြစ် ရေးဆွဲဆောင်ရွက်နေပါတယ်။

မေး။ ။ပြည်သူလူထုရဲ့အကျိုးကို ရှေးရှုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်စေဖို့ လမ်း၊ တံတားဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဆောင်ရွက်နေမှုကိုလည်း သိလိုပါတယ်။

ဖြေ။ ။ ကချင်ပြည်နယ်မှာဆိုရင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟာ အရင်ပွင့်လင်းရာသီမှာ တစ်နေ့တစ်ည၊ မိုးတွင်းကာလမှာ ခုနစ်ရက်လောက် သွားလာခဲ့ရတာကို ၁၀ နာရီခန့်အတွင်း ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်နေတဲ့အပြင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းမှာရှိတဲ့ အဆိုးဆုံး ဗွက်တန်းနေရာ ခြောက်မိုင်ကျော်ကိုလည်း ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာ မြစ်ကြီးနားကနေတီယန်ဇွပ်ရွာနဲ့ ဆွမ်ပီယန်ရွာကနေ ပူတာအိုအထိ စုစုပေါင်း (၁၀၂) မိုင် နှစ်ဖာလုံကို ကတ္တရာလမ်း / ကွန်ကရစ်လမ်းတွေအဖြစ် တစ်ဆက်တစ်စပ်တည်းသွားလာနိုင်ပြီဖြစ်ပါတယ်။ ဒ့ါအပြင် အရှည်ပေ ၈၄၀ ရှိတဲ့ မချမ်းဘော့တံတားကိုလည်း မတ် ၁၈ ရက်က ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ အဲဒီတံတားသစ်ကြီးကနေကုန်တင်ယာဉ်တွေ အချိန်တိုအတွင်းမှာ ရာသီမရွေးဖြတ်သန်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။

**တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း**

ကယားပြည်နယ်မှာရှိတဲ့ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ လွိုင်ကော်မြို့တွင်းပိုင်းကို AC လမ်းခင်းခြင်းလုပ်ငန်းတွေဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိ ဘီလူးချောင်းဖြတ်ကူးတံတားကိုလည်း ခံနိုင်ဝန်ကျဆင်းနေတဲ့အတွက် အခုတည်ဆောက်လျက်ရှိတဲ့ တံတားကို ခေတ်ကာလနဲ့အညီ ယာဉ်+ကုန် (တန် ၆၀) ဖြတ်သန်းအသုံးပြုနိုင်မယ့် အရှည်ပေ

**အထူးကဏ္ဍ (ခ) သို့ »»**



အစိုးရသစ်လက်ထက် ကချင်ပြည်နယ်အတွင်း ပထမဆုံးဖွင့်လှစ်ခဲ့သော မလိခတံတား(မချမ်းဘော့)ကို တွေ့ရစဉ်။


တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း ကတ္တရာကွန်ကရစ်ခင်းကျင်းပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**အထူးကဏ္ဍ (က) မှ »»**

၂၇၀ ရှိတဲ့ ကွန်ကရစ်တံတားအသစ် တည်ဆောက်နေပြီးတော့ မကြာမီပြီးစီးတော့မှာဖြစ်ပါတယ်။

ကရင်ပြည်နယ်ရှိ အရှေ့အနောက် စင်္ကြံလမ်းမကြီးဖြစ်တဲ့ မြဝတီ-ကော့ကရိတ်-ဘားအံ-ကျိုက်ထို-ရန်ကုန်လမ်းရဲ့ အိန္ဒူ-ကော့ကရိတ်အပိုင်းကို ADB ချေးငွေအစီအစဉ်နဲ့ ဆောင်ရွက်နေပြီး အိန္ဒူ-ဇာသပြင်အပိုင်းမှာ AC လမ်းခင်းခြင်းလုပ်ငန်း ၁၅ မိုင်ကို ဆောင်ရွက်နေရာ ရန်ကုန်ကနေ မြဝတီကို ကြာချိန် ခြောက်နာရီခန့်အတွင်း သွားလာနိုင်မှာဖြစ်ပါတယ်။ အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းဖြစ်တဲ့ အိန္ဒူ-ကော့ကရိတ်လမ်းကို JICA၊ ODA ချေးငွေဖြင့် ဂျိုင်း(ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်)နဲ့ အတ္တရံ တံတားတွေကို ခေတ်မီနည်းပညာတွေနဲ့ အသစ်ပြန်လည်တည်ဆောက်ဖို့ F.S နဲ့ ESIA တွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် ဆက်သွယ်ရေး**

သံဖြူဇရပ်-ဘုရားသုံးဆူလမ်းကို ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီး ရန်ကုန်ကနေ ဘန်ကောက်ကို ကြာချိန် ၁၂ နာရီခန့်အတွင်း သွားလာနိုင်မှာဖြစ်တဲ့အပြင် ဘားအံ-နောင်လုံ-အိန္ဒူလမ်းရဲ့ ဘားအံမြို့တွင်းလမ်းပိုင်း AC ခင်းခြင်းလုပ်ငန်းတွေကို BOT စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂) မြဝတီကလည်း မကြာမီပြီးစီးဖွင့်လှစ်နိုင်တော့မှာဖြစ်တဲ့အတွက် လက်ရှိ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နဲ့ ဆက်သွယ်ရေးမှာ အရေးပါပြီး ဆက်စပ်လမ်းဖြစ်တဲ့ ကျိုက်ထိုမှတစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန်အတွက် အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ချင်းပြည်နယ်ရှိ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်းနဲ့ သိုင်းငင်း-တီးတိန်လမ်းတို့ကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိပြီး ကလေး-ဖလမ်း-ဟားခါးလမ်းကို ကမ္ဘာ့ဘဏ်ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နတ်ဖီတံတားနဲ့ ဘေနူးတံတားတို့ကို မကြာမီဖွင့်လှစ်နိုင်တော့မှာဖြစ်တဲ့အတွက် ယခုအခါရာသီမရွေး အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။

မွန်ပြည်နယ်ရှိ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းနဲ့ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပြီး မော်လမြိုင်မြို့နဲ့ ဘီလူးကျွန်းကို ဆက်သွယ်ထားတဲ့တံတားကို မကြာမီဖွင့်လှစ်နိုင်တော့မှာဖြစ်တဲ့အတွက် ဘီလူးကျွန်းဒေသဟာ မွန်ပြည်နယ်အတွင်း တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာနဲ့ ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်ကနေ မောင်တောကို ဖောက်ထားတဲ့ ၁၆ မိုင်လမ်းဟာ မျက်ကွယ်တောင်ကုန်းတွေ၊ လမ်းကွေ့နေရာတွေရှိခဲ့တဲ့အတွက် ယာဉ်မောင်းချိန် ၁ နာရီ မိနစ် ၂၀ ခန့် ကြာမြင့်ခဲ့ပါတယ်။ ယခုအခါ အဲဒီမျက်ကွယ်တောင်ကုန်းတွေ၊ လမ်းကွေ့နေရာတွေကို ဖျက်ထုတ်လမ်းချဲ့ပေးခဲ့ပြီးဖြစ်လို့ မိနစ် ၄၀ ခန့်ပဲ ကြာမြင့်တော့မှာဖြစ်ပါတယ်။

**လမ်းအူကြောင်းအသစ်**

ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်းရဲ့ မောင်တောကနေ အငူမော်အထိ လမ်းအပိုင်းကို ရာသီမရွေးသွားလာနိုင်ဖို့ လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခင်က ကြာချိန် သုံးနာရီခွဲခန့် မောင်းနှင်ခဲ့ရာ ယခုအခါ နှစ်နာရီခွဲခန့်သာ ကြာမြင့်တော့မှာ ဖြစ်ပါတယ်။ ဒါ့ပြင် စစ်တွေ-ပုဏ္ဏားကျွန်း-ပေါက်တော-မင်းပြားမှ နရန်းလမ်းဆုံလမ်းရဲ့ ပုဏ္ဏားကျွန်း-ပေါက်တောအပိုင်းကို ရာသီမရွေးဆက်သွယ်နိုင်ဖို့ လမ်းအူကြောင်းအသစ် ရှာဖွေလျက်ရှိပါတယ်။

**ပန်ဇင်းချောင်းတံတား**

ဘူးသီးတောင်-ရသေ့တောင် လမ်းပိုင်းမှာရှိတဲ့ ပန်ဇင်းချောင်းတံတားကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မှာဖြစ်ပြီး ဆက်စပ်လမ်းတံတားတွေပြီးစီးသွားရင် ဘူးသီးတောင်ကိုကားလမ်းနဲ့ အချိန်တိုအတွင်း သွားလာနိုင်မှာဖြစ်ပါတယ်။ ပန်ဇင်းချောင်းတံတား မတည်ဆောက်မီက စက်လှေ၊ မော်တော်တွေနဲ့ သွားလာနေရလို့ အခက်အခဲနဲ့ အသက်အန္တရာယ်တွေရှိခဲ့တဲ့အတွက် အဲဒီတံတားဖွင့်လှစ်ပြီးစီးသွားရင် ကျောင်းသားကျောင်းသူတွေ ရာသီမရွေး၊ အချိန်မရွေး အချိန်ကုန်သက်သာစွာ သွားလာနိုင်မှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းမှာရှိတဲ့ တာဆိုင်းတံတားဟောင်းဟာ တစ်လမ်းသွား သံပေါင်တံတားဖြစ်ပြီး ခံနိုင်ရည် ကျဆင်းနေ၍ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခဲ့တယ်။ မန္တလေး-လားရှိုး-မူဆယ်လမ်းဟာ အကွေ့အကောက် အတက်အဆင်းများပြီး အရေးကြီးသောလမ်းဖြစ်လို့ နောင်ချိုမြို့နယ်နဲ့ ကျောက်မဲမြို့နယ်ကိုဆက်သွယ်ထားတဲ့ ဂုတ်ထိပ်တံတားအသစ်ကို မကြာမီတည်ဆောက်မှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်းနဲ့ ရေး-ကလေးဝလမ်းရဲ့ မြို့တွင်းလမ်းနဲ့ ဂန့်ဂေါ-ကလေးလမ်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်း၊ ကျီကုန်း-ကလေးလမ်း၊ ပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်း (ကလေး-ဖလမ်း-ဟားခါးလမ်း)တို့ကို AC လမ်းခင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ထားရှိပြီးဖြစ်လို့ အရင်က မိုးတွင်းကာလမှာ ရွှံ့ဗွက်ထူထပ်တဲ့ ကလေးဝမြို့တွင်း စည်ပင်သာယာပိုင် စက်ရုံလမ်းကို ဒေသခံပြည်သူတွေ သွားလာမှုအဆင်ပြေစေဖို့ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဆင့် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကလေးမြို့တွင်းလမ်းကနေ ချင်းတွင်းတံတားကို သွားလာရာမှာ အတိုဆုံးလမ်းဖြစ်လာခဲ့ပါတယ်။

**နာဂဒေသ၏**
**လမ်းပန်းဆက်သွယ်ရေးပိုကောင်းမည်**

ဒါ့အပြင် ချင်းတွင်းတံတား(ကလေးဝ)ကို မကြာမီ ဖွင့်လှစ်နိုင်တော့မှာဖြစ်ပါတယ်။ အရင်က ချင်းတွင်းမြစ်ကို ဇက်ရေယာဉ်နဲ့ပဲ ဖြတ်သန်းခဲ့ရပြီး အဲဒီတံတားဖွင့်လှစ်အသုံးပြုနိုင်ပါက အချိန်ကုန်သက်သာစွာနဲ့ အန္တရာယ်ကင်းစွာ ရာသီမရွေးသွားလာနိုင်မှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့လည်း နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်တို့မှာ ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဆက်လက်တည်ဆောက်နေတဲ့ ချင်းတွင်းတံတား(ခန္တီး)နဲ့ ချင်းတွင်းတံတား (ဟုမ္မလင်း)တို့ ပြီးစီးသွားရင် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိတဲ့ နာဂဒေသရဲ့ လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်တွေ တိုးတက်လာမှာဖြစ်တဲ့အပြင် ချင်းတွင်းတံတား(ထမံသီ-ပင်းမ)ကိုလည်း ထပ်မံတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်း (ထားဝယ်-မလွှဲတောင်အပိုင်း၊ ပုလော-မြိတ်အပိုင်း၊ မြိတ်-တနင်္သာရီ-တုံခါအပိုင်း)တို့တွင် AC ခင်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ထားဝယ်မြို့ပတ်လမ်း (မေတ္တာလမ်းဆုံမှ အဝေးပြေးလမ်းဆုံအထိ)ကိုလည်း AC ခင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း စုစုပေါင်းတံတား ၂၆ စင်းကို တည်ဆောက်လျက်ရှိပြီး တံတား ၂၄ စင်းမှာ ယခု ဘဏ္ဍာနှစ်အတွင်း ပြီးစီးမှာဖြစ်ပါတယ်။

**အချိန်တို**

ပဲခူးတိုင်းဒေသကြီးအတွင်း စုစုပေါင်း

**အထူးကဏ္ဍ (ဂ) သို့ »»**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၀၁၇ ခုနှစ် မတ် ၁၇ ရက်ထုတ် ကြေးမုံသတင်းစာ အထူးကဏ္ဍ(က)မှ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ သတင်းဆောင်းပါး၊ ပြည်သူ့အတွက် OSS စာပိုဒ်မှ ညွှန်ကြားရေးမှူး ဦးလင်းသိုက်ဝင်း (အစား) ညွှန်ကြားရေးမှူး ဦးအောင်သိုက်ဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့(သတင်းစဉ်)**


ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းရှိ အဆိုးဆုံးဗွက်တန်းနေရာ ခြောက်မိုင်ကျော်ကို ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်-ရတနာအိမ်ရာစီမံကိန်းရှိ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို တွေ့ရစဉ်။

**အထူးကဏ္ဍ (ခ) မှ »»**

တံတား ကိုးစင်း တည်ဆောက်လျက်ရှိပြီး ရန်ကုန်-တောင်ငူ-မန္တလေးလမ်းပေါ်ရှိ တံ့ကန် တံတားကိုလည်း ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး BOT လမ်း ၁၇ လမ်း ရှိပြီး အဲဒီလမ်းတွေကို ၄၈ ပေအကျယ်ချဲ့ပြီး AC ခင်းဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဒုဋ္ဌဝတီတံတား(ရွှေစာရံ)ကို မကြာမီ ဖွင့်လှစ်နိုင်တော့မှာဖြစ်လို့ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ဟာ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာနဲ့ ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။

JICA အကူအညီနဲ့ အဆင့်မြင့်နည်းပညာအသုံးပြုပြီး အားဖြည့်ကြိုးဆိုင်း သာကေတ တံတားအသစ် တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီး ကုက္ကိုဝတံတားပြီးစီးသွားရင် ရန်ကုန်ကို ဖြတ်သန်းစရာမလိုဘဲ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးကို ဒေသထွက်ကုန်များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒလတံတားနဲ့ ပဲခူးမြစ်ကူးတံတား အမှတ်(၃)ကိုလည်း နိုင်ငံခြားချေးငွေအကူအညီနဲ့ တည်ဆောက်ဖို့ F.S နဲ့ ESIA ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒလတံတားတည်ဆောက်ခဲ့တာကြောင့် ရန်ကုန်မြို့ကွက်ကို ချဲ့ထွင်နိုင်ပြီး ရန်ကုန်မြို့ပြ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ရန်ကုန်-ပုသိမ်လမ်းကို ADB အကူအညီနဲ့ နှစ်လမ်းသွားကနေ လေးလမ်းသွားအဆင့် တည်ဆောက်သွားမှာဖြစ်ပြီး မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကိုလည်း Stalibizated နည်းပညာအသစ်သုံးပြီး ADB ချေးငွေနဲ့ AC လမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ငါးသိုင်းချောင်း-ဂွလမ်းအား World Bank ချေးငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း စုစုပေါင်း တံတား ၁၄ စင်း တည်ဆောက်လျက်ရှိရာမှာ အရှည်ပေ ၃၄၀ ရှိတဲ့ နတ်ချောင်းတံတား တည်ဆောက်ပြီးစီးခဲ့ပါပြီ။ သကံတံတား၊ စက်ဆန်းတံတားနဲ့ ငဝန်တံတား (လေးမျက်နှာ)တို့ကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အပြီးတည်ဆောက်သွားမှာပါ။

**ဘက်ညီမျှတ**

လမ်းတံတားဦးစီးဌာနအနေနဲ့ အခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စုစုပေါင်း AC လမ်း ၁၀၂ မိုင် ၆ ဖာလုံကို ခင်းပေးနိုင်ခဲ့ပြီး နှစ်စဉ် AC လမ်းတွေခင်းနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ထူးကဲရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှစ်ခုမှာ ပျက်စီးခဲ့တဲ့ တံတား ၁၂ စင်းကို လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေဖို့ ယာယီတံတားတွေ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုသီးသန့်ရန်ပုံငွေနဲ့ သံကူကွန်ကရစ်တံတားတွေကို မတ်လအတွင်း ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွင်းမှာရှိတဲ့ လမ်း/တံတားတွေ အဆင့်မြှင့်တင် တည်ဆောက်ခဲ့တာကြောင့် ပြည်သူတွေရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေးလမ်းကြောင်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

မေး။ ။ အဆောက်အအုံဦးစီးဌာနအနေနဲ့ရော တစ်နှစ်တာကာလအတွင်းမှာ ဘာတွေ ဆောင်ရွက်ပေးခဲ့သလဲခင်ဗျ။

ဖြေ။ ။ အဆောက်အအုံဦးစီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရဗဟိုအဆင့်အဖွဲ့တွေ၊ ဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့အစည်း အသီးသီးတို့က အပ်နှံတဲ့ အဆောက်အအုံလုပ်ငန်းတွေကို လက်ခံဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံတော်ရဲ့ ဆောက်လုပ်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိတဲ့ ဥပဒေ၊ စည်းမျဉ်းတွေ၊ စံချိန်စံညွှန်းတွေ၊ အခြေခံစံနှုန်းတွေနဲ့ လမ်းညွှန်ချက်တွေ ထုတ်ပြန်တာ၊ သုတေသနတွေပြုလုပ်တာ၊ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အဖွဲ့အစည်းတွေ ဖွဲ့စည်းပေးတဲ့ကိစ္စတွေကို စီမံဆောင်ရွက်လျက်ရှိပါတယ်။

**လက်ခံကျင့်သုံး**

မြန်မာနိုင်ငံရဲ့ ဆောက်လုပ်မှုကဏ္ဍမှာ လိုအပ်လျက်ရှိတဲ့ "မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ"ကို UN-Habitat ရဲ့ အထောက်အပံ့နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပြည်တွင်း၊ ပြည်ပပညာရှင်တွေ၊ အဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေ ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်မှာ ထုတ်ဝေနိုင်ခဲ့ပါတယ်။ ဌာနဆိုင်ရာတွေကနေ အတည်ပြုချက်ရယူပြီး နောက်တစ်ဆင့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုကာ ဆောက်လုပ်ရေးနယ်ပယ်မှာ အားလုံးလက်ခံကျင့်သုံးနိုင်ရေး လုပ်ဆောင်လျက်ရှိပါတယ်။ ဒီစည်းမျဉ်းကို တစ်နိုင်ငံလုံးအနေနဲ့ တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်စေဖို့အတွက် "အဆောက်အအုံနှင့် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးဥပဒေ"ကိုလည်း ရေးဆွဲလျက်ရှိပါတယ်။

အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးအချို့ ပျက်စီးယိုယွင်းခဲ့ပြီး အဆောက်အအုံဦးစီးဌာနနဲ့ လမ်းတံတားဦးစီးဌာနက အဓိကဘုရားတွေဖြစ်တဲ့ စူဠာမဏိဘုရား၊ ပြာသဒ်ကြီးဘုရား၊ တရုတ်ပြေးဘုရား၊ ဝက်ကြီးအင်း၊ ဂူပြောက်ကြီးဘုရား၊ စေတနာကြီးဘုရားနဲ့ ဗူးလည်သီးဘုရားတို့ကို မိုးကာဖုံးအုပ်နိုင်ရေး ချက်ချင်းဆောင်ရွက်ခဲ့ပါတယ်။ အခု အဆောက်အအုံဦးစီးဌာနကနေ အဆောက်အအုံအထူးအဖွဲ့အသစ်တစ်ခုကို ဖွဲ့စည်းတာဝန်ပေးပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အဆောက်အအုံဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဗဟိုအဆင့်အစိုးရအဖွဲ့တွေ၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနတွေ စုစုပေါင်း ၁၃ ဖွဲ့က အပ်နှံတဲ့

**အထူးကဏ္ဍ (ဃ) သို့ »»**



ပြည်သူများ အဆင့်အတန်းမီမီနေထိုင်နိုင်ရေးအတွက် မန္တလေးမြို့ရှိ မြရည်နန္ဒာအိမ်ရာ တည်ဆောက်ထားရှိမှုကို တွေ့ရစဉ်။



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသဌာန (၁၀) ထပ် ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

**အထူးကဏ္ဍ (၈) မှ »»**

နိုင်ငံတော်မှာ လိုအပ်လျက်ရှိတဲ့ အခြေခံအဆောက်အအုံလုပ်ငန်း စုစုပေါင်း ၁၃၄ ခုကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလုပ်ငန်းတွေမှာ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ဆေးရုံကြီးတိုးချဲ့ဆောင် ၂၂ ခု၊ ဆေးရုံကြီးနဲ့ ဝန်ထမ်းအိမ်ရာတစ်ခု၊ မြို့နယ်ဆေးရုံလေးခု၊ တိုက်နယ်ဆေးရုံခုနစ်ခု၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာနှစ်ခု၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ၃၂ ခုတို့ ပါဝင်ပါတယ်။ ဒ့ါပြင် ပညာရေးဝန်ကြီးဌာနက အပ်နှံတဲ့လုပ်ငန်း ၁၂ ခုမှာ ဟားခါးကောလိပ်၊ ဟားခါးပညာရေးကောလိပ်၊ စစ်ကိုင်းပညာရေးကောလိပ်၊ မုံရွာပညာရေးကောလိပ်၊ ကသာပညာရေးကောလိပ်တို့မှ လုပ်ငန်းတွေ ပါဝင်ပါတယ်။

**ဟန်ချက်ညီညီ**

မေး။ ။ မြို့ရွာတွေ ဟန်ချက်ညီညီနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေ ဖြည့်ဆည်းပေးနိုင်ဖို့ ဘာတွေဆောင်ရွက်ပေးနေပါသလဲ။

ဖြေ။ ။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ဌာနရဲ့မူဝါဒတွေနဲ့အညီ မြို့ရွာတွေ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေ ဖြည့်ဆည်းပေးနိုင်ဖို့ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ရှိ မြို့ပေါင်း ၂၄ မြို့ရဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသဘောထားပုံစံတွေကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JICA)နဲ့အတူ မန္တလေးမြို့၊ မော်လမြိုင်မြို့နဲ့ ပုသိမ်မြို့တို့ရဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွေကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(KOICA)နဲ့ ပူးပေါင်းပြီး ရန်ကုန်-ဟံသာဝတီ-ပဲခူး စကြံနဲ့ ရန်ကုန်အနောက်ပိုင်းဖွံ့ဖြိုးရေး Master Plan ရေးဆွဲရေး လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

မေး။ ။ အိမ်ရာကဏ္ဍဖွံ့ဖြိုးမှုရော ဘယ်လောက်ထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါသလဲ။ အဲဒါလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ အိမ်ရာကဏ္ဍအနေနဲ့ ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလအတွင်း ရန်ကုန်မြို့မှာ တန်ဖိုးနည်း/တန်ဖိုးမျှတ အိမ်ရာစီမံကိန်း (အိမ်ခန်း ၂၂၀၈ ခန်း)နဲ့ မန္တလေးမြို့မှာ မြရည်နန္ဒာအိမ်ရာစီမံကိန်း(အိမ်ခန်း ၈၀၀)စုစုပေါင်း ၃၀၀၈ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်-ရတနာအိမ်ရာစီမံကိန်းရှိ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အိမ်ခန်းပေါင်း ၁၃၈၀ ကို ပြည်သူများ အဆင့်အတန်းမီမီ နေထိုင်နိုင်ရေး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ဆောင်ရွက်ဆဲ တန်ဖိုးနည်း၊ တန်ဖိုးသင့်နဲ့ Affordable Housing အိမ်ရာစီမံကိန်းတွေအနေနဲ့ ရန်ကုန်မြို့မှာ အိမ်ခန်း ၈၇၁၂ ခန်း၊ မုံရွာမြို့မှာ အိမ်ခန်း ၄၄၀၊ မကွေးမြို့မှာ အိမ်ခန်း ၃၀၄ ခန်း၊ ပုသိမ်မြို့မှာ အိမ်ခန်း ၆၇၆ ခန်း ဆောင်ရွက်လျက်ရှိပြီး အိမ်ခန်းစုစုပေါင်း ၁၀၁၃၂ ခန်း ဆောင်ရွက်လျက်ရှိခဲ့ရာမှာ ယခု ၂၀၁၇ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမှာဖြစ်တဲ့အပြင် ပြည်သူလူထုထံ ရောင်းချပေးသွားမှာဖြစ်ပါတယ်။

**အိမ်ရာပိုင်ဆိုင်**

မေး။ ။ အိမ်ရာတွေ တည်ဆောက်ပြီးစီးလို့ အိမ်ရာတွေကို ပြည်သူတွေဆီ ရောင်းချတော့မယ်ဆိုရင် ပြည်သူတွေ ဝယ်ယူနိုင်အောင် ဘယ်လိုဆောင်ရွက်ပေးနေပါသလဲ။

ဖြေ။ ။ အိမ်ခန်းတွေ ရောင်းချရာမှာလည်း ဝင်ငွေနည်းပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ ပင်စင်စားတွေကို ဦးစားပေးစနစ်နဲ့ ရောင်းချပေးသွားမှာဖြစ်ပြီး ပြည်သူတွေ အိမ်ရာပိုင်ဆိုင်နိုင်ဖို့အတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကနေ အိမ်ရာအပေါင်ချေးငွေစနစ်နဲ့ ရှစ်နှစ်ကနေ (၁၀) နှစ်အထိ ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို အိမ်ရာငွေကြေးစနစ်ထူထောင်နိုင်ဖို့ ပြည်သူ့အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ ဘဏ္ဍာငွေကြေးစနစ် ထောက်ပံ့နိုင်ဖို့ ပြည်သူတွေအတွက် Affordable Housing တွေကို အိမ်ရာချေးငွေစနစ်နဲ့ ဝယ်နိုင်ရေးအတွက် ထောက်ပံ့ပေးနိုင်ဖို့၊ အိမ်ရာစုငွေတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ်ကစပြီး ရန်ကုန်အပါအဝင် အခြားမြို့ကြီးတွေမှာ CHD ဘဏ်ခွဲ ခုနစ်ခုနဲ့ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးချေးငွေနဲ့ ပုဂ္ဂလိက ၇၉ ဦးကို ငွေချေးပေးထားပြီး အိမ်ရာအပေါင်ချေးငွေနဲ့ ၇၁၃ ဦး၊ အငှားဝယ်စနစ်ဖြင့် ၁၂၉ ဦး စုစုပေါင်း ၉၂၅ ဦးကို ငွေချေးပေးနိုင်ခဲ့ပါတယ်။ ကိုရီးယားနိုင်ငံ Kookmin Bank၊ ဂျပန်နိုင်ငံ MUT, JHF တို့နဲ့ MoU လက်မှတ်ရေးထိုးပြီး အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Micro Finance နဲ့ Mortgage System နည်းပညာဖလှယ်ခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ဆောင်ခဲ့မှုတွေကိုလည်း သိလိုပါတယ်ခင်ဗျ။

ဖြေ။ ။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံမှာ ကျွမ်းကျင်လုပ်သားတွေ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အပြင် ပြည်တွင်း/ပြည်ပမှာ ကာလရှည်၊ ကာလတိုသင်တန်းတွေကို တက်ရောက်စေခဲ့ရာ ပြည်ပနိုင်ငံတွေကို ကာလရှည် သင်တန်းတွေမှာ သင်တန်းသား ခြောက်ဦးနဲ့ ကာလတိုသင်တန်းတွေမှာ သင်တန်းသား ၂၉ ဦးတို့ကို ပြည်ပနိုင်ငံတွေ စေလွှတ်နိုင်ခဲ့ပါတယ်။

**အထောက်အကူပြု**

မေး။ ။ နိုင်ငံတစ်ဝန်း မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း သိလိုပါတယ်။

ဖြေ။ ။ မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ မြို့ပြနဲ့ ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ (မူကြမ်း)နဲ့ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း)တို့ကို ရေးဆွဲလျက်ရှိတဲ့အပြင် အမျိုးသားအဆင့်မြို့ပြမူဝါဒနဲ့ အိမ်ရာမူဝါဒတွေ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတစ်ဝန်း မြို့ပြ၊ အိမ်ရာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်က အတည်ပြုထားတဲ့မူဝါဒတွေနဲ့အညီ မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေး နည်းဗျူဟာတွေ ချမှတ်ပြီး နိုင်ငံတစ်ဝန်း မြို့ပြနဲ့ ဒေသစီမံကိန်းတွေ၊ မြို့ပြနဲ့ အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမယ့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေနဲ့ လက်စွဲတွေ ပြုစုဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားအဆင့် အိမ်ရာကဏ္ဍငွေကြေးစနစ်တစ်ရပ်ကို ဆက်နွှယ်တဲ့ ဝန်ကြီးဌာနတွေ၊ ဘဏ္ဍာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။ ။



မကွေးမြို့ ခုတင် (၂၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး အထပ်မြင့်တိုးချဲ့ဆောင်ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

# သမိုင်းတွင်စေမည့် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ခြင်းဖြင့် ပြည်နယ်ငြိမ်းချမ်းရေးထာဝရတည်တံ့ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည့် ကယားပြည်နယ်

သတင်းဆောင်းပါး – စိုးစိုးထွန်း(ပြန်/ဆက်)၊ နန္ဒာဝင်း
ဓာတ်ပုံ – ဉာဏ်လင်းထွဋ်(ပြန်/ဆက်)

"ကယားတို့ဌာနီ၊ ကန္တာရဝတီ
သဘာဝအခြေခံ၊ စိမ်းလန်းသည်
ဖားစည်သံနှင့်၊ ဆီးကြိုမည်
ငြိမ်းချမ်းဖြစ်တည်၊ ငွေတောင်ပြည်"ဟု တင်စားခေါ်ဝေါ်နိုင်သည့် ကယားပြည်နယ်သည် နိုင်ငံ၏ အရှေ့ဘက်တွင်တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၀၀၀ မြင့်သော ကုန်းပြင်မြင့်တွင် တည်ရှိသည်။

ကယားပြည်နယ်အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဝန်းရံလျက်ရှိသည်။ ကယားပြည်နယ်၏ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆၃ မိုင်ရှိပြီး နိုင်ငံအကျယ်အဝန်း၏ ၁ ဒသမ ၇၂ ရာခိုင်နှုန်းခန့်ရှိသည်။

**ကယားတိုင်းရင်းသားများ**

ကယားပြည်နယ်တွင် ကယားတိုင်းရင်းသားများနှင့်အတူ ဗမာ၊ ကရင်၊ ပအိုဝ်း၊ ရှမ်း၊ အင်းသားနှင့် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိကြသည်။ ကယားတိုင်းရင်းသားများဆိုရာ၌ ကယားအနွယ်ဝင်များဖြစ်ကြသော ကယား၊ ကယန်းကခေါင်း (ပဒေါင်)၊ ကယန်းကင်န်(ယင်းဘော်)၊ ကယန်းကဲဒွေ့(ဂေခို)၊ ကယန်းလထ(ဇယိမ်း၊ ခါင်းတို)၊ ကယော(ပရဲ့)၊ ကယားမိုနု (မနုမနော)၊ ယင်းတလဲ၊ ဂေဘားလူမျိုးစုများ ပါဝင်သည်။

ကယားပြည်နယ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှုများကို တင်ပြလိုပါသည်။

**လက်မှတ်ရေးထိုး**

ငြိမ်းချမ်းသောနည်းဖြင့် ထူထောင်ရမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ကယားပြည်နယ်အတွင်းရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အနက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှလွဲ၍ ကျန်အဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်သည်။

ကရင်နီ အမျိုးသားတိုးတက်ရေးပါတီနှင့်လည်း အပြီးသတ်သဘောတူညီမှုရရှိရေးအတွက် အစိုးရသစ်လက်ထက်ကာလအတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို။

အစည်းများနှင့် ခြောက်ကြိမ် တွေ့ဆုံခဲ့သည်။

**ကန့်သတ်နယ်မြေ ဖြေလျှော့**

ကယားပြည်နယ်တွင် ယခင်က နယ်မြေဒေသနှင့် လုံခြုံရေးအခြေအနေအရ နိုင်ငံခြားသားများ ခရီးသွားလာခွင့်ကို ကန့်သတ်နယ်မြေသတ်မှတ်ခဲ့ရာမှ ယခုအခါတွင် ဒီးမော့ဆိုမြို့နယ်အတွင်း ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေသော တနီးလာလဲ၊ ပန်ပက်၊ ဒေါကလော်ဒူ၊ ငွေတောင်ကျေးရွာနှင့် နယ်စပ်လမ်းကြောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ဘောလခဲမြို့၊ ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့များမှ မြို့ပေါ်ရပ်ကွက်များကို နိုင်ငံခြားသားများ သွားလာနိုင်ရန် ကန့်သတ်နယ်မြေမှ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မြေငှားဂရန်များ**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာစီအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့နယ် မော်ချီး စုစည်းကျေးရွာတွင် မြေငှားဂရန် ၆၆ ခု၊ ဒီးမော့ဆိုမြို့နယ် ဒေါလိုက်လင်းကျေးရွာတွင် မြေငှားဂရန် ၆၀ ၊ ဖရူဆိုမြို့နယ် ဒေါညေးခူကျေးရွာတွင် မြေငှားဂရန် ၅၂ ခု၊ ရှားတောမြို့နယ် စလောင်းကျေးရွာတွင် မြေငှားဂရန် ၄၇ ခု၊ ဘောလခဲမြို့နယ် ဝမ်ချယ်ကျေးရွာတွင် မြေငှားဂရန် ၇၉ ခု၊ ဖားဆောင်းမြို့နယ် စုစည်းကျေးရွာတွင် မြေငှားဂရန် ၇၂ ခု၊ မယ်စဲ့မြို့နယ် နန့်ပိန်လိန်ကျေးရွာတွင် မြေငှားဂရန် ၇၄ ခု စုစုပေါင်း ၄၅၀ ကို ပြည်သူများလက်ဝယ်သို့ ပေးအပ်နိုင်ခဲ့သည်။

လွိုင်ကော်မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ မြေငှားဂရန် လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ရာ ဒေါဥခူရပ်ကွက်တွင် ၁၆ ဦး၊ ဒေါတမရပ်ကွက်တွင် ၁၈ ဦး၊ မိုင်းလုံးရပ်ကွက်တွင် ၂၀ ဦးနှင့် ဒေါနိုးကူးရပ်ကွက်တွင် ၁၈ ဦး စုစုပေါင်း ၇၃ ဦးကို မြို့မြေငှားဂရန်များ ထုတ်ပေးဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံး ခုနစ်ရုံး ဖွင့်လှစ်ထားရှိခဲ့ပြီး ယနေ့အထိ ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော ဝန်ဆောင်မှုလုပ်ငန်း စုစုပေါင်း ၄၄၄၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**နယ်စပ်ဒေသဖွံ့ဖြိုးရေး**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေကျပ် ၃၇၄၃ ဒသမ ၆၂၅ သန်းဖြင့် လမ်းလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းတို့အပါအဝင် စုစုပေါင်းလုပ်ငန်း ၉၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လမ်းအခြေအနေမှာ မော်ချီး-ဒီးမော့ဆို-လွိုင်ကော်-အောင်ပန်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၂၉/၅)မှ မိုင်တိုင်အမှတ်(၁၃၂/၃)အထိ အဆင့်မြင့်နိုင်လွန်ကတ္တရာ AC ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းတာပေါင်ချဲ့ခြင်းနှင့် မြေကာနံရံပြုလုပ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

တံတားအနေဖြင့် ပေ ၅၀ အောက် ကွန်ကရစ်တံတားအစင်း ၂၄၀၊ ပေ ၅၀ အထက် ကွန်ကရစ်တံတား ၂၆ စင်းနှင့် တံတားကြီးငယ်များ ဆောက်လုပ်ပေးနိုင်ခဲ့သည်။

**Town Plan ရေးဆွဲ**

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့ပြဖွံ့ဖြိုးရေးအတွက် ဒီးမော့ဆိုမြို့၊ မယ်စဲ့မြို့နှင့်

**အထူးကဏ္ဍ (၈) သို့ »»**

**ငြိမ်းချမ်းသောနည်းဖြင့် ထူထောင်ရမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ကယားပြည်နယ်အတွင်းရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အနက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှလွဲ၍ ကျန်အဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်**




ကယားပြည်နယ်လွှတ်တော်အစည်းအဝေးသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးစဉ်။

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ


ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)တို့ တွေ့ဆုံဆွေးနွေးစဉ်။

## စက်မှုလယ်ယာ စနစ်တကျ ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းအား လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာ၊ ပန်ကန်းကျေးရွာ၊ ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာ၊ ထီးပိုးကလိုးကျေးရွာတို့တွင် ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး မကြာမီကာလတွင် လုပ်ငန်းများ ပြီးစီးမည်ဖြစ်ရာ မူလပိုင်ရှင်များထံသို့ မူလပိုင်ဆိုင်မှုအတိုင်း ခွဲဝေဆောင်ရွက်သွားမည်ဖြစ်

**အထူးကဏ္ဍ (င) မှ »»**
ဖားဆောင်းမြို့တို့တွင် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း (Town Plan) ရေးဆွဲခဲ့သည်။ လွိုင်ကော်မြို့တွင် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ငါးလုံး၊ အခန်းအရေအတွက် ၆၀ နှင့် ဘောလခဲမြို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ နှစ်လုံး၊ အခန်းအရေအတွက် ၂၄ ခန်းအား တည်ဆောက်လျက်ရှိပြီး ဆောက်လုပ်ပြီးစီးပါက အိမ်ခန်းလိုအပ်သူ ဝန်ထမ်းမိသားစု ၈၄ စုကို နေရာချထားပေးသွားနိုင်မည်ဖြစ်သည်။

ထို့အပြင် နေထိုင်ရေးအခက်အခဲရှိသော တိုင်းရင်းသားများအတွက် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု စစ်တပ်တောင်ကွင်းတွင် တည်ဆောက်ပြီးစီးခဲ့သည့် အငှားချ အိမ်ရာစီမံကိန်း ရှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ အခန်းအရေအတွက် ၃၂ ခန်းကို အိမ်လခလစဉ်ကြေး ကျပ် ၃၇,၂၀၀ ဖြင့် ပထမခြေလှမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ကယားပြည်နယ်တွင် ဘောလခဲဓာတ်အားခွဲရုံ၊ ရှားတောဓာတ်အားခွဲရုံ၊ ဖားဆောင်းဓာတ်အားခွဲရုံ၊ ဟိုယာဓာတ်အားခွဲရုံနှင့် မယ်စဲ့ဓာတ်အားခွဲရုံတို့မှ ဓာတ်အားများ စတင်ပို့လွှတ်နိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ရပ်ကွက် ၃၇ ခုနှင့် ကျေးရွာ ၃၄၄ ရွာတို့အား မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ ကျန်ရှိသည့် ကျေးရွာ ၁၆၂ ရွာတွင် ရေအားလျှပ်စစ်ဖြင့် နှစ်ရွာ၊ ဆိုလာလျှပ်စစ်ဖြင့် ၉၂ ရွာ၊ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် နှစ်ရွာနှင့် ဓာတ်အားပေးစနစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျေးရွာ ၁၈ ရွာအား မီးလင်းရေးဆောင်ရွက်နိုင်ပြီး ကျန်ရှိသောကျေးရွာ ၄၈ ရွာ မီးလင်းရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၉၉ ဒသမ ၈၇ သန်းဖြင့် ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲမြို့နယ် သုံးမြို့နယ်တွင် လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အထိ မြို့နယ် ခုနစ်မြို့နယ်တွင် ငွေကျပ်စုစုပေါင်း ၂၀၄၀ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ အတိုးရရှိငွေကျပ် ၃၁၅ ဒသမ ၅၃၈ သန်းရှိပြီး ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

### ညှိနှိုင်းခွဲဝေ

ကုန်းမြင့်လယ်ယာ မြေရိုင်းများဖော်ထုတ်ခြင်းအနေဖြင့် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာတွင် ဧက ၅၀၊ ဒေါညေးခူကျေးရွာတွင် ဧက ၅၀ နှင့် ရွာသစ်မြို့ လယ်ဝိုင်းကျေးရွာတွင် ဧက ၅၀၊ ဝမ်ဗလကျေးရွာတွင် ဧက ၅၀ စုစုပေါင်း ဧက ၂၀၀ ဖော်ထုတ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် မတ် ၇ ရက်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်သဖြင့် လယ်မဲ့ယာမဲ့တောင်သူများလက်ဝယ်သို့ ပေးအပ်နိုင်ရေး ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာပြည်သူများ ညှိနှိုင်းခွဲဝေဆောင်ရွက်သွားမည်ဖြစ်သည်။

စက်မှုလယ်ယာ စနစ်တကျဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းအား လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာ၊ ပန်ကန်းကျေးရွာ၊ ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာ၊ ထီးပိုးကလိုးကျေးရွာတို့တွင် ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး မကြာမီကာလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ရာ မူလပိုင်ရှင်များထံသို့ မူလပိုင်ဆိုင်မှုအတိုင်း ခွဲဝေဆောင်ရွက်သွားမည်ဖြစ်သည်။

### အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေ

ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီလီမိတက်မှ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲမြို့နယ်တို့တွင် လယ်ယာသုံး စက်ကိရိယာများ ရောင်းချပေးခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစိုးရသစ်လက်ထက်ကာလအတွင်း ကျောင်းဆောင်များပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ကျောင်းပရိဘောဂ ဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းကုမ္ပဏီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခဲ့သည်။

လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဂျပန်အစိုးရ၏ အထောက်အပံ့ဖြင့် ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်းကို ဂျပန်ယန်းငွေသန်း ၁၉၀၀ ကျော်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။

**အထူးကဏ္ဍ (ဆ) သို့ »»**


ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ဝင်များ ထီးကလူဒေါ-ဆိုလျားကူရွာ(၂/၁. ၅)မိုင်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဂျပန်အစိုးရ၏ အထောက်အပံ့ဖြင့် ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်းကို ဂျပန်ယန်းငွေသန်း ၁၉၀၀ ကျော်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့ လွိုင်ကော်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ပြည်သူ့အတွက်ဝန်ဆောင်မှုပေးသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အထူးကဏ္ဍ (စ) မှ »»

ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်စက် လေးလုံးဖြင့် လူနာများကို ကုသမှုပေးနိုင်ပြီဖြစ်သည်။ ဒီးမော့ဆိုမြို့နယ်ဆေးရုံနှင့် နန်းမယ်ခုံတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်များကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများဖြည့်ဆည်းပေး၍ ကယားပြည်နယ်အတွင်းရှိ လူနာများသာမက နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များရှိ တိုင်းရင်းသားပြည်သူများကိုပါ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ခနောက်စိမ်းသတ္တု**

ကယားပြည်နယ် လွိုင်ကော် သစ်ထုတ်လုပ်ရေးဒေသမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျွန်း ၆၅၈ တန်၊ နှစ်ဟောင်း ကျွန်း ၄၀၅၀ တန်၊ ပယ်ကျွန်း ၁၀ တန်၊ နှစ်ဟောင်း ပယ်ကျွန်း ငါးတန်၊ သစ်မာ ၄၈၉ တန် ထုတ်လုပ်ခဲ့သည်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းကွပ်ကဲမှုအောက်ရှိ ခနောက်စိမ်းသတ္တုတူးဖော်ခြင်းလုပ်ငန်းကို အစိုးရသစ်ကာလအတွင်း လုပ်ကွက်ချထားပေးခြင်းမဟုတ်ဘဲ သက်တမ်းတိုးခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ပေးခဲ့ပြီး လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် သတ္တု ၆၅၀ မက်ထရစ်တန် ထုတ်လုပ်ရန်လျာထားပြီး ယနေ့အချိန်ထိ စုစုပေါင်း ၂၉၉ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

အမှတ်(၂) သတ္တုတွင်းလုပ်ငန်းကွပ်ကဲမှုအောက်ရှိ မော်ချီး၊ မိုဆာခီး၊ ထီးလေးခီး ဒေသအတွင်းရှိ ခဲမဖြူ အဖြိုက်နက် သတ္တုတူးဖော်ထုတ်လုပ်ရာတွင် အကြီးစားကုမ္ပဏီ တစ်ခုနှင့် အသေးစားကုမ္ပဏီ ခြောက်ခုသို့ လုပ်ကိုင်ခွင့်ပြုထားရာ ၂၀၁၆-၂၀၁၇ လျာထားချက်မှာ မက်ထရစ်တန် ၆၂၀ ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ၂၀၂ မက်ထရစ်တန် ထုတ်လုပ်ခဲ့သည်။

**ဘက်စုံစံပြစိုက်ပျိုးရေးမြို့တော်**


ကယားပြည်နယ်ကို ဘက်စုံစံပြစိုက်ပျိုးရေးမြို့တော်(Farm City) တည်ဆောက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် တောင်ကိုရီးယားနိုင်ငံအခြေစိုက် IGS Capital Corporation တို့မှ နားလည်မှုစာချွန်လွှာကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ITC မှ ၂၀၁၄-၂၀၁၇ ခုနှစ်အထိ သုံးနှစ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ကယားပြည်နယ်အခြေပြု ခရီးသွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာတို့တွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့ရာမှ အစိုးရသစ်ကာလတွင် ဒေါတမကြီးကျေးရွာနှင့် ထေခိုကျေးရွာတို့ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ အစိုးရသစ်လက်ထက်ကာလအတွင်း ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်းဝင်ငွေ ၅၉၅ ဒသမ ၇ သန်းနှင့် ပြည်ပဝင်ငွေ ၅၇၁၇၁ ဒေါ်လာ ရရှိခဲ့သည်။

**ညီအစ်မမြို့တော်**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရန် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့ကို ညီအစ်မမြို့တော်အဖြစ် တည်ထောင်ရန် ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် သဘောတူအတည်ပြုပေးခဲ့ပြီးဖြစ်သည်။ ထိုသို့ တည်ထောင်နိုင်ခြင်းဖြင့် လွိုင်ကော်မြို့နှင့် မယ်ဟောင်ဆောင်မြို့တို့

အထူးကဏ္ဍ (၉) မှ »»




ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံတည်ဆောက်မှုကို ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။

နိုင်ငံတော်အစိုးရ၏
ကြေးမုံ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီးရှိ ထီးပရူနူလိုဏ်ဂူသို့ သွားရောက်ကြည့်ရှုစဉ်။

**ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုပြုပါက အခွန်နှင့်ပတ်သက်သော အတားအဆီးများ ဖယ်ရှားရေး၊ တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့အတွက် ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ် အဝင်/အထွက်နေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဌာနများလည်း တာဝန်ချထားပြီးဖြစ်သည်။ မယ်စဲ့နယ်စပ် ကုန်သွယ်ရေး စခန်း တည်ဆောက်ရေး လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်**

**အထူးကဏ္ဍ (ဆ) မှ »»**

အကြား အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုပြုပါက အခွန်နှင့် ပတ်သက်သော အတားအဆီးများ ဖယ်ရှားရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးရေး၊ ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ် အဝင်/အထွက်နေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဌာနများလည်း တာဝန်ချထားပြီးဖြစ်သည်။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လေးထပ်ကွေ့မြေနေရာ**

၂၀၁၅ ခုနှစ်က ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျခဲ့သဖြင့် ဘေးသင့်အိမ်ထောင်စု ၁၃၅ စုအတွက် မော်ချီးဒေသ လေးထပ်ကွေ့မြေနေရာတွင် မြေနေရာဖော်ထုတ်ပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမှ တန်ဖိုးနည်းအိမ်ရာ အလုံး ၆၀၊ အုတ်ညှပ် တစ်ထပ်စာသင်ကျောင်းတစ်ဆောင်၊ အုတ်ညှပ်စာကြည့်တိုက် တစ်လုံး၊ ရေသွယ်ယူရေးလုပ်ငန်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများအတွက်အလှူငွေ ကျပ် ၂၃၄ ဒသမ ၅ သန်း လှူဒါန်းခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်သဖြင့် တန်ဖိုးနည်းအိမ်ရာ အလုံး ၆၀ ကို ကျန်းမာရေး၊ ပညာရေးဝန်ထမ်းအိမ်ရာ ငါးလုံးချန်လှပ်၍ ကျန် ၅၅ လုံးကို မဲစနစ်ဖြင့် ပြောင်းရွှေ့နေထိုင်စေခဲ့ပြီး အနာဂတ်အလင်းတန်းကျေးရွာကို ၂၀၁၆ ခုနှစ် ဇွန် ၆ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် မော်ချီးဒေသ လွယ်ပွာခိုကျေးရွာနှင့် တစ်ဆက်တည်းမြေနေရာတွင် ဘေးသင့်ပြည်သူများနှင့် အန္တရာယ်ဇုန်အတွင်းကျရောက်နေသော ပြည်သူများအတွက် မြေကွက် ၁၅၂ ကွက် ဖော်ထုတ်၍ ၂၀၁၆ ခုနှစ် ဇွန် ၃၀ရက်တွင် ဘေးသင့်ပြည်သူ ၁၅၂ ဦး နေရာချထားပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးခဲ့သော ကယားပြည်နယ်အစိုးရသစ်သည် တစ်နှစ်တာကာလအတွင်းတွင် ပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာ တိုးတက်မှုများကို တွေ့မြင်ရသလို ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ရန် ကျန်ရှိနေမှုများကိုလည်း တွေ့မြင်ရသည်။

**အမိအရဆုပ်ကိုင်**

ပြည်နယ်အတွင်း ဟန်ချက်ညီညီ တိုးတက်မှုကို ထိန်းညှိနိုင်ရန်၊ လက်ဝယ်ရရှိပြီး တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရန်နှင့် ကျန်ရှိသောလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ခွင့်ပြုရန်ပုံငွေများ အပေါ်တွင် ပြည်နယ်အစိုးရက ပြည်သူ၏ သဘောထားရယူပြီး ပွင့်လင်းမြင်သာဆောင်ရွက်သွားမည်ဖြစ်ကာ တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများကလည်း ပြည်နယ်အစိုးရနှင့်အတူလက်တွဲပြီး ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။

သမိုင်းတွင်စေမည့် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ရယူကြမှသာ ပြည်နယ်ငြိမ်းချမ်းရေး ထာဝရတည်တံ့ပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ပင်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



လွိုင်ကော်မြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်းများဖျက်ဆီးနေသည်ကို တွေ့ရစဉ်။

## ဂန္ဓဝင်ရွှေပုဂံ Travel & Tours

" သင်္ကြန်ခရီးစဉ်များ "

| | | |
|---|---|---|
| ဗန်ကောက် | (၅/၆)ရက် | USD 600 |
| ဗန်ကောက်+ ဖူးခက် | (၅/၆)ရက် | USD 850 |
| ဗန်ကောက်+ ကန်ချနာပူရီ | (၅/၆)ရက် | USD 650 |
| ဗန်ကောက်+ ကမ္ဘောဒီးယား | (၅/၆)ရက် | USD 680 |
| စင်ကာပူ | (၃/၄)ရက် | USD 780 |
| စင်ကာပူ+ မလေးရှား | (၇/၈)ရက် | USD 1200 |
| ဘာလီ | (၄/၅)ရက် | USD 1000 |
| စင်ကာပူ+ ဘာလီ | (၇/၈)ရက် | USD 1400 |
| သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်) | (၆/၇)ရက် | USD 1300 |
| ဗုဒ္ဓဂယာ (Normal Package) | (၁၄/၁၅)ရက် | ၁၂ သိန်း |
| ဗုဒ္ဓဂယာ (Hotel Package) | (၇/၈)ရက် | USD 980 |

အထက်ပါ ခရီးစဉ်များအတွက် အရောင်းတာဝန်ခံ ၀၁ – ၅၁၀ ၄၉၁၊ ၅၁၉ ၂၉၃

| | | |
|---|---|---|
| ဂျပန် | (၇/၈)ရက် | USD 2750 |
| ဂျပန်(ဟော့ကိုင်းဒိုးအပါအဝင်) | (၉/၁၀)ရက် | USD 3500 |
| ဥရောပ (၃)နိုင်ငံ | (၁၀/၁၁)ရက် | USD 3100 |
| ဥရောပ (၆)နိုင်ငံ | (၁၄/၁၅)ရက် | USD 3900 |
| အင်္ဂလန်+ စကော့တလန်+ ဝေးလ်ပြည်နယ် | (၁၀/၁၁)ရက် | USD 4000 |
| ချက်၊ ဟန်ဂေရီ၊ ဩစတြီးယား၊ ပိုလန် | (၁၂/၁၃)ရက် | USD 3300 |
| အမေရိကန် (East+West) | (၁၂/၁၃)ရက် | USD 4000 |
| အမေရိကန် (East+West+Hawaii) | (၁၅/၁၆)ရက် | USD 5000 |
| ဩစတြေးလျ (ဆစ်ဒနီ+မဲလ်ဘုန်း+ဘရစ်စဘိန်း+ဂိုးလ်ကို့စ်) | (၁၀/၁၁)ရက် | USD 3500 |

အထက်ပါ ခရီးစဉ်များအတွက် အရောင်းတာဝန်ခံ ၀၁ – ၅၁၉ ၂၉၂၊ ၀၉ – ၇၆၂ ၇၃၆ ၂၄၈

| | | |
|---|---|---|
| ဗီယက်နမ် + ကမ္ဘောဒီးယား | (၅/၆)ရက် | USD 900 |
| ဗီယက်နမ် + ကမ္ဘောဒီးယား | (၇/၈)ရက် | USD 1350 |
| ထိုင်ဝမ် | (၅/၆)ရက် | USD 1200 |
| ဟောင်ကောင်+ မကာအို | (၄/၅)ရက် | USD 1300 |
| ဟောင်ကောင်+ ကွမ်ကျိုး+ မကာအို | (၇/၈)ရက် | USD 1650 |
| ပီကင်း+ ရှန်ဟိုင်း+ ကူမင်း | (၇/၈)ရက် | USD 1700 |
| ပီကင်း+ ရှန်ဟိုင်း+ ဟောင်ကောင် | (၇/၈)ရက် | USD 1700 |
| ကိုရီးယား | (၇/၈)ရက် | USD 1800 |
| ဒူဘိုင်း+ အဘူဒါဘီ | (၇/၈)ရက် | USD 1900 |

အထက်ပါ ခရီးစဉ်များအတွက် အရောင်းတာဝန်ခံ ၀၁– ၅၁၉ ၃၆၀၊ ၅၀၀ ၁၉၁၊ ၀၉–၇၆၂ ၇၃၆ ၂၄၇

(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay. (Ygn Office): No.67, Baho Road, Sanchaung Township, Yangon Hot Line : 09 - 790 90 1486



## TRIWAVE Travels & Tours

09-4545 80003
09-4545 80004

March 24 တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (160000 Ks)
April 13 တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (180000 Ks)
April 13 ပုဂံ- ပုပ္ပါး - ပခုက္ကူ (170000 Ks)

All Trips (5D-4N + Scania Coach + Hotel + Restaurant)



## Piti Thukha San Travel & Tours



### သန့်စင်ခန်းအားချိပ်ပိတ်တင်ဒါစနစ်ဖြင့် ကန်ထရိုက်ချထားပေးမည်

သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်၊ ကမာကြည်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ဘုရားဝင်းအတွင်းရှိ သန့်စင်ခန်းအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ကန်ထရိုက်လုပ်ကိုင်လိုသူများ ၂၇-၃-၂၀၁၇ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဂေါပကရုံးသို့ တင်ဒါတင်သွားကြပါရန် အသိပေးအပ်ပါသည်။

**ဂေါပကအဖွဲ့.ဖုန်း-၀၉-၃၂၀၅၄၃၉၃၊ ၀၉-၄၂၀၀၀၂၂၆၀**






## iPhone7 နှင့် အခြားဆုကြီးများ ကံထူးဖို့ အခုပဲ TG လက်မှတ်များဝယ်ကြစို့

Columbus TRAVELS & TOURS

ကံစမ်းမဲကာလ- ယခုမှစ၍ ၂၀၁၇ ဇွန်လ ၃၀ ရက်အထိ ♦ ကံစမ်းမဲများကို ၄၅ ရက်တစ်ကြိမ်ဖောက်ပေးမည်။

01- 229245, 378535, 02 60956



**မာတလိမင်း** Mar 24,31, Apr 7,13

ယားဝယ်၊ ထီးခီး၊ ကန်ချနာပူရီ၊ အာယုဒ္ဓယမြို့တောင်း (သီးသန့်ခရီးစဉ်)

Ph - 09 777459075, 09 782868099



**DADDY** (ဒယ်ဒီ)

သင်္ကြန်ခရီးစဉ်များ Ph: 09448001903, 09250827383

မြဝတီ-မဲဆောက်-ဖားအံ
၃ည/၄ရက် 180000 April-12,17

April-13
၄ည/၅ရက် 230000



**ကိုကျော်နိုင် CAR RENTAL**

မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။

☎ 09 25 358 2510


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါ Power Transformer များကို (နိုင်ငံခြားငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) **လှိုင်သာယာဓာတ်အားခွဲရုံအတွက်**
230/33/11kV,(155) MVA Three Phase Power Transformer (2)Nos

(ခ) **ဘဲလင်း/အောင်ပင်လယ် ဓာတ်အားခွဲရုံအတွက်**
230/132/11kV,(100)MVA Three Phase Power Transformer (1)No

(ဂ) **အောင်ချမ်းသာနှင့် ငှက်ပျောဒိုင်း ဓာတ်အားခွဲရုံအတွက်**
132/33/11kV,(50)MVA Three Phase Power Transformer (4)Nos

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | -၂၃-၃-၂၀၁၇ရက် |
| တင်ဒါပိတ်မည့်ရက် | -၂၅-၄-၂၀၁၇ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၄း၀၀နာရီ |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**


Special Discount
Up to 70,000,000 Kyats

Lucky Draw 1st Prize
Diamond Pendant

SHWE TAUNG Real Estate နှင့် AYA Bank တို့

ပူးပေါင်း၍ အသင့်နေထိုင်နိုင်မည့် အခန်းများအား

**ပထမဦးဆုံး (၁၅)နှစ် အရစ်ကျစနစ် ဖြင့်**

ဝယ်ယူနိုင်မည့် အိမ်ရာအရောင်းပြပွဲ

10 AM - 8 PM
22, 23, 24 March
Junction Square (Aqua Hall)



www.shwetaunggroup.com | facebook.com/SHWETAUNGREALESTATE | sales@shwetaungrealestate.com | 01-2300077, 2314567

HR Certification Institute | CIPD Championing better work and working lives | HCI Human Capital Institute | SHRM Society for Human Resource Management | atd Association for Talent Development

ကမ္ဘာ့အကောင်းဆုံး လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင်အဖွဲ့ကြီးများ၏ သင်ရိုးညွှန်းတမ်းများနှင့်အညီရေးဆွဲထားသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသင်တန်း

## HR Business Partner Training Course

သင်ကြားပို့ချမည့်သူ => ပါမောက္ခဦးအေးကျော် HR Consultant, Senior HR Professional (SHRM, USA), Associate (CIPD, UK)

**တက်ရောက်သင့်သူများ**

၁။ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ တက်ရောက်ရန် မအားလပ်သူများ
၂။ Human Resource Management Module သင်ယူပြီးသော MBA, MPA, BBM, BBA ကျောင်းသား/သူများ
၃။ ABE, ICM, HND, IQN အဖွဲ့အစည်းများမှ Human Resource Management Diploma ရရှိထားသူများ
၄။ HR လုပ်သက်နည်းသော ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ရ HR Manager များနှင့် HR Administrator များ
၅။ HR Manager ရာထူးသို့ ဝင်ရောက်ရန်ကြိုးစားနေသော HR Executive, HR Officer နှင့် HR Assistant များ
၆။ မည်သည့် Management သင်တန်းကိုမှ မတက်ရသေးသော Supervisor များ/ Manager များ/ GM များ
၇။ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုကို တာဝန်ယူနေရသော ဌာနဆိုင်ရာများနှင့် NGO/INGO များမှ တာဝန်ခံအရာရှိများ

သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။

သင်ကြားမည့်ခေါင်းစဉ်များ =>
1. Mining Data for HR Insight
2. Strong Business Acumen
3. HR Project with Strategic Direction
4. HR Communication Skills
5. Leadership Skills for HRBP
6. Analytical & Problem Solving Skills
7. Organizational Change and Development Skills

သင်တန်းချိန်နှင့် နေ့ရက် => ၁.၄.၂၀၁၇ (စနေနေ့)နှင့် ၂.၄.၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ မှ ညနေ ၅း၃၀ နာရီ
သင်တန်းအပ်ရန်နောက်ဆုံးရက်မှာ (၃၀.၃.၂၀၁၇ ကြာသပတေးနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။

Mlmi LEADER IN SOFT SKILLS

ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျက်ရှိပါသည်။
**Myanmar Leadership & Management Institute**, Building(4), Room (10), MICT Park, Hlaing Campus, Yangon.
Tel : 01-2305188, 09 5045551, 09 2600 34160 E-mail : enquiry@myanmarlmi.com
Facebook : www.facebook.com/myanmarleadershipandmanagement



**IGCSE** Maths & Accounting
* 09 50 97680 *

| | | | |
|---|---|---|---|
| Julia | A* | Win Win Htet | A |
| Si Thu Ko | A* B | Pan Su Pyae | A |
| Ei Myat Noe | A* B | Nan Lao | A B |
| Ei Ko San | A* A* | Su Myat Noe | B B |
| Pyae Phyo Min | A* B | Theingi Moe | B B |
| Eain Myat Noe | A A | Htet Myat Bo | A B B |
| Amaya | A A | Yin May Htay | A B B |



မြေကွက်များဝယ်လိုပါသည်
ဒဂုံမြို့သစ်အရှေ့ပိုင်း
မြေကွက်များ
ဝယ်လိုပါသည်။
Ph:09-43179747



**ရောင်းမည်/ငှားမည်**
1. Star City (သန်လျင်)
2. ဆင်မင်းအိမ်ရာ(အလုံ)
Ph: 095189586, 09796817127



အိမ်အမြန်ရောင်းမည်။ (ဈေးညှိနှိုင်းပေးမည်)
ဖုန်း- 09795627570-71
မြောက်ဒဂုံ(၃၄)ရပ်ကွက်၊ RC ၂ထပ်၊ MB ၄ခန်း၊ Aircon ပါ၊
ရေပူရေအေး၊ ပါကေးခင်း၊ ပြင်ဆင်ပြီး၊ မြေအပိုပါ။



St. George's University

နိုင်ငံတကာ အသိအမှတ်ပြု ဆေးပညာဘွဲ့ ပညာရေး ဆွေးနွေးပွဲ

# IF YOUR DREAM
IS TO BE A DOCTOR OR A SURGEON
IT COULD BE CLOSER THAN YOU THINK
Join over 15,000 St. George's graduates who have practiced medicine in more than 50 countries



CLINICAL PLACEMENTS IN UK OR USA
INFORMATION SESSION

- WEDNESDAY 5 APRIL
- 6:00 PM - 8:00 PM
- NOVOTEL YANGON MAX

APR 5

SCHOLARSHIP AVAILABLE

To Register: VICTORIA UNIVERSITY COLLEGE (MYANMAR)
(+95) 1 383132, 383133, 549515

St. George's University THINK BEYOND
Grenada, West Indies



Tah Lee Gold

ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ..........

စိန်ရွှေရတနာဆိုင်





ဆိုင်ဖွင့်ချိန် (9:00 မှ 6:30 အထိ)

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆



ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်နိုင်ရန် သင်တန်းသူ အမြန်အလိုရှိသည်။
(A) ဂျပန်နိုင်ငံ၊ Ibaraki မြို့ရှိ ဝက်အူချောင်း ထုတ်လုပ်သည့် စက်ရုံ
Nippon Ham Co.,Ltd. တွင် မြန်မာသင်တန်းသူ(၁၅)ဦးအမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ (၇၄၇ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၂) ပျမ်းမျှဝင်ငွေ တစ်လ (၁၂၆,၃၆၈ ယန်း) ရရှိမည်ဖြစ်ပါသည်။
အသေးစိတ်သိလိုပါက ကုမ္ပဏီသို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**Shine Hill Co.,Ltd.**(License No.59/2015)
အမှတ်(၂၅၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၂၄၁၂၄၈၊ ၀၉-၇၃၀၅၂၉၉၃၊ ၀၉-၇၃၀၅၂၀၀၅၊ ၀၉-၇၇၇၃၇၀၉၀၅
Email:shinehill07@gmail.com



**မုဒိတာ**
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
ဒဂုံရှေ့ပိုင်း၊ တောင်ပိုင်း၊
မြောက်ပိုင်း၊ ဆိပ်ကမ်း၊
မြို့နယ်များရှိမြေကွက်များ
ဝယ်လိုပါသည်။
09 73019671
09 445764441


### အများသိစေရန်ကြေညာခြင်း

မြေရှင် ဒေါ်မြင့်မြင့်အေး + ၁ နှင့် ကန်ထရိုက်တာ ဒေါ်တင်မိုးဝင်း (၁၂/လမန(နိုင်)၀၀၀၁၅၉)တို့ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း။ အမှတ်-ခ/၆၆ မြေနေရာတွင် (၁၈-၂-၂၀၁၄)ရက်စွဲပါ (၂)ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ်ရန် စာချုပ် ချုပ်ဆိုထားရာ (၃)နှစ်ကျော် ကြာမြင့်သွားသော်လည်း ကန်ထရိုက်တာဘက်မှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အပြင် ဆောက်လုပ်ပါက ကန်ထရိုက်အတွက် အကျိုးရှိတော့မည်မဟုတ်သဖြင့် နှစ်ဦးနှစ်ဖက် ချုပ်ဆိုထားသည့် ကန်ထရိုက်ကတိစာချုပ်ကို ဆက်လက်ဆောင်ရွက်ရန်ဆန္ဒ မရှိတော့ကြောင်း၊ မြေရှင်ဖြစ်သူက နှစ်သက်သလို စီမံဆောင်ရွက်နိုင်ကြောင်း၊ ဖွင့်ဟပြောဆိုလာသဖြင့် အဆိုပါကန်ထရိုက်စာချုပ်ကို နှစ်ဦးသဘောတူဖျက်သိမ်းပြီးကြောင်း ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ -

ဦးညွှန့်ရှိန် (တရားလွှတ်တော်ရှေ့နေ) စဉ်(၂၈၀၄)
အမှတ် (၅၀)၊ အခန်း (E-10)၊ ဘိုဆိုင်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

